www.burmeseclassic.com

# မိုးစက်ပွင့်

## အချည်မှားတဲ့ကြိုး

အချစ်လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၅၊ ဩဂုတ်။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျီးတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျီးတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး - ၁၄၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မိုးစက်ပွင့် ၈၉၅.၈၃
အချည်မှားတဲ့ကြိုး / မိုးစက်ပွင့်။ - ရန်ကုန်
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၉၄ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။
(၁) အချည်မှားတဲ့ကြိုး


BURMESE CLASSIC

# မိုးစက်ပွင့်

# အချည်မှားတဲ့ကြိုး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ပန်းတိမ်မနိုင်ပန်းခက်တွေကို ပန်းအိုးထဲသို့ ထိုးစိုက်နေပုံမှာ အရွက်တွေကို အတွင်းဘက်ကထားပြီး ညွှတ်ကိုင်း ကိုင်းပန်းခက်ကလေးတွေကို အပြင်ဘက်ကထားပြီးထိုးလိုက်တော့ အတော်ကိုလှသွားသည်။ ပြီးတော့ အရွက်ကလေးတွေထောင်ပြီး ပန်းပွင့်သွယ်လေးတွေကိုင်းနေတော့ . . .

ပန်းပေါ်မှာဆင့်၍

အားလုံးစုစည်းခြင်းဖြင့် အင်အားတို့သည် ပန်းပွင့်ပုံစံလေးဖြစ်သွားဓေါ်။ ကိုယ့်ဘာသာလုပ် ကိုယ့်ဘာသာပဲ ကြည်နူးခြင်းတို့နှင့် ဘုရားခန်းဝင်ဖို့ ဘုရားပန်းအိုးကိုမယူလိုက်စဉ်

ရွှေပဒေသာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



“လေညှင်းရေ … လေညှင်း”

“ဟင်”

“လေညှင်း”

အသံမြကြီးနှင့်ခေါ်သံကြောင့် လေညှင်း ဘုရားပန်းအိုးကို စားပွဲပေါ်သို့ ပြန်ချထားလိုက်၏။ ဒါ အများက ‘ဖ’ လို့ခေါ်ကြတဲ့ သူ့ရွှေရဲ့အသံပါ။ သူ့မနာအမည်အပြည့်အစုံကတော့ ပန်းလေညှင်းစံ။ မိဘတွေ လက်ထက်ကတည်းက သူ့အမေနဲ့ ကိုယ့်အမေက ခြံချင်းကပ် အချစ်ဆုံး သူငယ်ချင်းတွေဆိုတော့ …

ဖနဲ့ လေညှင်းကလည်း ခြံချင်းကပ် အချစ်ဆုံးသူငယ်ချင်းတွေ ပဲပေါ့။

“လေညှင်း”

“ဟဲ့ … ငါဒီမှာ။ ဘယ်လိုဖြစ်လို့ အသံမြကြီးနဲ့ အော်လာတာ လဲ”

“အဟဲ”

“ဘာ အဟဲလဲ”

“ရယ်တာလေ”

“ဟော … သူပြုံးလာပြီ ဘာညာ ဘဦးမလဲမသိဘူးတဲ့”

“မညာပါဘူးဟာ ပိုက်ဆံချေးရုံပဲ”





“စောစောစီးစီးဟယ်”

“ပိုက်ဆံချေးတာကို ငါက ရက်ရာဇာ ပြဿဒါးရွေးရဦးမှာ လား”

“အချိန်အခါတော့ ကြည့်သင့်တာပေါ့”

“လုပ်မနေနဲ့ ချေးမှာလား။ မချေးဘူးလား ဒါပဲပြော”

လေညှင်းက ဘုရားပန်းအိုးကို ‘မ’ ယူပြီး အပေါ်ထပ်သို့တက် သွားလေလျှင် ဘာမှအဖြေမပေးသေးတဲ့အတွက် ဖက ကပ်လိုက်သွား၏။

“လေညှင်း”

“… … ”

“လေညှင်း”

နားနားသို့ကပ်အော်လေသဖြင့် လေညှင်းက ပြန်လှည့်ကြည့် တာ နားတစ်ဖက်ကို အားတဲ့လက်နဲ့ပိတ်ရင်း

“နားကိုအူသွားတာပဲ။ ဖ နင်ဘယ်လိုဖြစ်နေတာလဲ”

“နင်တစ်ခုခုပြောလေ”

“မပေးဘူး”

“တကယ်လား”

“နင့်ကို ပိုက်ဆံချေးလို့ ဘယ်တုန်းကပြန်ဆပ်ဖူးလဲ”

“ဒီတစ်ခါ ပြန်ဆပ်ပါ့မယ်ဟာ၊ တကယ် … တကယ် ဘုရားရှူး



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးပွတ်''

''ဟွန်း ...ကျိန်တာကိုက ပြန်မပေးချင်လို့ လွဲချော်နေတာ''

''နင်က ငါ့ကိုတကယ်ဖြစ်စေချင်လို့လား''

လေညှင်း ဘာမှပြန်မပြောဘဲ မျက်စောင်းထိုးကာ လှေကားကို ဆက်တက်သွားတော့ ဇာကလည်း ထက်ကြပ်မကွာ။ ဒီကောင် မပေးမချင်း လေညှင်းကိုကပ်ပြီး ဂျီကျတော့မှာလေ။ ပြောမနာဆိုမနာနှင့် 'လေညှင်းကို' ဆို သူနိုင်၏။ လေညှင်းကလည်း ဇာကိုဆို ဦးစားပေးလွန်းတာလေ။

ငယ်ငယ်ကတည်းက နိုင်လာခဲ့တာ ခုထိပါပဲ။ ကစားတဲ့အရွယ် တုန်းကဆို လေညှင်းဆီက အရုပ်ဟွှကို ဇာကတောင်းလို့မရရင် ဖျက်ဆီး ပစ်ခဲ့တာ။ ပြီးတော့ စိတ်ကောက်ကြပြီဆို ဇာကပဲ မခေါ်ရရင်မနေနိုင်ဘူး ဆိုကာ လေညှင်းကို သူပဲစခေါ်ဟာဖြစ်၏။

''လေညှင်း''

''နင် ဘယ်လိုဖြစ်နေတာလဲ။ ဒီမှာ ငါဘုရားခန်းဝင်မလို့နော် နင် ဒေဝဒတ်လာမလုပ်နဲ့''

''ဘုရားခန်းဝင်တာဝင်လေ။ ငါ့ကို ဒေဝဒတ်မလုပ်စေချင်ရင် နင်တစ်ခုခုပြောပါလား''

သက်ပြင်းကိုသာချလိုက်ကာ..

''နင် ဘယ်လောက်လိုတာလဲ''





''တစ်သောင်း''

''တစ်သောင်းတောင်''

''အေး''

''များလှချေလား ဇရယ်။ ငါ့မှာအဲဒီလောက်ရှိမလားဟဲ့။ ငါက ဝင်ငွေရှိတဲ့လူမှမဟုတ်တာ။ မိဘလုပ်စာ လက်ဝါးဖြန့်တောင်းရတာချင်း အတူတူကို''

''နင့်မှာ ဘယ်လောက်ရှိလဲ''

စဉ်းစားဟန်လေးပြုပြီး လေညှင်းလက်လေးချောင်းထောင်ကာ

''လေးထောင်''

''ဟုတ်ရဲ့လား''

''အံမယ် ...သူကပဲ မယုံသက်ာနဲ့''

''ငါ့ကိုမယုံလို့ မဈေးချင်တာလားလို့။ ကဲပါ..ရှိတာပဲပေး''

''နေဦး ...စောင့်နိုင်ရင်စောင့်''

ပြောပြီး လေညှင်းက ဘုရားခန်းထဲသို့ဝင်သွားလေသည်။ ကပ် လိုက်သွားပြီး နားပူနားစာလုပ်တဲ့အခါ ဖဲလွှန်ရာကျဦးမယ်။ ဒါကြောင့် ဇ ခေါင်းကုတ်ရှိသာ ကျန်ခဲ့ရသည်လေ။ မကျန်ခဲ့လို့ရမလား။ သူပဲငွေနဲ နေခဲ့တာကိုး။

လိုချင်တဲ့လူကစောင့်ရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကလွန်မှန်းသိပေမယ့် ပိုက်ဆံချေးဖို့ကလည်း လေညှင်း တစ်ယောက်ပဲ ပြန်မပေးဘဲထားလို့ရတာမဟုတ်လား။ လေညှင်းက မိန်းကလေးဆိုတော့ တစ်လစာမုန့်ဖိုးကို ချွေတာပြီး လောင်အောင်သုံး သည်။ ဇက ယောကျ်ားလေးဆိုတော့ ရည်းစားနဲ့ချိန်းတွေ့တာတို့ ရုပ်ရှင် ကြည့်တာတို့ရှိတော့ တစ်လမုန့်ဖိုးက မလောက်ငနိုင်ပဲရှိနေတာလေ။

"ဟင် ... ဇ"

"ဗျာ"

နောက်ကနေ ပခုံးကိုပုတ်လိုက်တာကြောင့် လှည့်ကြည့်လိုက် တော့ လေညှင်းရဲ့မေမေ ဒေါ်ရှုးရှုးစံ။

"မင်း ဒီမှာဘာလုပ်နေတာလဲ"

"ဩော် ... ဟို လေညှင်းကိုစောင့်နေတာ အန်တီစံရဲ့"

"ဘယ်သွားကြမလို့လဲ"

"မသွားပါဘူး"

အန်တီစံနှင့် စကားပြောနေတုန်း လေညှင်းကပြန်ထွက်လာ သည်။

"ကဲ ... ကိုရွှေဇ ... လာလိုက်ခဲ့"

"ခွေးခေါ်ရာ လူမလိုက်ဘူး"

"ဘာ"





"ကြည့် ... တွေ့တာနဲ့ ဒီနှစ်ယောက်ရန်ဖြစ်ပြီ"

မျက်စောင်းထိုး ခြေဆောင့်ပြီး လေညှင်းထွက်သွားတော့ သူ့ရဖ္ ဆိုတဲ့ကောင် မလိုက်တာလည်းမဟုတ်။ လေညှင်း ပိုက်ဆံအိတ်ကိုယူပြီး နှင့်လိုက်တော့ လေးထောင်ပဲရှိတာ ဟုတ်ရဲ့လားလို့ မယုံသင်္ကာမျက်လုံး နှင့် ကြည့်လိုက်သေးသည်။

လေညှင်းက ...

ခြောက်ထောင်ရှိတာကို လေးထောင်ပေးလေလျှင်

"အစကတည်းကထင်သားပဲ"

"နင့်ကို ငါမညာပါဘူးဇရယ်။ ငါ့မှာ ဒီခြောက်ထောင်ပဲရှိတာ။ နင့်ကို အကုန်ပေးလိုက်ရင် ငါကဘာသွားသုံးမလဲ"

"အဲဒါကြောင့် နှစ်ထောင်ချန်တယ်ပေါ့"

"အင်း"

"ရသလောက်နဲ့ ကျေနပ်ရမှာပေါ့"

ပြောပြီး ဇကပိုက်ဆံလေးထောင်ကို ဘောင်းဘီအိတ်ထဲသို့ ထိုး ထည့်လေသည်။

"ဇ"

"ဘာလဲဟ"

"နင်ဘယ်သွားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရည်စားနဲ့ ရုပ်ရှင်သွားကြည့်မှာ"

"ဟင်. . . အဲဒီလိုမှန်းသိရင် မချေးပါဘူး"

မကျေနပ်သံလေးထွက်လာတော့ ဖေကမျက်မှောင်ကုတ်ကြည့်ကာ

"နင်က မနာလိုတာလား"

"ဝေးသေး"

ဘာမှထပ်မပြောတော့ဘဲ ဖေကထွက်သွားလေလျှင်

"ဖေ"

လေညှင်းလှမ်းခေါ်တော့ ဖေက ပြန်လှည့်ကြည့်သည်။

"ဒီတစ်ခါ ငါ့ပိုက်ဆံပြန်ဆပ်နော်"

"စိတ်ချ . . . ဆုံးပြီလို့မှတ်လိုက်"

"ကြည့်စမ်း . . . ကောင်စုတ်"

✧✧✧



## အခန်း (၂)

"ဘာ. . . မင်း ဘာပြောလိုက်တယ် ရှူပါ"

"ရှူပါ မေးတာရှင်းရှင်းလေးပါ။ မောင်ရှူပါ့ကို အဆက်ဖြတ်မလား၊ ပန်းလေညှင်းစံဆိုတဲ့ မိန်းကလေးကို အဆက်ဖြတ်မလားလို့ မေးတာ"

"ကျွတ်"

စိတ်ပျက်စွာ ခေါင်းခါလိုက်မိ၏။ အဲဒါပဲ ဖေ ရည်းစားများခဲ့ရတဲ့ အကြောင်းရင်းလေ။ ရည်းစားတစ်ယောက်ထားလိုက်တိုင်း လေညှင်းကြောင့်ပဲ ပြဿနာတက်ပြီး လမ်းခွဲခဲ့ရတာတွေ။ လေညှင်းက ဖေ့ရဲ့အချစ်ဆုံးသူငယ်ချင်းပဲဥစ္စာ။ ဒါကိုပဲ ခလုတ်တိုက်ပြီး ပြဿနာရှာတဲ့မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တိုင်း ဂျောင်းခဲ့တာလေ။

အခု လာပြန်ပြီတစ်ယောက်။

စွဲစွဲလမ်းလမ်းချစ်မိလို့ လေညှင်းနဲ့ အထင်လွဲခံရမှာကို ကြောက်တာမျိုးမဟုတ်ဘဲ၊ လေညှင်းကိုပဲ မနာလို သဝန်တိုနေကြတာကို မ ချင်တာ။ သူရဇ္ဇဆိုတာ အချစ်ကိုပန်းသီတဲ့ကြိုးလို့ သတ်မှတ်ထားသူ ပန်းလှလှမြင်ရင် ရင်ထဲကပါပါ မပါပါ ကောက်သီလိုက်တာပဲလေ။

ဘယ်သူ့ဘဝမှာ ချစ်သူဆိုတာ ဘယ်လောက်ပဲအရေးကြီးကြီး နံပါတ်ဘယ်လောက်ပဲချိတ်ချိတ်။ ဇာတဝမှာတော့ မိန်းမဆိုရင် မေမေ ပထမ၊ လေညှင်းက ဒုတိယ။ စိတ်ခံစားမှုချင်းက ရည်စားဆို သူ့ဘဝ က ဘယ်အစိတ်အပိုင်းမှာမှ အရေးမကြီးတာသေချာသည်။

''မင်း အဓိပ္ပာယ်မရှိတာတွေကို မပြောစမ်းနဲ့ ရှုပါ''

''ရှုပါက အဓိပ္ပာယ်မရှိတာတွေကိုပြောနေတာ မဟုတ်ဘူး မောင်။ မောင်က အဓိပ္ပာယ်မရှိတာတွေလုပ်နေတာ။ မနေ့က ရှုပါ ရှုပါ့ သူငယ်ချင်းတွေရှေ့မှာ ဘယ်လောက်အရှက်ကွဲခဲ့ရလဲသိလား''

''အရှက်ကွဲရအောင် ကိုယ်ကဘာလုပ်ခဲ့လို့လဲ''

''မနေ့က ရုပ်ရှင်ကြည့်ဖို့ လက်မှတ်ဖြတ်ပြီးမှ မောင်ပြန်သွားတာ လေ။ ပန်းလေညှင်းစံက ဖိနပ်ပြတ်သွားလို့ ဖိနပ်ဝယ်ပြီး သူရှိတဲ့နေရာ ကိုလာပို့ပါလို့ ဖုန်းဆက်လိုက်တာနဲ့ မောင်ပျာပျာသလဲ ပြန်သွားတာ





ရှုပါက မောင့်ချစ်သူဖြစ်ပြီး သူ့ဖိနပ်တစ်ရံလောက်တောင် တန်ဖိုးမရှိတော့ဘူးလား မောင်။ ရှုပါ အဲဒီအတွက် သူငယ်ချင်းတွေရှေ့မှာ ဘယ်လောက်မျက်နှာငယ်ခဲ့ရလဲ''

''မင်းတို့မိန်းမတွေက နေရာတကာလိုက်ပြီး ကတ်သတ်တိုင်းထွာနေတာကိုး''

''မောင့်ချစ်သူတစ်ယောက်အနေနဲ့ ရှုပါ့မှာ သဝန်တိုခွင့်ရှိတယ်လေ''

''အဲဒီတော့ ငါဘာလုပ်ပေးရမလဲ''

''ဒီနေ့ကစပြီး မောင်သူနဲ့လုံးဝမပတ်သက်ပါနဲ့''

''ဘာ''

ဇရဲ့မျက်နှာကတင်းခနဲဖြစ်သွား၏။ ချစ်သူရည်းစားဆိုတာ ကိုယ့်မှာပြည့်စုံမှုရှိနေသရွေ့ အဝတ်လိုထည်လဲဝတ်လို့ တွဲလို့ရသည်။ သူငယ်ချင်းကောင်းဆိုတာ ရွှေနဲ့တောင်ဆက်ပြီး ဝယ်လို့မရသည့်အရာ။

ထို့ကြောင့် . . .

လေညှင်းကို ပုတ်ခတ်ထိပါးလာရင် စော်ကားတဲ့လက်ကိုဖြတ်ချထားခဲ့ဖို့ ဇကဝန်လေးသူမှမဟုတ်တာ။ ဇာတဝမှာချစ်သူဆိုတာ လေညှင်းထက် ပိုအရေးမပေးနိုင်သော မိန်းမတွေလေ။

''ဒီမှာ''



www.burmeseclassic.com

www.burmeseclassic.com



ရှုပါက လှည့်ကြည့်လေလျှင်. . .

"လေညှင်းနဲ့ငါက ခြံချင်းကပ်နေလာကြတဲ့ ငယ်သူငယ်ချင်းတွေ။ အဲဒီတော့ ခုမှလုံးဝမပတ်သက်ကြဖို့ဆိုတာ မဖြစ်နိုင်ဘူး"

"ဟင်"

"ငါကိုယ်တိုင်ကလည်း သူ့ကိုမခေါ်ရရင် ငါ့ဘဝမပြည့်စုံသလို ခံစားရတယ်"

"ဒါဆို ရှင်ကရှုပ့်ါကိုဖြတ်မယ်ပေါ့ဟုတ်လား"

"မင်းကို ငါစိတ်ကုန်သွားပြီ"

"ဟင်. . . ရှင်"

"ဟုတ်တယ်. . . လေညှင်းနဲ့ပတ်သက်ပြီး ငါဖြတ်ချခဲ့တဲ့ လက်တွေများပြီ။ မင်းနည်းနည်းပါးပါး မစုံစမ်းခဲ့ဘူးထင်တယ်"

မျက်ရည်ဝဲလာခြင်းနှင့်အတူ ရှုပ့်ါနှုတ်ခမ်းလေးမဲ့ခနဲဖြစ်သွား မစုံစမ်းလည်း အလိုလိုသိခဲ့တာတွေရှိသည်လေ။ ဒါပေမယ့် ကိုယ်က ကိုယ့်မေဂျာမှာကွင်းဆိုပြီး ကိုယ့်ကိုယ်ကိုယ်အထင်ကြီးခဲ့တာ။ သူ့အစွဲကို ချွတ်လို့ရမယ်လို့ထင်ခဲ့တာ။ ပန်းလေညှင်းစံဆိုတာ ကိုယ့်လောက်မလှတဲ့ သာမန်ရုပ်ရည်ပိုင်ရှင်မို့ . . .

ဖနှလုံးသားကို ကိုယ်က စိုးမိုးချုပ်ကိုင်နိုင်မယ်လို့ထင်ခဲ့သမျှ. . . ခုတော့ သဲထဲရေသွန်။ လေညှင်းက ဘာစွမ်းအားတွေများရှိလို့ သူ





လောက်တွယ်တာနေတာလဲ မသိနိုင်။

"ကျွန်မ မှားသွားပြီဖ"

"အချိန်မီပြင်လို့ရပါတယ်"

"ဟုတ်တယ်။ ကျွန်မကိုယ့်ကိုယ်ကိုယ်အထင်ကြီးမိတာကိုက မှားတာ"

"ဟန်ကိုယ့်ဖို့ မာန်သူဖို့ဆိုတဲ့စကားကိုမှ မင်းကမလိုက်နာတာ"

သူ့ကိုနေ့ဘာတစ်ခုနဲ့ ရှုပါက မသိကျိုးနှံပြုပြီး ဟန်ဆောင်ဆက်ချစ်နေရမှာလား။ ဝေးပါသေးတယ်။ ရှုပါကလည်း ကိုယ့်အဆင့်အတန်း ကိုယ့်ဂုဒ်ဒြပ်နှင့်ကိုယ်မို့ . . .

"ဒါဆို ရှင်နဲ့ကျွန်မလမ်းခွဲကြတာပေါ့"

"မင်းအရင်သွားမလား။ ငါအရင်သွားရမလား"

"ကျွန်မက ကျန်ခဲ့သူဘယ်တော့မှအဖြစ်မခံဘူး။ အဲဒါကို ရှင်နားလည်ထားလိုက် သူရဇ္ဇ"

"ဒါဆို မင်းသွားလေ။ ငါကျန်ခဲ့မှာပေါ့။ အင်းယား၊ ကန်တော်ကြီးတော့ ရေပြည့်ဦးတော့မှာပဲ . . . ဟား . . . ဟား . . . ဟား"

"တောက်"

တက်ခေါက်လှည့်ထွက်သွားတဲ့ကျောပြင်ကိုကြည့်ပြီး ဖက ရှယ်လျက်ကျန်ရစ်ခဲ့သည်။ သူရဇ္ဇဆိုတဲ့ကောင် အလုပ်တစ်ခုတော့ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ နောက်တစ်ယောက်ထပ်ရှာဖို့လေ။

အင်း ... ကြာတော့လည်း ...

နောက်တစ်ယောက်ထပ်ရှာပြီး ရည်းစားထားရဖို့ကိုပင် ငြီးငွေ့လာသလိုလို။ ရည်းစားတစ်ယောက်ကိုဖြတ်လိုက်ပြန်ပြီဆိုတာကို သူငယ်ချင်းတွေသိတော့ ...

"ဇရာ"

"ပြောပြန်ရင် အေးမင်းလွန်ရာကျဦးမယ်"

"အောင်မင်းလွန်ရာကျမယ်လေ"

ချမ်းဝင်းကျော်က မှားနေတယ်ဟု ဝင်ထောက်ပေးလေရာ အေးမင်းဦးက ...

"ငါ့နှာမည်က အေးမင်းလေ။ အဲဒီတော့ အေးမင်းလွန်ရာကျမှာပေါ့"

"ဇ"

"ပြော"

"မင်းဟာက ဟုတ်တော့မဟုတ်တော့ဘူးနော်"

"ဘာကိုလဲ"

"အခု မင်းထားခဲ့တဲ့ရည်းစား ဘယ်နှယောက်ရှိပြီလဲ"

"ငါကရည်းစားစာရင်းကို ရီဂျက်စတာလုပ်ထားရမှာလား"





"တို့က မင်းနှာမည်ပျက်မှာစိုးလို့ကွ"

"ဟော့ကောင်.. အပိုတွေ ပြောမနေနဲ့။ ယောကျ်ားလေးပဲကွ၊ နှာတယ်ဆိုတဲ့ကောင်တောင် မျောက်လောက်တော့ ဆော့တာပဲ"

"မင်းက မျောက်ထက်ပိုဆော့ ဘာကောင်လဲ"

"ဝက်မြီး"

ဖြေလိုက်တာက ဇမဟုတ်ဘဲ အေးမင်းပါ။ ဒါကြောင့် ချမ်းဝင်းက မျက်စောင်းလုံးသလိုကြည့်လိုက်ပြီး

"မြင်းပြေး ခွေးကန့်လန့်မလုပ်နဲ့"

"ဂိန္နီ"

ချမ်းဝင်းက ဂရုမစိုက်သလို မေးချင်တာကိုပဲ ဆက်မေးဖို့ အာရုံစိုက်နေ၏။

"မင်းကို ငါမေးမယ်၊ မင်းမှန်မှန်ဖြေမလား ဇ"

"ငါ့ကို ဘာဖုံးကွယ်ထားတယ်ထင်လို့လဲ"

"မသိဘူးလေ။ မင်းကမေးလိုက်ရင် မဟုဝ်ဘူး။ ပြီးတော့ လေညှင်းနဲ့ပတ်သက်လာရင် ရည်းစားတွေဖြတ်ခဲ့တာ ဘယ်နှယောက်ရှိပြီလဲ"

"အဲဒါနဲ့ပဲ လေညှင်းကို ငါချစ်နေတယ်ထင်ပြန်ရော မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အော ... ဆယ်ခါပြန့်ထင်စရာဖြစ်နေတာ"

"မင်းတို့ကို ငါပြောပြပြီးသားလေ။ မေမေပြီးရင် ငါ့ဘဝမှာ အလေးထားရဆုံးမိန်းမက လေညှင်းပဲလို့"

"အဲဒါကိုက"

"ဟုတ်တယ်.. ငါလေညှင်းကိုချစ်တယ်။ အဲဒီအချစ်က အညှီအဟောက်မပါတဲ့ သန့်ရှင်းဖြူစင်သောအချစ်။ သူငယ်ချင်းလိုချစ်တာ"

"ဟာကွာ"

ဟုတ်မလိုလိုနှင့် အဖျားရှူးသွားတော့ စုတ်သပ်သူကသာသင်။ မဲ့သူကမဲ့ ဖြစ်သွားသည်။ ဇော အမှန်အကန်ကိုပြောတာလေ။ သူ လေညှင်းကို ချစ်သည်။ ဒါပေမယ့် ချစ်သူတစ်ယောက်လို ခံစားကြည့်လို့မရ။ သူငယ်ချင်းလိုချစ်ပြီး လေညှင်းနဲ့ပတ်သက်လာရင် သွေးဆူတတ်တာကတော့ ဘာမှန်းကိုယ့်ကိုယ်ကိုယ်လည်း မသိ။

"မင်း ရူးနေပြီလား ဇ"

"ငါက ရူးချင်တာ။ မရူးလို့ခက်နေတာပေါ့"

"လေညှင်းအပေါ်လား"

"ဟုတ်တယ်"

"လေညှင်းနဲ့ပတ်သက်လာရင်တော့ မင်းသွေးဆူတတ်တာက ဘာလဲ"





"ငါကိုယ်တိုင်မသိလို့ ခက်နေတာပေါ့"

အေးမင်းရော၊ ချမ်းဝင်းပါ မေးစေ့ကိုပွတ်စဉ်းစားကြရင်း ... အေးမင်းက

"လေညှင်း ရည်းစားရရင် မင်းဘာယ်လိုလုပ်မလဲ"

"အင်"

ဇ တွေခနဲဖြစ်သွား၏။ အေးမင်းမေးတာ အဓိကအချက်ဖြစ်နေပြီ။ သူသာ ရည်းစားတစ်ယောက်ပြီးတစ်ယောက်ထားတာ၊ လေညှင်းအတွက်ကိုတော့မစဉ်းစားမိခဲ့။ လေညှင်းကို သူ့အပေါ်ထားတဲ့ သံယောဇဉ်ကြောင့် ရည်းစားမထားဘူးလို့ပဲ သတ်မှတ်ထားတာ။ ထားခဲ့ရင် သူ ဘာလုပ်ရမလဲ။

ကိုယ်ကလွဲပြီး အခြားကောင်ကို ကိုယ့်ထက်ဂရုစိုက်ဦးစားပေးမှာမျိုးတော့ မခံချင်။ သူဟာ ကိုယ်လည်းမစားချင် သူများကိုလည်း မပေးရက်နဲ့ ဘာကောင်ဖြစ်နေပြီလဲ။

"ဖြေလေ.. ဇ"

"ငါတောင်ထားသေးတာ သူလည်းကြိုက်တာတွေ့ရင် ထားပစေပေါ့ကွာ"

"အဲဒါ မင်းရင်ထဲကစကားလား"

"တတ်ခွဲခန်းဝင်ပြီးသာ စမ်းသပ်ကြည့်တော့"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်လို့ရရင် အကောင်းသားပေါ့"

သူငယ်ချင်းတွေရဲ့ မယုံသင်္ကာမျက်ဝန်းတွေကို လျစ်လျူရှုပြီး ဘာမှမဖြေရှင်းချင်တော့။ အချိန်တန်ရင် အဖြေမှန်က ထွက်လာမှာပဲလေ။

✧✧✧



## အခန်း (၃)

လေညှင်းတို့အုပ်စု ကန်တင်းမှာထိုင်ပြီး ရယ်ပွဲဖွဲ့နေကြသည်။ ဒီနေ့က ကျောင်းအတူလာပြီး ရောက်တာနှင့် သူလည်းသွားချင်ရာသွား ကိုယ်လည်း ကိုယ့်အဖွဲ့နှင့်ကိုယ်။

"လေးညှင်း"

"ဟင်"

ခေါ်သံကြောင့် အားလုံးမော့ကြည့်လိုက်စဉ် လေညှင်းကို အသေအလဲပိုးပန်းနေသော သန်းထွဋ်ဆိုတဲ့လူ။ သူက လေညှင်းကိုခေါ်ရင် လေးညှင်းဖြစ်ပြီး အချို့စကားတွေကို မပီသသောလူ။

"လေးညှင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . လေးညှင်းတဲ့။ ဘယ်သူ ကွမ်းယာစားတတ်သလဲ"

စတင်၍နောက်လိုက်သူက သူသူဟန်။ အိမိုးခိုင်က ဆက်ပြီး

"မစားပါဘူး။ ဒီမှာ လေးညှင်းလည်းမရှိဘူး။ ကွမ်းယာလည်း မရှိဘူး။ စားချင်ရင် ရှောက်သီးဆေးပြားပဲရှိတယ်။ ရော့ စားမလား"

အိမိုးခိုင်က ရှောက်သီးဆေးပြားထုပ်ကို ထောင်ပြလေတော့ ငနဲရှုံ့မဲ့ပြီး ပခုံးတွန့်ကာ

"ကျွန်တော်ပြောတာက . . . တူ . . . တူ့ကိုလေ"

လက်ညှိုးက လေညှင်းကိုထိုးပြပြီးပြောလေရာ၊ လေညှင်းက ကိုင်ထားတဲ့တူနှစ်ချောင်းကို ထောင်ပြပြီး

"ဩော်. . . တူလိုချင်လို့လား ရော့လေ"

"ဟင့်အင်း"

"ဘာလဲ သံတိုတာတို့ ထုတဲ့တူလား။ အဲဒါဆိုရင်တော့ ပန်းပဲကို သွားလိုက်လေ။ ကျွန်မတို့က မောင်တင့်တယ်နဲ့ အမျိုးမတော်ဘူးရှင့်"

"ဟာ. . . ချုပ်ကုန်ပြီဗျာ"

"ရှင် . . . ချုပ်ကုန်ပြီ ဟုတ်လား"

"ဟုတ်တယ်"

"အဲဒါများရှင် မုံရွာဆရာမိုးအမှတ်တံဆိပ် ရှောက်တစ်လုံး ဝမ်း မှန်ဆေးကိုသောက်ပေါ့။ လေကြောင့် ဗိုက်နာ၊ ဗိုက်အောင့်၊ အတွင်းလိပ်"



"ဟဲ့"

"အပြင်လိပ်နဲ့ သွေးကျခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်း၊ ညောင်း ညာကိုက်ခဲ အားလုံးကောင်းတယ်ရှင့်"

လေညှင်းပါးစပ်က ရောဂါတစ်ခုရွတ်ပြတိုင်း သန်းထွန်းခန္ဓာ ကိုယ် ပိန်ပိန်သေးသေးလေး တွန့်ခနဲ၊ တွန့်ခနဲ ဖြစ်သွားတာကိုကြည့်ပြီး ရယ်လို့မပြီးနိုင်။ သူသူဟန်က ထပ်'မ'ပေးသောအားဖြင့် . . .

"ရှင်က အတွင်းလိပ်လား အပြင်လိပ်လား"

"အတွင်းလိပ်"

"ဟယ်"

"ဟာ. . . မှားကုန်ပြီ။ ခင်ဗျားတို့ဘာတွေခြောက်ပြောနေတာ လဲဗျာ"

"ခြောက်မပြောပါဘူး။ ဒီရုပ်တွေက ကြောက်စရာမှမဟုတ်တာ"

"ဟာဗျာ . . . ခင်ဗျားတို့ . . . ကျွတ်။ တော်ပြီ သွားမယ်. . . သွားမယ်"

"ဟား . . . ဟား . . . ဟား . . . ဟား"

သန်းထွန်းခင်မှာ ထိုင်ခွင့်ပင်မရလိုက်ဘဲ ပြန်ပြေးလေတော့ သည်။ လေညှင်းက ချောတဲ့လှတဲ့ စာရင်းမဝင်ပေမယ့် ညိုစိမ့်စိမ့်လေးနှင့် ချစ်စရာကောင်းသူ။ အချိူ ဖျတ်ခနဲ လှပ်ခနဲကြည့်ရင် တော်တော်လှတယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်ရပြီး၊ ကြာကြာကြည့်ရင် မလှတော့သလိုထင်ရသည့်ရုပ်မျိုးတွေရှိသည် မဟုတ်လား။

လေညှင်းကတော့ အဲဒီလိုမျိုးမဟုတ်။

ဖြုန်းခနဲကြည့်ရင် သာမန်ရုပ်ရည်ပိုင်ရှင်သာ။ သေသေချာချာကြည့်မှ တစိမ့်စိမ့်ချစ်စရာကောင်းလာတာမျိုး။ အချို့ ရှူးစိုက်တတ်ကြသည့် ယောက်ျားလေးအချို့က ကွင်းဆိုတာတွေကိုကျော်ပြီး လေညှင်းကိုမှ စိတ်ဝင်စားသူတွေရှိသည်။

"လေညှင်း"

"နှင်တို့နော် ငါ့ကိုနာမည်မဖျက်နဲ့"

"ဟုတ်တယ်နော် မိမိုး။ လေညှင်းနာမည်ကိုဖျက်ရင် နှင်မုန်တိုင်းရန်ကို ရင်ဆိုင်နေရမယ်"

"ဟဲ့ . . . မုန်တိုင်းဆိုလို့ ဒီနေ့ အဲဒီမုန်တိုင်းကိုမတွေ့ရပါလား"

မုန်တိုင်းဆိုတာ ဇကိုခေါ်တာမို့.

"ရည်းစားတစ်ယောက်ပြတ်သွားပြန်ပြီလေ။ အဲဒါကြောင့် နောက်တစ်ယောက်ထပ်ပြီး ရှာပုံတော်ဖွင့်နေတာဖြစ်မှာပေါ့"

"ဟယ် . . ရှုပါနဲ့ပြတ်သွားပြီလား"

"အင်း"

"ဘာဖြစ်တာလဲ"





"ငါ့ကြောင့်ပဲပေါ့ဟာ"

လေသံရှည်ရှည်နှင့်ဖြေလိုက်တော့ သူသူဟန်နှင့် အိမိုးနိုင် ငြိမ်သက်သွားလေတော့၏။ ပါးစပ်ကငြိမ်ပေမယ့် မျက်လုံးကမငြိမ်။ လေညှင်းမျက်နှာကို အကဲခတ်သလိုကြည့်နေစဥ်မှာ

"ပါးစပ်ကတော့ အချစ်ဆုံးသူငယ်ချင်းတဲ့"

"ငါတော့မယုံပါဘူးဟာ"

"အေးလေ . . . ချစ်သူထက် သူငယ်ချင်းကို အရေးပေးအလေးထားတယ်ဆိုတာ လုံးဝအလုပ်မဟုတ်တာ"

"အဲဒါကြောင့်ပဲ ငါဖြတ်ခဲ့တာပေါ့"

"ကောင်းပါတယ် . . စောစောစီးစီးသိလိုက်ရတာ ကံကောင်းသို့မှတ်"

တစ်ဖက်မှအသံတွေကို လေညှင်းတို့နားစွင့်လိုက်၏။ ကိုယ့်ကိုမြင်ဘူးလား။ မြင်လို့တမင်ပြောတာလားဆိုတာ မသိနိုင်။

"ငါကလည်း ရှုပါပဲလေ။ သူ့လိုလူမျိုး နောက်ထပ်လက်ဖျစ်တစ်ချက်တီးလိုက်တာနဲ့ရတယ်"

လက်ဖျစ်တီးရုံနဲ့ရတာ ခွေးပဲဖြစ်မှာပေါ့လို့ စိတ်ထဲကနေပြောလိုက်မိ၏။

"အဟွန်း . . . ပါးစပ်ကသာ သူငယ်ချင်းလို့ပြောတာ။ ခြံချင်း



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေကြတာပဲဟယ်။ ကင်းတောင်ကင်းကြရဲ့လားမသိဘူး''

''ဟယ်''

''ဒါကြောင့်ပဲဖြစ်မှာပေါ့။ ဟိုတစ်ယောက်က အနားကပ်သမျှ လူကိုခါထုတ်နေတာ''

''အေးလေ . . . ယောကျ်ားတွေက သူတို့သာမွှေချင်သလောက် မွှေ ရှုပ်ချင်သလောက်ရှုပ်မှာ။ သူတို့နဲ့မကင်းတဲ့ မိန်းမကျတော့ အသန့်ရှင်း ဆုံးဖြစ်စေချင်ကြတာမဟုတ်လား''

''ဝုန်း''

''ဟဲ့''

သူသူဟန်က စားပွဲကိုလက်ဝါးနှင့်ရိုက်ပြီး ထရပ်လိုက်သည်။

လေညှင်းက ခပ်အေးအေးသမားမို့ ငြိမ်ခံနေပေမယ့် သူသူ ကတော့မနေနိုင်။ လေညှင်းအကြောင်းကို သူမတို့အသိဆုံးပဲလေ။ အကြောင်းကိုလည်း သိတာပါပဲ။ သူတို့နှစ်ယောက်က သူများအထင်မှာ လောက်အောင်ချစ်ကြပေမယ့် ချစ်သူတွေမှမဟုတ်ကြတာ။

ဒါကို . . .

မနာလိုဝန်တိုစိတ်နဲ့ လေညှင်းကို သက်သက်စော်ကားတာ ငြိမ်ခံနေရင် နောက်ဆိုဒီထက်ပိုပြီး စော်ကားကြမှာပေါ့။

''သူသူ . . ဘယ်ကိုလဲ''





''နှင့်ကိုစော်ကားတဲ့ ကောင်မတွေကို ကျောင်းမှန်း ကန်မှန်းသိ အောင်ပြမလို့''

''ဟယ် . . သူသူ''

ပြောပြောသွားသွား, သွားတဲ့ သူသူ့နောက်သို့ နှစ်ယောက်သား ဆလိုက်ခဲ့ကြသည်။

''မကင်းဘူးဆိုရင် မကင်းတဲ့အကြောင်း နှင်တို့သက်သေပြနိုင် သလား။ ထင်ကြေးနဲ့တော့ မပြောနဲ့။ အသရေဖျက်မှုနဲ့ တရားစွဲလို့ရတယ် နားလည်လား''

''ဟင်''

''ဟယ်''

တမင်မြင်လို့ပြောတာပေမယ့် ဒီလိုရောက်လာလိမ့်မယ်လို့ ထင် ထားတာကြောင့် ရှုပ်သူငယ်ချင်းတွေ ဟင်ခနဲ ဟာခနဲဖြစ်ကုန်၏။ ရှုပ် ဘ

''နှင်ဘာတွေလာပြောနေတာလဲ''

ဖြောင်ညာတော့ ဒေါသကတစ်ရစ်ပိုတက်သွားသည်။

''နှင်တို့ သူများကို ပြောချင်တိုင်းပြောနေကြတာလေ။ မိန်း ဘလေးချင်း ကိုယ်ချင်းစာကြမှပေါ့ဟဲ့''

''တို့က ဘယ်သူ ဘယ်ဝါရယ်လို့ ပြောနေလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"နာမည်မပါပေမယ့် နင်တို့ ဘယ်သူ့ကိုရည်ညွှန်းပြီး ပြောတယ်ဆိုတာ ကလေးတောင်သိတယ်"

"အဲဒီတော့ နင်ကဘာဖြစ်ချင်လဲ"

"ရှုပ်"

"သူသူ"

နှစ်ဖက်သူငယ်ချင်းတွေ ကိုယ့်လူကိုယ်ဝင်တားကြလေ၏။ သူသူက လက်ညှိုးငေါက်ငေါက်ထိုးပြီး

"နင် ဖန်တီးဖြစ်ခဲ့တဲ့ကိစ္စ မကျေနပ်ရင် ဖက်ကိုပဲပြော။ လေညှင်းကို ဘာမှဆွဲထည့်ပြီး မပုပ်ချစရာမလိုဘူး"

"ဘာလဲ မလုံတဲ့အိုးက တုတ်ထိုးပေါက်နေလို့လား"

"ဘာမှမလုံစရာအကြောင်းမရှိဘူး။ နင့်ကိုမိန်းကလေးချင်း ကိုယ်ချင်းစာတတ်ဖို့ ပြောနေတာ"

"မလိုပါဘူး။ ထင်စရာဖြစ်အောင်နေလို့ထင်ကြတာ။ ငါတို့တင် မဟုတ်ဘူးလေ"

"ဒီမှာ"

လေညှင်းမပါလို့မဖြစ်တော့ပြီမို့ ဝင်လိုက်တော့ ရှုပ့်အကြည့်က လေညှင်းဆီသို့ရောက်လာသည်။ ဘေးလူက မခံနိုင်လို့ပြောနေပြီး လေညှင်းက နှုတ်ဆိတ်နေရင် ဟုတ်လို့လို့ထင်ဦးမည်။





"ငါနဲ့ဖက အခုချိန်ထိ ကင်းကင်းရှင်းရှင်း ရိုးရိုးသားသားပဲ"

"အခုချိန်ထိဆိုတော့ နောင်အချိန်မပါဘူးပေါ့"

"နင်စကားကို ကပ်မပြောနဲ့ရှုပ်"

"ဒါဆို ဘယ်လိုအကြောင်းမြှချက်နိုင်လုံစွာနဲ့ ငြင်းမလဲ။ ငြင်းလေ"

"ဘာမှငြင်းစရာမလိုဘူး"

"ဟင်"

"ဖ"

အဖွဲ့သုံးဖွဲ့ဆုံမိကြတော့ လူကများသွားပြီး သူများ သတိထားမိရာဖြစ်သွား၏။

"ဟော့ . . ငါ့ဆိုင်ထဲမှာတော့ ရန်မဖြစ်ကြနဲ့နော်။ ဖြစ်ချင်အခြား သွားဖြစ်ကြ"

ဆိုင်ရှင်က လှမ်းအော်လေသည်။ အားလုံးငြိမ်သက်သွားကြပြီး . . .

"မယုံတဲ့သူကို ဖြေရှင်းပြနေဖို့မလိုဘူး လေညှင်း။ ငါ အဲဒီလောက်အထိ အချစ်ကိုအလေးအနက်မထားဘူးဆိုတာ နင်သိတယ်"

"ဖ"

"ရှုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"မင်းကိုငါတစ်ခု သတိပေးလိုက်မယ်။ နောက်တစ်ခါ လေညှင်းကိုစော်ကားကလူပြုရင် ငါ့လက်က ယောကျ်ား မိန်းမ မရွေးဘူးဆိုတာ မှတ်ထားလိုက်"

ပြောပြီးတာနှင့် ဇာက လေညှင်းလက်ကိုဆွဲခေါ်သွားလေသည်။

"တောက်"

ရှုပါ အသည်းနာခြင်းနှင့် တက်ခေါက်ကျန်ခဲ့၏။ ကိုယ်ကသူ့ကို တကယ်ချစ်ခဲ့ပြီး သူကကိုယ့်ကို ဥပေက္ခာပြုတော့ အသည်းကိုဓားနှင့်ထိုး တာထက်နာသည်။ ကိုယ့်ကိုချူချင်သူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားက သူ့ကိုမှရွေးပြီးချစ်ခဲ့မိတာ။ ရှုပါ ကံဆိုးလိုက်လေခြင်းလို့ မဖြေနိုင်။

"ဇာ"

" ....."

"ဇာ"

"ဘာလဲ"

လူရှင်းတဲ့နေရာရောက်မှ လေညှင်းက သူမလက်ကိုရုန်းနေ ခေါ်လိုက်တာဖြစ်သည်။

"နင် ငါ့လက်ကိုလွှတ်"

"အမယ်...နင်က ဘာကိုကြီးကျယ်နေတာလဲ"





"မသိဘူး ... လွှတ်"

"တောက်"

"နင်ငါ့ကို တက်မခေါက်ပါနဲ့"

"ခေါက်တော့ဘာဖြစ်လဲ။ ဟိုကပါလာတဲ့ဒေါသ နင့်ဆီကူးစက် သွားမယ်နော် ဘာမှတ်လဲ"

"ငါ နင့်ကြောင့် သူများပြောခံရတာ ကောင်စုတ်ရဲ့သိလား။ သိလား ... ဟီး"

"ဟာ"

ပါးစပ်ကလည်းပြော။ လက်ကလည်း ဇာကိုထုပြီး လေညှင်း ငိုလေတော့သည်။ သူ့ကြောင့် ဒီလိုတွေဖြစ်ခဲ့တာပေါ့။

"လေညှင်း"

"ဘာလဲ"

"မငိုစမ်းပါနဲ့ဟာ ... သူများမြင်ရင် နင်နဲ့ငါ့ကို ဘာလိုလိုထင် ကြဦးမယ်"

"ထင်...ထင် ငိုမှာပဲ"

"ဘာလဲ ... နင်က အထင်ခံချင်လို့လား"

"ဘာ"

မျက်ရည်တွေကြားမှ ဆတ်ခနဲမော့ကြည့်ပြီး နှုတ်ခမ်းကတင်း



www.burmeseclassic.com

www.burmeseclassic.com



တင်းစေ့သွားသည်။ လေညှင်းက ဒီလိုပဲ သူ့နဲ့ သို့လောသို့လော အထင်ခံရ ပြီး သူများပြောတာ ဆိုတာခံသွားရတော့မှာလား။ သူကရော လေညှင်း အတွက် ထည့်စဉ်းစားမပေးတော့ဘူးလား။

တကယ်တော့ ...

လေညှင်းက သူ့ကိုတိတ်တဆိတ်မျှော်လင့်ရင်း စိတ်ကူးနှင့်ရ သွပ်နေခဲ့ရသူပါ။ သူကတော့ လေညှင်းမဟုတ်တဲ့ မိန်းကလေးတွေကိုသာ အချစ်တွေမျှဝေပေးပြီး လေညှင်းကျတော့ သူငယ်ချင်းဆိုတဲ့ ခေါင်းစဉ် အောက်မှာ အဖြည့်ခံသက်သက်။

"နင်တို့မိန်းကလေးတွေက ထစ်ခနဲဆို ငိုဖို့ပဲတတ်တယ်"

"အဲဒါ ငါ့ရဲ့လွတ်လပ်ခွင့်လေ။ ငိုမှာပဲ ...အီး ...ဟီး"

"ငိုဟာ ငို... အဲဒီမှာ ပဋ္ဌာမြေလူး လူးလိမ့်ပြီးသာ ငိုပေတော့"

ပြောပြီး ဖက လေညှင်းကိုထားခဲ့ပြီး ထွက်သွားလေတော့သည်။ လေညှင်း ရင်ဘတ်ထဲကိုတော့ နည်းနည်းမှ စောင်းငဲ့ကြည့်ဖော်မရတဲ့ ဖရယ် ...

နင့်ရင်ဘတ်ထဲမှာ ငါတကယ်မရှိခဲ့ဘူးလား။ ငါကတော့ နင့်ကို သူမတူအချစ်များနဲ့ ချစ်နေမိပြီဆိုတာ ...။

✧✧✧



## အခန်း (၄)

"သမီး"

"ရှင်"

မှန်ရှေ့မှာ သနပ်ခါးလိမ်းပြီး ခေါင်းဖြီးနေတဲ့ လေညှင်း၊ ခေါ်သံ နှင့်အတူ မှန်ထဲမှာ မေမေ့ပုံရိပ်ပေါ်လာသဖြင့် နောက်သို့လှည့်မကြည့် တော့ပေ။

"မေမေ သမီးကိုဘာပြောစရာရှိလို့လဲဟင်"

"အကူအညီတောင်းစရာရှိလို့ သမီးရဲ့"

"သမီး ဘာကူညီရမလဲပြောလေ"

"သမီးရဲ့ ကြီးကြီးဖုန်းဆက်တယ်။ သူကျန်းမာရေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



လို့ မေမေ့ကို တစ်ပတ် ဆယ်ရက်လောက်လာနေပေးပါတဲ့"

"ဟုတ်လား ... ကြီးကြီးက ဘာရောဂါဖြစ်တာလဲ မေမေ"

"အဲဒါတော့မပြောဘူး သမီးရဲ့။ မေမေ့ကိုလာရင် သိမှာပေါ့တဲ့"

"မေမေက သွားမှာလား"

"သွားရမှာပေါ့ သမီးရယ်။ သမီးရဲ့ဖေဖေပါလိုက်မှာလေ"

"ဩော်"

လေညှင်း ကြီးကြီးအတွက် စိတ်မကောင်းဖြစ်သွားရ၏။ ကြီးကြီး ကျန်းမာရေးမကောင်းရင် ဘွားဘွားလည်း ဒုက္ခများနေတော့မည်။ လေ ညှင်းလိုက်သွားပြီး ပြုစုချင်ပေမယ့် ကျောင်းကတစ်ဖက်။

"မေမေ အကူအညီတောင်းမှာက ဘာလဲမေမေ"

"မနက်ဖြန် မေမေ့သူငယ်ချင်းရဲ့ သမီးလေးမွေးနေ့က ဖိတ်ထား တယ်သမီးရဲ့။ အဲဒါ မေမေမသွားနိုင်လို့ သမီးပဲသွားပေးပါကွယ် နော်"

"ဖြစ်ပါ့မလား မေမေရဲ့၊ သူတို့နဲ့သမီးက သိလည်းမသိ မြင်ဖူး ကြတာလည်း မဟုတ်ဘဲနဲ့"

"သူတို့က သမီးကိုမြင်ဖူးပါတယ်"

"ရှင်"

"သူတို့က ရန်ကုန်ကိုပြောင်းလာကြတာ မကြာသေးဘူးလေ ပြောင်းလာခါစက မေမေတို့အိမ်ကို သူတို့လာသေးတယ်သမီးရဲ့။ သမီး





က ကျောင်းတက်နေလို့ မတွေ့ပေမယ့် သမီးရဲ့ဓာတ်ပုံတွေကို သူတို့တွေ့ သွားကြတာပဲဥစ္စာ။ ပြီးတော့ သမီးလာမယ်ဆိုတဲ့အကြောင်း မေမေ နှုတ်ဆက်ထားမှာပေါ့"

မေမေ့သူငယ်ချင်းရဲ့သမီးဆိုတော့ မေမေစိတ်ချမ်းသာအောင် လေညှင်းသွားပေးရတော့မှာပေါ့။ စိတ်မပါပေမယ့် မိဘခိုင်းတာဆိုတော့ ခေါင်းမခါချင်ပေ။ မေမေ့ခမျာလည်း ပြင်ဦးလွင်ကိုမလွှဲသာလို့သာ သွားရ မှာ သွားချင်ပုံသိပ်မရှိတာက သိသာနေ၏။

မေမေ့မွေးရပ်ဇာတိဆိုပေမယ့် ...

အိမ်ထောင်ကျပြီး ရန်ကုန်မှာနေရတာကြာပြီဆိုတော့ အလုပ် တွေနဲ့ လေညှင်းကိုစိတ်မချစွာ နောက်ဆံတင်းနေမှာပေါ့။

"မေမေတို့က ပြင်ဦးလွင်ကို ဘယ်တော့သွားမှာလဲ"

"ဒီညနေပဲသွားကြမှာ သမီးရဲ့"

"ဩော်"

"သမီး မနက်ဖြန်ကျတစ်ယောက်တည်းမသွားချင်ရင် ဖေကိုခေါ် သွားလေ"

"နေပါစေမေမေ။ သမီးတစ်ယောက်တည်းပဲ သွားလိုက်ပါ့မယ်"

"မေမေ ဖေကိုပြောထားပြီးပြီကွဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဒါမျိုးကျသွက်သည်။ ဖေကိုအရင်ပြောပြီးမှ လေညှင်းကို ပြောတာကိုး။ မေမေက ဘာလို့ဖေကို အားကိုးသည်တော့မသိ။ ဖေနဲ့သွားရမယ်ဆိုတော့ ပျော်သလိုလိုရှိပေမယ့် ငါမပြောလားဆိုတဲ့ မျက်လုံးတွေနဲ့တိုးမှာ ကြောက်မိ၏။

ဖေနဲ့ သူမကို ...

အတွဲလို့ထင်နေကြတဲ့လူတွေနဲ့ တွေ့မှာကိုကြောက်တာပါ။

အို ... ဘာဖြစ်လဲ။ အခုသွားရမှာက ကျောင်းမှမဟုတ်ဘဲ။ ကျောင်းမှာတောင် အဲဒီမျက်လုံးတွေကို ဂရုမစိုက်ဘဲ အတူမခွဲ တတွဲတွဲရှိနေခဲ့တာပဲလေ။

"ဖေကလိုက်မယ်ပြောလား မေမေ"

"မလိုက်ဘဲနေမလား သမီးရယ်။ သူကတောင် မေမေ့ကို ဆရာလုပ်ပြီးမှာနေသေးတယ်"

"ဘာတဲ့လဲ"

"အဟွန်း"

မပြောခင် မေမေကရယ်လိုက်သေး၏။ ပြီးမှ ...

"အန်တီ့သမီးကို ကျွန်တော်မပါဘဲ ဘယ်မှမသွားဖို့ သေသေချာချာမှာခဲ့ဦးတဲ့"

"အမယ်"





"ဖေက ဒီလိုကျတော့ သမီးအပေါ်ဂရုစိုက်ရှာပါတယ်ကွယ်"

ဂရုစိုက်တာတစ်ခုနဲ့ပဲ သမီးကကျေနပ်လိုက်ရတော့မှာလား မေမေရယ်။ သူက သမီးဆီကနေသာလိုချင်တာတွေယူပြီး သမီးအတွက်ကျတော့ သမီးလိုချင်တာကို သူပြန်မပေးနိုင်ခဲ့ပါဘူး။

"မနက်ဖြန် ဆက်ဆက်သွားလိုက်နော် သမီး"

"ဟုတ်ကဲ့ပါ မေမေ"

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

မှန်ရှေ့မှာ လေချွန်တမြမြနှင့် ဟိုဘက်စောင်းကြည့်လိုက် ဒီဘက်စောင်းကြည့်လိုက်ကြည့်နေစဉ် ဖုန်းက အသံမြည်လာသဖြင့် ဧကောက်ကိုင်လိုက်သည်။

"ဇ"

"ဘာလဲပြော"

"ဟဲ့ ... နင်အခုထိပြင်လို့ဆင်လို့ မပြီးသေးဘူးလား။ ငါက ပြီးနေပြီ"

"ပြီးနေရင် ကားပေါ်ကစောင့်နေ"

"နင်ကလေ တကတည်း ငါမပြောလိုက်ချင်ဘူး။ မိန်းကလေး





ဖြစ်တဲ့ ငါလှချင်ဖို့လည်းထားပါဦး။ မွေးနေ့ပွဲသွားမှာနော်။ နတ်ပွဲသွားပြီး နတ်ကမှာမဟုတ်ဘူး"

"အရစ်ရှည်မနေနဲ့ ကြက်ဖင်မ"

"ဟယ် .. ကြည့်စမ်း"

"ခုလောလောဆယ်ကြည့်လို့ နင်ဖင်ဘူးတောင်းထောင်နေသည်း ငါမမြင်ဘူး။ စကားမရှည်နဲ့ဟာ ဒါပဲ"

"တောက်"

ဇာက်က ဖုန်းချသွားသဖြင့် လေညှင်းစိတ်တိုစွာ တက်ခေါက်လိုက်မိသည်။ လေညှင်းကိုပြောသွားပုံက ရစရာမရှိ။ သူပြောသလိုပဲ ကားပေါ်ကစောင့်နေလိုက်တော့ သိပ်မကြာခင်မှာပဲ ဇရောက်လာသည်။

"ဘယ်လိုဖြစ်လို့ လောနေတာလဲ။ ရည်းစားနဲ့ချိန်းထားလို့လား"

"ဒီပွဲမှာရှာဖို့ စိတ်ကူးထားလို့"

"ဘာ"

ကားထဲကိုဝင်ထိုင်ရင်းကြည့်လိုက်တော့ လေညှင်းမျက်နှာက ရှုပ်ပုပ်ဖြစ်နေသည်။ ဒါ ... ဘာအထာလဲ။

"နင်က ရည်းစားထားချင်နေပြီပေါ့"

"ဟုတ်တယ်"

"မထားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်လေ"

"ဘာလွတ်လပ်ခွင့်လဲ။ မထားနဲ့ဆို မထားနဲ့"

"ထားမှာပဲ"

"လေညှင်း"

"ဘာလဲ"

"နင်ရည်းစားလည်းမထားနဲ့။ ယောကျ်ားလည်းမယူနဲ့ ငါခွင့်မပြုဘူး"

"နင်က ငါ့အဖေလား။ နင်တောင်ရည်းစားတွေ ထည်လဲတွဲသေးတာပဲ"

"ငါကယောကျ်ားလေးလေ"

"ပြီးတော့ နင်ကမိန်းမယူဦးမှာ"

"ဒါပေါ့"

"နင်တောင်ရည်းစားထားပြီး မိန်းမယူဦးမှာ ... ငါလည်း ချစ်သူရှာပြီး ယောကျ်ားယူမှာဘာဆန်းလဲ"

"လေညှင်း"

ဖကာ လေညှင်းဘက်သို့လှည့်ထိုင်ပြီး မျက်နှာကိုစေ့စေ့ကြည့်ကာ လေညှင်း ရင်မဆိုင်ရဲစွာ မျက်နှာလွှဲလိုက်သည်။ ရင်ခုန်သံတွေကို ရန်မစပါနဲ့ ဖရယ်လို့ တိုးတိတ်စွာ တောင်းပန်နေမိ၏။





ကိုယ်ကသာ တစ်ဖက်သတ်မျှော်လင့်လင့်နေရပေမယ့် သူ့ရင်ထဲမှာက ကိုယ်သည်သူငယ်ချင်းအဆင့်ထက်မပို။ ဒါကို ဘီလူးဆိုင်းတီးပြီး အချစ်ကိုအနုကြမ်းစီးရအောင်ကလည်း ကိုယ်ကမိန်းကလေးမို့ မဖြစ်နိုင်။

"နင် ... ငါ့ထက်ပိုပြီး ဘယ်ကောင့်ကိုမှ ပိုချစ်လို့မရဘူးနော် လေညှင်း"

"နင် အဲဒီလိုပြောရအောင် နင်နဲ့ငါက ဘာလဲဖ"

"အချစ်ဆုံးသူငယ်ချင်းလေ"

လေညှင်း နှုတ်ခမ်းလေးမဲ့မိသွားသလားမသိ။

"အေး ... သူငယ်ချင်းက သူငယ်ချင်းဆိုတဲ့ လေ့ကားထစ်မှာပဲ ရပ်ကျန်ခဲ့ရမှာလေ။ ချစ်သူတို့ရဲ့ပန်းတိုင်အထိဆက်လိုက်ပြီး နှောင့်ယှက်လို့မရဘူးဆိုတာ နင်သိတယ်"

"ရှည်ရှည်ဝေးဝေးပြောမနေစမ်းပါနဲ့ဟာ။ ကျန်တာ ငါဘာမှသိဘူး။ ငါသိတာ နင်ယောကျ်ားမယူရဘူး ဒါပဲ"

"ဒါဆို နင်ကရော"

"ငါကတော့ ယူမှာပေါ့"

"အဲဒီလိုဆို ငါကဘာလုပ်ရမှာလဲ"

"နင်ကလား ငါမိန်းမရလို့ မွေးလာမယ့်ကလေးတွေကို နင်ထိန်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာအောင့်သက်သက်ဖြစ်သွား၏။ ဖေက ရယ်သွမ်းသွေး၍ ခပ်ပေါ့ပေါ့ပြောပေမယ့် လေညှင်းက အရာရာတိုင်းမှာလေးနက်ချင်သူ။ သူ့မိန်းမရတဲ့အထိ လေညှင်းကလိုက်ပြီး ပါရမီဖြည့်ဖက်လုပ်ရအောင် လေညှင်းက ပုထုဇဉ်လူသားပဲလေ။

"နင် တော်တော်တရားတယ်နော် ဖေ"

အသံတုန်တုန်နှင့် ပြောလိုက်ချိန်မှာ ဖေကကားကိုမောင်းထွက်လိုက်ပြီဖြစ်ရာ လေညှင်းစကားကို ကြားလားမကြားလားမသိပေ။ တစ်လမ်းလုံး ဖခေါ်ရင်ထူး မေးရင်ပြောလိုက်တာမှအပ လေညှင်းအပိုစကားမပြောတော့။

မွေးနေ့ပွဲကိုရောက်တော့ . . .

ချောမောတဲ့ဖေကို မိန်းကလေးအတော်များများက သမင်လည်ပြန် ငေးကြည့်ကြပေမယ့် လေညှင်းကတော့ သူ့ရဲ့အထိန်းတော်လိုလို အစောင့်အရှောက်လိုလို။

"သမီးက စံစံ့သမီးလေး ပန်းလေညှင်းစံမဟုတ်လားဟင်"

"ဟုတ်ပါတယ် အန်တီ"

"လာကြ . . . လာကြ . . . သမီးရေ"

"ရှင် . . . မေမေ"

ဒေါ်နွဲ့သူဇာက လေညှင်းတို့ကိုလည်း နေရာပေး၊ သူ့သမီးကို





လည်း လှမ်းခေါ်လေသည်။ လေညှင်းတို့ဆီသို့ လှမ်းလာနေသော ဒေါ်နွဲ့သူဇာရဲ့သမီးက လှလိုက်တာမှ ထိရက်တို့ရက်စရာမရှိတဲ့ ရွှေရုပ်ကလေးအတိုင်းပါပဲ။

သူများတွေများ ဆုတောင်းကောင်းလိုက်ကြတာ။ လေညှင်းတို့ နှမ်းရည်နဲ့ဆို ဆီနဲ့ ရေလိုကွာနေမလားမသိ။

"သမီး"

"ရှင်"

"ဒါ မေမေ့သူငယ်ချင်းရဲ့သမီး ပန်းလေညှင်းစံတဲ့။ ဟိုတစ်ခါ သမီးဓာတ်ပုံတွေထဲမှာ ကြည့်ဖူးတယ်လေ"

"ဟုတ်ကဲ့ သမီးမှတ်မိပါတယ် မေမေ"

"လေညှင်း ဒါအန်တီ့သမီး အိမ့်မှူးဟန်လေ"

"မအိမ့်မှူးဟန်က အရမ်းလှတာပဲ"

"ရင်းရင်းနှီးနှီး အိမ့်မှူးလို့ပဲခေါ်ပါ လေညှင်းရဲ့"

"ဟုတ်ပါပြီ . . . အိမ့်မှူးသဘောပါပဲ"

"လေညှင်းက သူများကိုပဲပြောနေ လေညှင်းလည်း ညိုစိမ့်စိမ့်လေးနဲ့ ချစ်ဖို့ကောင်းတယ်သိလား"

လေညှင်းနဲ့ အိမ့်မှူးစကားပြောနေကြစဉ် ဖေက လေညှင်းကို မသိမသာလက်ကုတ်၏။ အိမ့်မှူးနဲ့ မိတ်ဆက်ပေးစေချင်လို့ပဲဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေါ့လေ အိမ့်မှူးက အရမ်းလှတာကိုး။

"အိမ့်မှူးက လေညှင်းကို မြှောက်နေပြန်ပြီ"

"တကယ်ပြောတာ လေညှင်းရဲ့ ညိုစိမ့်ဆိုတဲ့စကားပဲရှိတာ ဖြူစိမ့်ဆိုတာရှိလို့လား"

"ဟုတ်ပါပြီ ... ဒါနဲ့မိတ်ဆက်ပေးဦးမယ်"

ဇကာလှည့်ကြည့်လိုက်တာနှင့် အလိုက်သိစွာ ရှေ့တိုးလာပြီး မျက်နှာကချိုနေ၏။ အမြင်ကတ်ဖို့ကောင်းလိုက်တာ။

"ဇ သူကမွေးနေ့ရှင်လေ။ နာမည်က အိမ့်မှူးဟန်တဲ့"

"တွေ့ရတာဝမ်းသာပါတယ်"

"အိမ့်မှူးလည်း ဝမ်းသာပါတယ်ရှင်"

"အိမ့်မှူး"

"ဟင်"

"သူက လေညှင်းနဲ့ ခြံချင်းကပ် ငယ်သူငယ်ချင်းလေ။ သူရှေ့ တဲ့။ လေညှင်းတို့ကတော့ ဇလို့ပဲခေါ်ကြတယ်"

"မှတ်ထားမယ်လေ"

"ကဲ. သမီးတို့စကားပြောကြဦး။ အန်တီ ဟိုတာက်ကညှေ့သည် တွေဆီ သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"





ဒေါ်နွဲ့သူဇာ ထွက်သွားလေတော့ သူတို့သုံးယောက်စကားပြော၍ ကျန်ခဲ့သည်။ ဇကရှည်းစားကို အဝတ်လို ထည်စွပ်ထည်လဲတွဲလာသူ ဆိုတော့ စကားပြောက ခပ်ကောင်းကောင်းပါပဲ။ တဒင်္ဂဆိုတဲ့ အချိန်လေး မှာပဲ အိမ့်မှူးရဲ့ခင်မင်မှုကိုရအောင်ယူနိုင်တာပဲကြည့်လေ။

အိမ့်မှူးကလည်း သွက်လက်ပွင့်လင်းသူ ...။

ကြားထဲမှာ ငြိမ်သက်နေရသူက လေညှင်းပါပဲ။ လေညှင်းကို စိတ်ဝင်စားစွာ လှမ်းကြည့်နေသူတစ်ယောက်ရှိသည်ကို လေညှင်းကတော့ သိရှာပေ။

"ဇနဲ့လေညှင်းက မေဂျာရော အတူတူပဲလား"

"အင်း အတူတူပဲလေ"

"ကိုယ်က သူ့ထက်တော်တယ် အိမ့်မှူးရဲ့။ တမင် သူ့ကို အနိုင်မကျင့်ရမှာစိုးလို့ သူယူတဲ့မေဂျာကိုလိုက်ယူတာ"

သူတော်ကြောင်းကြွားနေသဖြင့် လေညှင်းမျက်စောင်းထိုးပစ် လိုက်သည်။

"အိမ့်မှူး"

"ဟင်"

"နောက်ဆို အိမ့်မှူးတို့အိမ်ကို ကိုယ်ခဏခဏ လာလည်မှာ နော်။ ရလား"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဖရဲ့"

"ကိုက်ချင်တဲ့ ခွေးသာမွေးထားပေတော့ အိမ့်မှူးရေ"

"ငါကလည်း ခပ်စွာစွာ ခွေးမလေးကိုခေါ်လာမှာပေါ့။ အဲဒီ[illegible]

ခွေးချင်းကိုက်တုန်း အေးဆေးတောင်ဝင်လို့ရသေး။ နင်သာ အကိုက်သ[illegible]

အောင် ကြိုးစားထား"

"ဖနော်"

သူမကို ခွေးနဲ့နှိုင်းပြောတော့ လေညှင်းမျက်နှာ ရှုပုပ်ရှုံ့မဲ့သွာ[illegible]

သည်။ ဒါကိုပဲဖက သဘောတကျ ရယ်နေသေး၏။ မိန်းကလေးချင်းတွေ[illegible]

မှာ လေညှင်းကို သူပြောစရာလား။ တကယ်ဆို ဖေးဖေးမမနဲ့ သူငယ်[illegible]

ချင်းတွေ အရမ်းခင်တဲ့ အရိပ်အယောင်ပြရမယ့်ကိစ္စကို။

"တို့ပြန်တော့မယ် အိမ့်မှူး"

"ဟင် ... နေပါဦး လေညှင်းရဲ့"

"အဲဒါ ကိုယ့်ကို ကန့်လန့်တိုက်တာ အိမ်မှူးရဲ့"

"ဘာမှကန့်လန့်မတိုက်ဘူး။ နင်ကျန်ခဲ့ပါလား"

"ဟာ ... လေညှင်း"

ပြောပြောဆိုဆို လေညှင်းက ထသွားလေသဖြင့် တောလိုက်

ပေမယ့်မရ။

"အိမ့်မှူး"





"ဟင်"

"ကိုယ်သွားတော့မယ်နော်...။ နောက်မှအလည်လာခဲ့မယ်

[illegible]တား"

"ကောင်းပါပြီရှင်"

ဖ ကသုတ်ကပျာနှင့်ပဲ ထွက်လာခဲ့တော့၏။ လေညှင်း ခွေး

[illegible]တ်မ။ သက်သက်ပွဲဖျက်မီးလုပ်တာ။

ဖ မကျေနပ်စွာနှင့် ကားတံခါးကိုဖွင့်ကာ လေညှင်းမျက်နှာရှုပုပ်

[illegible]ဉ်ကို ငုံ့ကြည့်ပြီး

"ဒေဒတ်မ"

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟယ်"

လေညှင်းရဲ့ခုံပေါ်မှာ ပန်းစည်းတင်ထားတာကိုတွေ့ရပြီး ဘယ်သူမှလည်း ယူသွားခြင်းမရှိကြပေ။ အချို့ကငဲ့ကြည့်ပြီး ပြုံးစိစိမျက်နှာတွေနှင့် ကိုယ့်နေရာကိုယ်သွားထိုင်ကြ၏။

"သူသူ ကံထပြီထင်တယ်"

"အိမ့်နိုင်အတွက် ဖြစ်ချင်ဖြစ်မှာပေါ့"

"စာတန်းပါတယ်ဟ"

"ယူကြည့်လိုက်လေ"

အိမ့်နိုင်က ဆတ်ဆတ်ဖျတ်ဖျတ်နှင့် ပန်းစည်းကိုကောက်





လိုက်တော့ စာတန်းလေးတွေကို စိတ်ဝင်စားစွာကြည့်လိုက်ကြတာအတူ။

*"လေညှင်းလေးရယ်. . . တိုးတိုးလေးပြောပေးပါ။ ကိုလွှမ်းမိုး သီချင်းထဲကလို မင်းချစ်သူ မင်းကိုမေ့ပြီလို့မဟုတ်ဘူးနော်။ လေညှင်း၊ ကိုယ်တိုင်ထွေးကိုချစ်တယ်လို့ ပြောပေးပါတဲ့. . ."*

"ဟယ်"

"လေညှင်းအတွက်ဟဲ့"

"ဘယ်သူပါလိမ့်"

သုံးယောက်သား အကြည့်ချင်းဆုံသွားကြသည်။ လေညှင်းကို ကြပန်းကြလူတွေရှိပေမယ့် ဒီလိုမျိုးတစ်ယောက်မှ မလုပ်ဖူးကြပေ။ င်လူတွေထဲက တစ်ယောက်ယောက်ဆိုရင်လည်း ပေါ်တင်လေညှင်း လာပေးမှာပေါ့။

"ပန်းလေးတွေကလှလိုက်တာ။ ရော့လေ. . . လေညှင်း"

"နင်လိုချင်ရင်ယူလေ"

အိမ့်နိုင် တွေခနဲဖြစ်သွားကာ

"ဟာ . . . ငါ့ကိုပေးတာမှမဟုတ်တာ ငါယူလို့ဖြစ်မလား။ နင့် တာ နင်ပဲယူပေါ့"

"လွှင့်မပစ်နဲ့နော် လေညှင်း၊ နှမြောစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမညိတ် ခေါင်းမခါနှင့် လေညှင်းတွေတွေကလေးရပ်လျက် ရှိနေသည်။ ကိုယ်က မရနိုင်တာကိုမှ မျှော်လင့်နေမိသူဆိုတော့ အစား ထိုးရန်လည်းမဖြစ်နိုင်။ မိန်းကလေးဆိုတာ ယောကျ်ားလေးတွေလို စိတ် ထွက်ပေါက်ရှာတဲ့အနေနဲ့ မချစ်ဘဲ ရည်းစားတစ်ယောက်ကောက်ထားလို့ မှ မဖြစ်ဘဲလေ။

မိန်းမနဲ့ ယောကျ်ား ...

နိယာမတရားကိုက ဆူးနဲ့ဖက်လို မိန်းကလေးတွေက ဖက်နေ ရာမှာ ရပ်တည်နေရတာ မဟုတ်လား။

"လေညှင်း"

"ဟင်"

"နင် ဘယ်လိုသဘောရလဲ"

"ဒီပန်းစည်းပေးတဲ့လူကိုလေ"

"ဘယ်သူမှန်းမှမသိဘဲ သူသူ့ရယ်။ ဘယ်လိုသဘောထားရ လဲ။ ပြီးတော့ ..."

"ဆက်ပြောလေ"

လေညှင်း သက်ပြင်းသာချလိုက်မိတော့၏။

"ငါဘယ်သူ့ကိုမှ စိတ်ဝင်စားလို့ရမှာ မဟုတ်ဘူး"

သူသူနဲ့ အိမိုး အကြည့်ချင်းဆုံသွားကြသည်။ သူတို့ လေညှင်း





ရင်ထဲက ခံစားချက်ကို ရိပ်ဖမ်းသံဖမ်းသိနေကြသည်ဆိုတော့ ...

"နင် ဇကို မျှော်လင့်နေတာလား လေညှင်း"

"မဟုတ်ပါဘူး"

"မဟုတ်ပါဘူးလို့ဖြေတဲ့လေသံကိုက ဟုတ်ပါတယ်လို့ ဝန်ခံနေ သလိုပဲလို့ ငါထင်တယ်"

သူသူပြောတာကို အိမိုးက ထောက်ခံသလိုနှင့်

"ဟုတ်တယ် လေညှင်း။ နင် ဇကိုမျှော်လင့်နေတယ်ဆိုတာ တို့သိတယ်။ တကယ်ဆို ဇက သူငယ်ချင်းလိုပဲ ခင်ဖို့ကောင်းတာပါဟာ။ နင့်ဘဝအတွက် ချစ်သူရွေးဖို့တော့ မသင့်တော်ဘူးလေ။ သူနဲ့ နင့်လိုဖြူ စင်ရိုးသားတဲ့ မိန်းကလေးနဲ့မတန်ဘူး"

"အချစ်က ငှက်တစ်ကောင်လို လှောင်ချိုင့်ထဲထည့်ထားလို့ မသင့်တော်ဘူး။ သူ့သဘာဝအတိုင်း ဒီအကိုင်းကနေ ဟိုအကိုင်းကူးကြည့် မှ အာဟာရပြည့်ပြီး ရှင်သန်ရကျိုးနပ်မှာပေါ့ လေညှင်းရဲ့"

လေညှင်း ထပ်ပြီးသက်ပြင်းချမိပြန်၏။ သူတို့က ဖြစ်စေချင်တာ တွေပြောပေမယ့် မဖြစ်နိုင်ခြင်းတွေကလည်း ကိုယ့်ရင်ထဲမှာ အမြစ်တွယ် တုပ်လျက်။ ငယ်သံယောဇဉ်ဆိုတာက ဖြတ်ဖို့အခက်သားလေ။ အဲဒီ သံယောဇဉ်ကိုခွာထုတ်ပြီး နောက်ကြိုးတစ်ချောင်းချည်ဖို့ဆိုတာ ...

"တို့က နင့်ကိုစေတနာနဲ့ပြောတာပါ လေညှင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းပြောရရင် နင့်ကို အဖြည့်ခံသက်သက်ဘဝမျိုးနဲ့ တို့ မမြင်ချင်ဘူး လေညှင်း"

"ငါနားလည်ပါတယ်ဟာ"

သူငယ်ချင်းတွေရဲ့စေတနာကို တကယ်နားလည်တာပါ။ ဒါပေမယ့် သူတို့ပြောသလို ငှက်ကလေးတွေ အပင်ကူးပြီး ဝမ်းစာရှာကြသလို လွယ်ကူစွာ အချစ်ကမကူးပြောင်းနိုင်ဘူးဆိုတာ အတုအယောင်မဟုတ်လို့ပဲပေါ့။

✧✧✧



## အခန်း (၇)

ကားပေါ်ကနေ လေညှင်းကိုစောင့်နေသော ဇ၊ လေညှင်းလက်ထဲမှ ပန်းစည်းကိုမြင်လေလျှင် မျက်မှောင်ကြုတ်သွားလေ၏။ ဒီကောင်မလေး ဘာတွေထွင်လာပြန်ပြီလဲ။ လေညှင်းအနားကိုရောက်လာတော့ သူက ကားပေါ်မှဆင်းပြီးဖြစ်ကာ ...

"လေညှင်း"

"ဟင်"

လေညှင်းက သူ့ကိုမော့ကြည့်၏။

"ဘာတွေထွင်လာတာလဲ"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ထဲကကိစ္စလေ"

လေညှင်းကမဖြေ။

"ဒီပန်းစည်းကို ဘယ်ကောင်ပေးလိုက်တာလဲ"

"ငါတောင်မသိလို့ ခက်နေတာ"

"ဘယ်လို"

"ဒါ ... ငါ့ခုံပေါ်ကတွေ့တာ"

"ပေးစမ်း"

"ဘာလုပ်မလို့လဲ"

"ဒီပန်းစည်းအပေါ် နင်ကသာယာနေတာလား"

"နင်မဆိုင်တာတွေ မပြောနဲ့ ဇ"

"ဒါဆိုပေး ... အဲဒီပန်းစည်း"

"မပေးဘူး"

"ပေးစမ်းဆို"

"မပေးဘူး ဇ"

ဆတ်ခနဲ ဆွဲယူသွားတဲ့ပန်းစည်းကို လေညှင်းပြန်လုဖို့ ကြိုးစားပေမယ့် ...

"ကဲဟာ ကဲဟာ"

"ဇ"





ပန်းစည်းကို ကားဘောနက်ပေါ်လွှဲရိုက်နေတာ ကားကကြောက် ပြီလို့ အော်မငိုသော်လည်း အပြစ်မဲ့တဲ့ပန်းလေးများမှာ ပြန့်ကြဲကုန်၏။ ပန်းစည်းပေးတာ လူဆိုးလား လူကောင်းလား လေညှင်းမသိချင်။

ဒါပေမယ့် ...

သူနဲ့ သူကြားဆိုပြီး အတန်းအစားမခွဲခြားဘဲ ပေါင်းကူးတံတား ထိုးပေးတဲ့ ပန်းကလေးတွေခမျာ သနားစရာ။ မိန်းမဆိုတာ သဘာဝက ဖန်ဆင်းပေးထားတာကိုက နူးညံ့သိမ်မွေ့ပြီး ပန်းကိုချစ်တတ်သူတွေ။

အခုကြည့်ပါဦး ...

အလှပျက်သွားပြီဖြစ်တဲ့ ပန်းကလေးတွေကို ငေးစိုက်ကြည့်ရင်း မျက်ရည်က ဝေ့တက်လာသည်။ ရက်စက်လိုက်တဲ့ ဇ။ သူကိုယ်တိုင်ကတော့ လေညှင်းကို ပန်းတစ်စည်းမပေးခဲ့ဖူးဘဲ သူများပေးတာကျတော့ ရက်စက်စွာ ဖျက်ဆီးပစ်တဲ့သူ။

"ဇ နင်"

"ဘာလဲပြော ဒီပန်းစည်းကိုဖျက်ဆီးပစ်လို့ သိပ်ဝမ်းနည်းသွားတာလား"

"ဟုတ်တယ်.. နင်တော်တော် အတ္တကြီးတာပဲ။ တကယ့်အတ္တသမား"

"အဲဒီတော့ နင်ကဘာဖြစ်ချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင့်ကို ငါအရမ်းမုန်းတယ်သိလား"

"ဘာ"

"နင် . . . တောက်"

"လေညှင်း"

တောက်ခေါက်ပြီး လေညှင်းလှည့်ထွက်သွားလေ၏။ ဒါ ... ကားနဲ့မလိုက်တော့ဘူးဆိုတဲ့သဘောပေါ့။ ဇကလည်း ပါးစပ်နဲ့ခေါ်လို့ ... လှည့်မကြည့်ရင် လိုက်သွားပြီးခေါ်ဖို့ စိတ်မကူးသူ။ တစ်ခါအလျှော့ ... ရင် ပေးမုန်းသိပြီး ရောင့်တက်မှာစိုးလို့လေ။

သွားပစေ . . .

ဒင်းဘယ်လောက် စိတ်ကောက်နိုင်မလဲလို့ ကြည့်နေလိုက် ... လေညှင်းလည်း မျက်ရည်သုတ်ကာ Taxi အလာကိုစောင့်နေလိုက်သည် ... သူ့ကားနဲ့မလိုက်ဘူး။ နောက်နေ့ကျ ကိုယ့်ကားနဲ့ပဲကိုယ် သွားလာ ... မယ်။

"လိုက်မလို့လား"

ကိုယ့်ဘာသာ အတွေးလွန်နေသဖြင့် ရှေ့မှာ Taxi ... ထိုးရပ်လာတာကို သတိမထားမိ။ မေးသံကြားမှပဲ မော့ကြည့်မိတော့ ...

"ဟင်"

"လိုက်မှာလား"





လေညှင်း ကြောင်သွား၏။ သေသေချာချာကြည့်လိုက်တော့ ကိုယ့်ရှေ့မှာ ရပ်ထားတဲ့ကားက Taxi မှမဟုတ်ဘဲ။ ဆပ်ဖ်ကား အနက် ... ရောင်က ပြောင်လက်နေသည်။ ကိုယ့်ကိုတမင်ကြောင်တာလား တွေးမိ ... ပြီးမှ စိတ်မှာပဟေဠိဖြစ်သွား၏။ သို့ပုံစံကတည်တည်ကြည်ကြည်နဲ့ အပြောင်အပျက်ရုပ်မှမပေါက်ဘဲလေ။

"ရှင့်ကားက"

"ဘာဖြစ်လို့လဲ"

" Taxi မှ မဟုတ်ဘဲ"

"ဟုတ်တယ်"

"ရှင်"

ဟုတ်တယ် မဟုတ်ဘူးကြားမှာ လေညှင်း ဘယ်လိုနားလည် ... မှန်းမသိ ခပ်ကြောင်ကြောင်ဖြစ်သွားစဉ် . . .

"ဟုတ်တယ်ဆိုတာက ဒီလိုပါ။ ကျွန်တော့်ကားက Taxi အစစ် ... တော့မဟုတ်ဘူး။ ဒါပေမယ့် ဒီကားနဲ့လူပို့ပြီးရတဲ့ ပိုက်ဆံနဲ့ ဘုရားလှူပြီး ... ကြွေးချေရမယ်လို့ ဗေဒင်ဆရာက ဟောထားလို့ပါ"

"ဩော်"

"ဘယ်လိုလဲ လိုက်မှာလား"

"ရှင်ပြောတာ တကယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မယုံကြည်ရင် မလိုက်နဲ့လေ။ မင်းမစီးရင် နောက်တစ်ယော
ရှာရမှာပေါ့"

သူ့လက်က စတီယာရင်ပေါ်သို့ ရောက်သွားလေလျှင်

"လိုက်မယ် . . . လိုက်မယ်"

ပျာပျာသလဲနှင့် လေညှင်း ကားတံခါးကိုဖွင့်ကာ ဝင်ထိုင်လို
၏။ မျက်မှန်တပ်ထားလို့ မျက်လုံးကို သေသေချာချာမမြင်ရပေမယ့်
သူက လူကောင်းတစ်ယောက်လို့ ယုံကြည်မိသည်။

ဘာကြောင့်လဲဆို . . .

လမ်းတစ်လျှောက်လုံး လေညှင်းကို ဘာစကားမှမဆို။ အ
သမားဆိုရင် ဖောရှောစကားတစ်ခုမဟုတ် တစ်ခုတော့ ပြောမှာပေ
လေညှင်း သူမအိမ်လိပ်စာကို ပြောပြတော့လည်း ခေါင်းညိတ်ပြရုံအပြ
အပိုစကားမပြောပါ။ ခြံရှေ့ရောက်လို့ လေညှင်းကားပေါ်ကဆင်းပြီးမှ

"ကားခ ဘယ်လောက်ပေးရမလဲ"

"မင်း သဘောသလောက်ပေးခဲ့လေ"

"မဟုတ်တာ . . . ရှင်တောင်းသလောက် ကျွန်မကပေးရမှ
လေ"

"ဒါဆို ထောင့်ငါးရာပေး"

မျက်မှောင်ကြုတ်ပြီး လေညှင်းသူ့ကိုကြည့်လိုက်ပေမယ့် ဒ





ာ ဘာအမူအရာမှ မပျက်ယွင်းပေ။ ဒါကြောင့် လေညှင်းပိုက်ဆံအိတ်
ထဲက တစ်ထောင်တန်နှစ်ရွက်ကို ထုတ်ပေးလိုက်တော့

"ကျွန်တော့်မှာ ငါးရာတန်ပြန်ပေးစရာမရှိဘူးဗျ"

"ကျွန်မမှာလည်း ငါးရာတန်မရှိဘူးရှင့်"

"ဒါဆို တစ်ထောင်ပဲပေး"

"ဟို . . . ရှင်က ဘုရားမှာလှူမယ့်သူဆိုတော့ နှစ်ထောင်စလုံး
ယူသွားလိုက်လေ။ ကျွန်မလည်း ကုသိုလ်ရတာပေါ့"

ဒီတော့မှ သူလွန်နှံ့ခနဲပြုံးပြီး

"ရေစက်ဆုံချင်လို့လား"

"ဘာရှင့်"

"ကဲ . . . ပေး"

ဆတ်ခနဲ ဆွဲယူလိုက်တဲ့ပိုက်ဆံကို ပြန်တောင်းချင်စိတ်ပေါက်
သွားပေမယ့် နေပါစေတော့။ သူဘာပဲပြောပြော နောက်တွေ့ကြမှာမှ
မဟုတ်ဘဲလေ။ သူကားမောင်းပြီး ထွက်သွားတော့ လေညှင်းလည်း
ခြံထဲသို့ ဝင်လာခဲ့တော့သည်။

"ဟော . . . သမီးပြန်လာပြီ"

"ဟာ . . . ဖေဖေနဲ့ မေမေ ပြန်ရောက်နေပြီပဲ"

"ဖေဖေတို့မရှိတုန်း သမီးအဆင်ပြေရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ပြေပါတယ် ဖေဖေ။ ကြီးကြီးရော နေကောင်းသွားပြီလား"

"အစာအိမ်ရောဂါဆိုတော့ အနေအထိုင်အစားအသောက်ဆင်ခြင်ရင် ကောင်းသွားမှာပါကွယ်"

မေမေ့အနားမှာ လေညှင်းကပ်ထိုင်ပြီး ချွဲဖို့ရာ မေမေ့ခါးကိုဖက်လိုက်၏။

"မေမေ့"

"ဟင်"

"သမီးဖို့ ဘာပါလဲ"

"ပါတာပေါ့ သမီးရဲ့။ မေမေ့သမီးအတွက် မေမေက မေ့ပါ့မလား"

"ပြောပါဦး ဘာတွေဝယ်လာလဲလို့"

"ဆွယ်တာတွေလေ"

"ဟာ"

လေညှင်း လက်ခုပ်ကလေးတီးကာ ရယ်လိုက်ပုံက အိမ်ကိုပြန်မရောက်ခင်ကာလလေးမှာ ဘာမှစိတ်ညစ်စရာမဖြစ်ခဲ့သည့်အတိုင်းပါပဲ။

"အဲဒါကြောင့် မေမေ့ကိုချစ်တာသိလား"

"အဲဒီလိုခွဲခြားလို့မရဘူးလေ သမီးရဲ့။ ဖေဖေ့ကိုရော"





"ဖေဖေ့ကိုလည်း ချစ်တာပဲလေ"

"အချွဲမလေး"

တစ်ဦးတည်းသောသမီးလေးမို့ ငုံထားမတတ်ချစ်ပေမယ့် နေရာကာအလိုမလိုက်တဲ့ အကြိုက်ဆောင်မပေးသော မိဘတွေ။ ဒူးနေရာဒူး တော်နေရာတော်ဆိုတာမျိုးပေါ့။ ဦးရွှေသာက စည်းကမ်းကြီးသူမို့ . . .

သမီးကို သူငယ်ချင်းပေါင်းပေါင်းတဲ့အချိန်ရှိပြီး မိုင်းကောင်းကျောက်ဖြစ်အောင်လည်း သွန်သင်ဆုံးမသည်လေ။ ငှက်ပျောပင်စိုက်ရင် ငှက်ပျောသီးစားရမှာဖြစ်သလို၊ သံပုရာပင်စိုက်ရင် သံပုရာသီးပဲရမှာပေါ့။ မိဘနှစ်ပါးက ငှက်ပျောပင်မို့ လေညှင်းကလည်း အမြင့်တင့်ပြီး အရသာချိုမြိန်တဲ့ ငှက်ပျောသီးမလေးပါ။

"ဆွယ်တာတွေဘယ်မှာလဲ မေမေ"

"သမီး အခန်းထဲမှာပဲပေါ့"

"ဒါဆို သမီးသွားကြည့်လိုက်ဦးမယ်"

"သွားကြည့်လေ။ မေမေက သမီးသူငယ်ချင်းတွေအတွက်ပါ သယ်လာခဲ့တာ"

"တကယ်"

"တကယ်ပေါ့ သမီးရဲ့"

"ဟေး . . . အဲဒါကြောင့် မေမေ့ကို"



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မဆက်ဖြစ်ဘဲ လေညှင်းဖေဖေ့မျက်နှာကို လှမ်းကြည့်လိုက်ကာ. . ပြီးမှ ဟဲခနဲရယ်ပြီး

"မေမေ့ကိုရော ဖေဖေ့ကိုပါချစ်တာလို့ ပြောမလို့ပါ ဖေဖေရဲ့"

ဦးရွှေသာ ပီတိမျက်နှာကြီးနှင့် ရယ်လေတော့သည်။ ဒီသမီးလေးက သူတို့ကမ္ဘာထဲက ဆည်းလည်းလေးတစ်လုံးပါပဲ။ အဲဒီဆည်းလည်းလေးက သူတို့ဘဝရဲ့အင်အားတွေသာ။

✧✧✧



# အခန်း (၈)

"စိုင်း"

". . . . ."

"စိုင်းရေ. ."

အိမ့်မှူးကိုမြင်မှ စိုင်း စာအုပ်ကြားထဲကို တစ်ခုခုညှပ်ပြီး ဝှက်[illegible]တ်တာမြင်ရ၏။ ဒီအိမ်ကို အိမ့်မှူးက တံခါးမရှိ ဓားမရှိ ဝင်ထွက်သွား[illegible]ခွင့်ရှိသူမို့ အခုလို စိုင်းအခန်းထဲအထိ ဝင်လာခဲ့မိခြင်းတွင် . . .

"နင် ဘာလာလုပ်တာလဲ အိမ့်မှူး"

"နင့်ဆီကို အလည်လာတာလေ။ ဘာလဲမလာရဘူးလား"

"အလည်လာတာက ဟုတ်ပါတယ်။ အဲဒါအပြင်မှာပဲ နေပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ ဘာလို့ ငါ့အခန်းထဲထိ ဝင်လာတာလဲ"

"ကြီးကျယ်လိုက်တာ။ နင့်အခန်းထဲ ငါဝင်လာတာ ဘာဖြစ်မှာမို့လို့လဲ"

"ဟဲ့ ငါကယောကျ်ားလေးလေ။ ယောကျ်ားလေးတစ်ယောက်ရဲ့ အိပ်ခန်းထဲကို မိန်းကလေးဝင်စရာလား"

"ဝင်တော့ ဘာဖြစ်လဲ"

"မသင့်တော်ဘူးပေါ့"

စိုင်းပြောကာမှပဲ ရှေ့ဆက်တိုးလာပြီး စိုင်းဘေးမှာတောင် ဝင်ထိုင်လိုက်သေး၏။ အိမ့်မှူးထိုင်တော့ စိုင်းကပဲ ထရပ်လိုက်ပြီး ...

"အိမ့်မှူး"

"ဘာလဲ"

"ညီ့ခန်းထဲကစောင့်နေ ငါလာခဲ့မယ်... သွား"

"မသွား ... ဘူး"

"ကျွတ်"

စိုင်းခွန်သာ ခေါင်းကိုသာကုတ်လိုက်မိတော့၏။ သူ့အရင်ထွက်သွားရင်လည်း ဒီကောင်မလေး သူ့စာအုပ်နဲ့ ဟိုဒီလျှောက်မွှေဦး နှောက်ဦးမှာလေ။ မရှိတာထက် မသိတာကပိုခက်သည်ဆိုတဲ့စကားကို ယုံရမလိုပါလား။





စိုင်းက..

ယောကျ်ားလေးဆိုပေမယ့် ရဲတင်းပွင့်လင်းတာကို မကြိုက်ပေ။ မိန်းကလေးဆိုတာ နူးညံ့သိမ်မွေ့မှပေါ့။ အိမ့်မှူးက ယောကျ်ားလေးတွေနဲ့ ယှဉ်ပေါင်တန်းချင်သူ။ ဒီတော့ ဘယ်လိုလုပ်ပြီး အစေးကပ်ပါ့မလဲ။

"စိုင်း"

"ကဲ ... လာသွားမယ် အပြင်ကို"

"ဟင့်အင်း"

"အိမ့်မှူး"

"နင်စောစောက ဘာဝှက်လိုက်တာလဲ ငါ့ကိုပြ"

"ကျိုင်းပဲ"

"ဘာ"

"ငါ့ကို နင်ပြဿနာမရှာနဲ့နော် အိမ့်မှူး"

"ဘာပြဿနာရှာလို့လဲ။ ငါကသိချင်လို့ ဥစ္စာကို"

"စပ်စုတာ ငါမကြိုက်ဘူး"

"မိန်းကလေးဆိုတာ စပ်စုတဲ့အမျိုးလေ။ ဘာမို့လို့ နင်က ဒီလောက်လျှို့ဝှက်နေတာလဲ"

"အဲဒါ ငါ့ကိစ္စ"

ပြောပြီး စိတ်မြန်လက်မြန်ရှိစွာ စိုင်း အိမ့်မှူးလက်ကိုဆွဲကာ



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ထွက်လာခဲ့၏။ ဒါတောင် မယ်မင်းကြီးမက ရှုန်းကန်နေ
မနည်းဆွဲခေါ်လာရသည့်အဖြစ်။ အခြားတစ်ယောက်ယောက်သာမြင်
သူတို့ကို ဘယ်လိုထင်ကြမလဲ။

စဉ်းစားဆင်ခြင်မှုနည်းပါးပြီး ဖွတ်ပြောဖွတ်လုပ်တတ်တဲ့ အိမ့်
အကျင့်တွေကို စိုင်းမကြိုက်ပေမယ့် လူကြီးတွေရဲ့ ခင်မင်မှုမှ ကူးစက်လာ
သော ခင်မင်မှုပိုင်းရပ်စိပ်ိုးတွေကို အသေသတ်ဖို့မဖြစ်နိုင်လို့ သည်းခံနေ
တာ ဝဋ်တစ်ခုပါပဲ။

"စိုင်း"

"ပြော"

"နင် ငါ့ကိုဆို သိပ်အနိုင်ကျင့်တာပဲ သိလား"

"အနိုင်ကျင့်တယ်ထင်ရင် နင်အကျင့်မခံရအောင်နေပေါ့"

"ငါက ဘာလုပ်နေလို့လဲ"

"မိန်းကလေးဆိုတာ ဣန္ဒြေရှိရှိနဲ့ သိမ်သိမ်မွေ့မွေ့နေရတာ
နားလည်လား"

"ဘာလဲ ထိုင်မသိမ်းဝတ်ပြီးတော့လား"

ကန့်လန့်ပြောတာကြောင့် စိတ်ကပိုတိုသွားသည်။

"ထိုင်မသိမ်းဝတ်မှ ဣန္ဒြေရှိတယ်လို့ နင့်ကိုဘယ်သူက ပြော
လဲ။ ငါကနင့်ကို မိန်းမပီသပြီး စည်းကမ်းရှိရှိနေဖို့ ပြောနေတာ"





"သွားပြီ"

"ဘာသွားတာလဲ"

"နင့်ဦးနှောက်တွေ ဒိတ်အောက်နေပြီလို့ ပြောတာ"

အိမ့်မှူး မဲ့ရွဲ့ပြောနေတာကို စိုင်းဆပ်ရူးရူးကြည့်ပစ်လိုက်၏။ အခု
မြန်မာ့ယဉ်ကျေးမှုကို ပြန်လည်တူးဖော်ပြီး အသက်ပြန်သွင်းထိန်းသိမ်း
ဆောင်ရွက်နေကြတာ သူမသိဘူးလား။ တကယ် ဒိတ်အောက်နေတာ
က သူ့ဦးနှောက်။

သူတို့လိုလူမျိုးတွေပဲပေါ့။

ငရဲပန်းကို ကြာပန်းထင်နေကြတာ။ ကောင်းတာသင်တော့
ဆော်တော်နဲ့ မပြုပြင်ဘဲ မကောင်းတာလုပ်ပြရင် မှတ်လွတ်တတ်လွယ်
ဖြစ်နေကြတာ။

"နင့်ကိုလှတယ်လို့ ချီးမွမ်းထောပနာပြုတဲ့သူတွေကို ငါတကယ်
အံ့ဩတယ်သိလား"

"ဘာဖြစ်လို့"

ဆံပင်ကနေ ခြေဖျား၊ ခြေဖျားကနေ ဆံပင်အထိ စိုင်းက
အိမ့်မှူးကိုကြည့်ပြီး

"ဆံပင်နဲ့ ဝတ်ထားတဲ့အဝတ်က သရဲကားထဲက သရဲမအတိုင်း
ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဆံပင်က အတွန့်အလိမ် အခွေအခေါက်တွေမှ အရောင်ကအ ဒါကို ဒီအတိုင်းဖြန့်ချထားပြီး အကျီနဲ့ ဂါဝန်တစ်ဆက်တည်း ခပ်ဖား ဝတ်ထားတာ အနီရောင်ဆိုတော့ စိုင်းလွန့်ခနဲ ပြုံးလိုက်ပြီး

"သေသေချာချာကြည့်ရင် စုန်းမ ကဝေမနဲ့လည်း တူတယ်"

"စိုင်း . . . နင်"

"ဖုန်းမြည်နေတယ် ကိုင်လိုက်ဦး"

အိမ့်မှူးဖုန်းက မြည်သံပေးလာသဖြင့် စိုင်းကပြောလိုက်ခြင်းဖြ သည်။ အိမ့်မှူး ဖုန်းကိုနားမှကပ်လိုက်သည်နှင့်

"သမီး"

"ဪ . . မေမေ"

"သမီးနဲ့တွေ့ချင်လို့တဲ့ အိမ်မှာ ကောင်လေးတစ်ယောက်ရောက် နေတယ် သမီး"

"ဘယ်သူတဲ့လဲ မေမေ"

"သူရဇ္ဇတဲ့"

"ဖလား အဲဒါဆို ခဏစောင့်ခိုင်းလိုက်မေမေ။ သမီး ခုပဲပြန်လာ ခဲ့မယ်"

"အေး . . . အေး ဒါပဲနော်"





ဖဆိုတာနှင့် အိမ့်မှူးရဲ့နှုတ်ခမ်းလေးတွေ ပြုံးသွားသည်။ မွေးနေ့ ဒုန်းကဆုံခဲ့တဲ့တစ်ယောက်ပေါ့။ သူတို့မေဂျာမှာတော့ ဖက ကင်းတဲ့။ သူက အိမ့်မှူးကိုခင်တာကနေအစချီလာတော့ ကိုယ်ကလည်း မငြင်း ဆန်စရာမှ လက်ခံလိုက်သည့်တစ်ယောက်။

"စိုင်း"

"ဖရောက်နေလို့ ငါသွားတော့မယ်။ ဒါပဲပြောမှာမဟုတ်လား"

"ဟင် . . . နင်က ဖကိုသိနေတာလား"

"မသိပါဘူး . . . နင်ခေါ်သံကြားလို့ပြောတာ"

"ဟုတ်တယ် . . . ငါသွားတော့မယ်"

"သွားသင့်တာကြာပြီ"

"အစိုင်းစုတ်"

နှုတ်ခမ်းစူကာ ခြေဆောင့်၍ထွက်လာခဲ့တော့၏။ အိမ့်မှူးက င်သလောက် စိုင်းကကျတော့ အိမ့်မှူးနဲ့အရောတဝင်မနေချင်။ သူ ရှမတိုက်လည်းနေပေါ့။ ဂရုစိုက်မယ့် ဖပေါ်လာပြီလေ။ ကောန်းသေ ခွေ ခါတယ်ဆိုတာ သူမကြားဖူးဘူးလား။ ဟွန်း . . . သူ့ကိုယ်သူ ငါချမ်းသာ တယ် ရုပ်ချောတယ်ဆိုပြီး ဘဝင်လေဟပ်နေတာ။

ကောင်စုတ် . . .

နေရာတကာ ကိန်းကြီး ဂဏန်းကြီး ကူ့ကြွေ့သိက္ခာကြီးကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



နေတာတွေဦးမယ်။ ဝဲတော့ကောင်းကင် ကျတော့ချေးပုံထဲကျမယ့် ကောင်။

မကျေမနပ်နှင့် ရေရွတ်ရင်း အိမ်ထဲသို့ဝင်လာတဲ့ အိမ့်မှူး၏ ခြေသံတွေက မညင်သာ။

"ဟဲ့ . . . သမီး ဘယ်လိုဖြစ်လာတာလဲ"

"ဟိုကောင့်ကို မကျေနပ်လို့"

"ဒီနှစ်ယောက်ကတော့လေ တကျက်ကျက်ပဲ"

"ဒါနဲ့ ဇရောက်နေတာကြာပြီလား"

"သိပ်မကြာသေးပါဘူး"

"ဆိုပါဦး။ ဘယ်ကလှည့်လာတာလဲ"

ဇက အိမ့်မှူးမေမေကို လှမ်းကြည့်ရင်း

"သူငယ်ချင်းအိမ်ကိုသွားရင်း လမ်းကြုံလို့လှည့်ဝင်လာတာပါ"

တမင်လာတာလို့ အိမ့်မှူးမေမေရှေ့မှာ ပြောလိုက်ရင် မခန့်ရာ ကျဦးမယ်။ ဒါကြောင့် ဇ မုသားသုံးလိုက်ခြင်းပါ။ မုသားမပါရင် လက်ဘက် ဘယ်ချောပါ့မလဲ။

"ကဲ . . . သူငယ်ချင်းတွေ စကားပြောကြဦး။ အန်တီခေါင်း နည်းနည်းနောက်နေလို့ သွားနားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ အန်တီ"





ဒေါ်နွဲ့သူဇာ အပေါ်ထပ်သို့ တက်သွားတာနှင့် ဇကပွင့်လင်းသွားပြီ . . .

"အိမ့်မှူး"

"ဟင်"

"ကိုယ် အန်တီရှေ့မှာမို့လို့ ညာပြောလိုက်တာ . . အဟဲ"

"ဟင် ဘာကိုလဲ"

"တကယ်က ကိုယ် အိမ့်မှူးဆီကို တမင်လာခဲ့တာ"

"ဪ . . . ဒါလား။ ထင်သားပဲ"

မြွေမြွေချင်းတော့ ခြေမြင်ကြသည်ပေါ့လေ။ ဇက ခပ်ကဲကဲ။ အိမ့်မှူးက ခပ်သဲသဲနှင့်တော့ တွေ့ကြပြီပေါ့။

"အိမ့်မှူး ဒီနေ့ ဘယ်သွားဖို့စိတ်ကူးရှိလဲ"

"စိတ်ကူးကရှိတယ် အဖော်မရှိလို့"

"အခု ကိုယ်ရောက်လာပြီလေ"

"ဇက အိမ့်မှူးသွားချင်တဲ့နေရာကို လိုက်ပို့မှာလား"

"ပို့မှာပေါ့"

"တကယ်"

"အင်း"

မေးစေ့ကို လက်ညှိုးလေးထောက်ကာ အိမ့်မှူးရယ်လိုက်၏။



www.burmeseclassic.com

ချွေးကောင် စိုင်းခွန်သာ။ သူက အိမ့်မှူးကိုဂရုမစိုက်ဘူး။ နေပေါ့။ အခု ဂရုစိုက်မည့်သူရှိလာပြီလေ။ ဒီကောင် မနာလိုဖြစ်အောင်ကို တွဲပစ်လိုက်ဦးမယ်။

“ဒါဆို ရုပ်ရှင်သွားကြည့်မယ်”

“အိုကေ”

✧✧✧



## အခန်း (၉)

ဒီနေ့ လေညှင်းမွေးနေ့ဆိုတော့ ဘုရားသွားမည်။ ဒါတိုင်းဆို ဇကလိုက်ပို့ပေးတာပေမယ့် ဒီတစ်ခါတော့ စိတ်ကောက်နေကြလို့ ကိုယ့်ဘာသာပဲ သွားရတော့မည်လေ။ အရင်က စိတ်ကောက်ကြတိုင်း ဇက အရင်လိုက်ချော့ပြီး လေညှင်းကိုခေါ်ခဲ့တာ။

အခုတစ်ခါမှာတော့ . . .

ဇက လုံးဝမခေါ်ပေ။ အိမ့်မှူးဟန်နဲ့ တွဲနေသည်တဲ့။ ရင်ထဲမှာ မခံနည်းမိပေမယ့် ငိုင်နေလို့ ဘာမှထူးလာမှာမဟုတ်ပေ။ ကိုယ့်ကို ဂရုမစိုက်သူကို တမ်းတငိုကြွေးနေရမှာလား။ လေညှင်းမှာလည်း မေနဲ့ပဲ သွား. . . နေပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"လေညှင်း"

" ...... "

"လေညှင်း"

"ရှင်"

"ဒီမှာ လေညှင်းနာမည်နဲ့ ပါဆယ်တစ်ထုပ်ရောက်လာတယ်"

"ဟင် ... ဟုတ်လား။ ဘယ်သူလာပို့တာလဲ"

"မသိဘူး ကောင်လေးတစ်ယောက်ပဲ။ အသားမည်းမည်း အရပ်ပုပုနဲ့"

လေညှင်း ပန်းရောင်ဖဲကြိုးလေးတွေနဲ့ စည်းထားသော ပါဆယ်ထုပ်ကို ငေးစိုက်ကြည့်နေမိ၏။ ဘယ်သူပို့တာလဲ။ တစ်ခါမှမပို့ဖူးပေမယ့် ဖျား လေညှင်းကိုစိတ်ကောက်ပြေအောင်ပို့သလားလို့ တွေးပြီး အထဲမှာပါမယ့်ပစ္စည်းကို စိတ်ဝင်စားနေမိသည်။

လေညှင်း

ရင်ခုန်စွာနဲ့ ပါဆယ်ကိုဖောက်ကြည့်လိုက်စဉ်

"ဟင်"

ရှုမ်းဝတ်စုံနှင့် ရှမ်းစုံတွဲ အရုပ်ကလေးပါလား။

ပြီးတော့ စာလေးတစ်စောင်။ စာခေါက်ကလေးကို ဖြန့်ကြည့်လိုက်တော့ လက်ရေးက လေညှင်းနဲ့စိမ်းသက်မနေ။ ဒါ ပန်းစည်းမှာ





 အပ်ပါလာတတ်တဲ့ လက်ရေးလေး။

ဒါဆို ...

ဖ မဟုတ်တာတော့ သေချာနေပြီ။ စာကိုဖတ်ကြည့်လိုက်တော့

***'ဟက်ပီး ဘတ်ဒေးပါ လေညှင်း'***

"ဟင်"

လေညှင်းပါးစပ်ကလေးပွင့်ဟသွားလေ၏။ သူက လေညှင်းမွေးနေ့ကို သိနေပါလား။ ဒါမဆန်းပေမယ့် လေညှင်းအပေါ် ဒီလောက်ဂရုစိုက် အလေးထားတာ ဘယ်သူလဲသိချင်နေ၏။ စာကိုဆက်ဖတ်လိုက်

လေလျှင် ...

*ဒီနေ့ လေညှင်းရဲ့ မွေးနေ့နော်...*

*မွေးနေ့မှာ တစ်ယောက်ယောက်ကြောင့် ဝမ်းနည်းနေရတယ် မို့လား။*

*ကိုယ်လေညှင်းအနားမှာ အားပေးဖော်အဖြစ်ရှိနေချင်ပါတယ်။*

*မချိသော ရင်ခွင်ကိုလွှတ်ချလိုက်ရင် ပီတိရင်ခွင်ဆိုတာဖြစ်လာတယ်တဲ့ လေညှင်းရဲ့။*

*ဝမ်းနည်းမနေနဲ့တော့နော်။*

*ကိုယ် လေညှင်းကိုပျော်အောင်လုပ်ပေးချင်တယ်။ ကတ်ကြေးတစ်လက်ယူပြီး ခြံရှေ့အထိ ထွက်လာခဲ့ပါ။*



www.burmeseclassic.com

www.burmeseclassic.com



လေညှင်း အရုပ်စုံတွဲလေးကို လက်ထဲမှာကိုင်ထားလျက် စာခေါက်ကို စားပွဲပေါ်တင်ခဲ့ပြီး ပြေးထွက်လာခဲ့၏၊ စိတ်တွေလှုပ်ရှားခြင်းများနှင့် ...

"မစန္ဒာ"

"ဘာခိုင်းမလို့လဲ လေညှင်း"

"လေညှင်း ကတ်ကြေးတစ်လက်လိုချင်လို့"

"ဘာလုပ်မလို့လဲ ကလေးရဲ့"

"ကိစ္စရှိလို့ပါ မစန္ဒာရဲ့၊ ရှာပေးပါနော်"

"အေး ... အေး"

တံခါးဝမှာရပ်နေမိတဲ့ လေညှင်းစိတ်က လေဟုန်စီး၍ အပြင်ကို ထွက်သွားလိုက်ချင်သည်။

"ရော့ ... လေညှင်း"

"ကျေးဇူးပဲ"

ကတ်ကြေးကိုယူပြီး ပြေးထွက်လာခဲ့ပြီးမှ ရင်ခုန်လှုပ်ရှားခြင်းတို့က ခြေလှမ်းကို နှေးကွေးသွားစေသည်။ ခြံဝကိုရောက်တော့ မိုးပုံ့ပူဖောင်းတွေ ဝေဝေဆာဆာနှင့်မှာ စာတန်းလေးကပ်ထားသေးသည်။

*'မိုးပုံ့ပူဖောင်းတွေကို လေညှင်းကိုယ်တိုင်ပုံ့သန်းခွင့် ပြုလိုက်ပါ။ ပြီးရင် ဘုရားသွားမယ်ဆိုတော့ ရွှေတိဂုံဘုရားကိုပဲ သွားလိုက်ပါနော်'*





လေညှင်း မိုးပုံ့ပူဖောင်းမှကြိုးလေးများကို ကတ်ကြေးနှင့်ဖြတ်လိုက်တော့ မိုးပေါ်ကိုပုံ့တက်သွားတာ လွတ်လပ်ပေါ့ပါးခြင်းများနှင့်ပါ။ လေညှင်း လက်ခုပ်တီးကာ ရယ်လိုက်မိ၏။ ပြီးတော့ ရွှေတိဂုံကို ခုပဲရောက်ချင်စိတ်တွေ တဖွားဖွားပေါ်ကာ ..

သွက်လက်သောခြေလှမ်းတို့နှင့် ကားဆီသို့ပြေးလာပြီး မောင်းထွက်ခဲ့တော့သည်။ လမ်းမှာကားက မီးပွိုင့်မိတာ ခဏခဏ။ ကားကို တောင်တပ်ပေးပြီးသော ပုံ့သန်းစေလိုက်ချင်၏။

ရွှေတိဂုံကိုရောက်တော့ ...

"ညီမလေးက ပန်းလေညှင်းစံနော်"

"ရှင်"

အနားကိုရောက်လာတဲ့လူက ငှက်လှောင်ချိုင့်ကို မြှောက်ပြ ...

"ဒီလှောင်ချိုင့်ထဲက ငှက်တွေက ညီမလေးလွှတ်ဖို့ဆိုပြီး ဝယ်သွားပါ။ ညီမလေး ဘယ်နေရာမှာလွှတ်မလဲ အစ်ကို လိုက်ခဲ့မယ်

"အဲဒါတော့"

"ရတယ် ဘယ်နေရာမှာပဲ လွှတ်လွှတ်ပါ။ အစ်ကိုလိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြပြီး လေညှင်းဆက်လျှောက်လာခဲ့တော့ . . . ပန်း
စည်းတွေကိုင်ပြီး ပြေးလာတဲ့ကောင်မလေးက . . .

"မမ"

"ဟင်"

"ရော့ ပန်းစည်း။ ဒီပန်းတွေက မမလာရင်ပေးလိုက်ပါဆိုပြီး
အစ်ကိုတစ်ယောက်က ဝယ်သွားပြီးသားပါ"

"ဟို . . . ညီမလေးတို့က မမကိုဘယ်လိုလုပ်သိတာလဲ"

"အဲဒီ အစ်ကိုက ဓာတ်ပုံပြသွားတာလေ။ မမနာမည်က ဖ
လေညှင်းစံတဲ့။ ဟုတ်တယ်မို့လား"

"ဟုတ်ပါတယ်"

"မမက ဓာတ်ပုံထဲမှာထက် အပြင်မှာပိုလှတယ် သိလား"

လေညှင်းပြုံးပြလိုက်ပြီး

"ဒါနဲ့ သူက ဘယ်လိုပုံစံလဲဟင်။ မမကို ပြောပြပါလား"

"အရမ်းချောတယ်"

"ဟဲ့ . . . နင့်ကို ဘာမေးမေးမပြောရဘူးလို့မှာခဲ့တယ်လေ
ပိုက်ဆံပိုပေးထားတာ မမေ့နဲ့"

"ဟုတ်"

ငှက်သမား ဟောက်လိုက်တော့ ပန်းသည်ခများ ဖက်ကလေ





ပါးစပ်ပိတ်သွား၏။ ရှေ့ဆက်လျှောက်တော့ သူမကို ရှေးနည်းတူစွာ
ဘာမေးကြတာ ဖယောင်းတိုင်၊ အမွှေးတိုင်ကာစ စိပ်ပုတီးတစ်ကုံးပါ လက်
ထဲသို့ရောက်လာ၏။

သူ . . .

ဘာကြောင့်များ လေညှင်းအတွက် ဒီလောက်အကုန်အကျခံ
ပြီး လုပ်ပေးပါလိမ့်။ ပိုက်ဆံတွေ တော်တော်ကုန်မှာပဲ။ နှမြောစရာကြီး
လို့ တွေးမိပြီးမှ . . . အားလုံးကလှူတာပဲလို့ ဆင်ခြင်မိပြန်သည်။ ကိုယ်
တိုင်လည်းလှူဖို့လာခဲ့တာပဲလေ။

လေညှင်း . . .

ဘုရားဝတ်ပြုပြီး ငှက်ကလေးတွေကို လွှတ်ပေးနေစဉ် . . .

"ညီမလေးက အရမ်းကံကောင်းတာပဲ"

"ရှင်"

"ဒီလောက်ဂရုစိုက်ပြီး ချစ်တဲ့သူကိုတွေ့တာ ကံကောင်းတာပေါ့

လေညှင်း ပေါ့ပါးစွာပဲ ရယ်လိုက်မိပါသည်။ တကယ်ပါ. . .

ဒီနေ့ . . .

သူပြောသလိုပဲ ဝမ်းနည်းမှုတွေကို လွှတ်ချလိုက်မိပြီး ရင်ထဲမှာ
ချမ်းနေသည်။ ဇအပေါ် ချစ်ခဲ့မိတဲ့အချစ်တွေကို လှူဒါန်းလို့သာရ



www.burmeseclassic.com

www.burmeseclassic.com



ရင် ဒီဘုရားမှာလှူဒါန်းပစ်ခဲ့ချင်ပါသည်။ လေညှင်းကို ပျော်ရွှင်အောင်လုပ်ပေးတဲ့သူက ဘယ်သူလဲ မသိပေမယ့် ...

ကျေးဇူးတင်ပါတယ်လေ။ ရေယ် နှင်းသင်္ဂါအပေါ် အဲဒီလောက်ကောင်းရင် ဒီကမ္ဘာပေါ်မှာ အပျော်ဆုံးလူသားက ငါပဲဖြစ်မှာပါ။ ခုတော့ နှင်းက ငါ့အပေါ်အလေးမထားဘူး။ နှင်းဖြစ်ချင်တာကိုပဲ ဦးစားပေးတဲ့အတ္တသမားဖြစ်နေတော့ ငါ့နှလုံးသားတွေ ဆူးငြိခံရသလိုပါပဲ။

လေညှင်း

ဘုရားရင်ပြင်ကိုကျောခိုင်းပြီး ပြန်ဆင်းလာခဲ့စဉ် ... ဖိနပ်အပ်တဲ့နေရာမှာ ဖိနပ်ကိုပြန်ယူလေတော့ ထုတ်ပေးတဲ့ဖိနပ်က လေညှင်းရဲ့ဖိနပ်မဟုတ်ပေ။

"ဟို ... ဒါ ကျွန်မ ဖိနပ်မဟုတ်ဘူးရှင့်"

"ဟုတ်ပါတယ်"

"မဟုတ်ပါဘူး။ ကျွန်မ ဖိနပ်က ဒီဖိနပ်လောက်တန်ဖိုးမကြီးပါဘူးရှင်"

"ဟုတ်ပါတယ်ဆိုတာ ဒီလိုညီမရဲ့။ ညီမ အပ်ခဲ့တဲ့ဖိနပ်ကဒီမှာ"

ဖိနပ်အပ်လက်ခံသူက လေညှင်းအပ်ခဲ့တဲ့ဖိနပ်ကို အိတ်ထဲမှသေသေချာချာထည့်ပြီး ပြန်ပေးသည်။ ပြီးမှ ..





"မှာသွားတဲ့သူရှိလို့ပါ။ ညီမကို ဘုရားကပြန်ရင် ဒီဖိနပ်လေးပေးသွားပါတဲ့။ ညီမနာမည်က ပန်းလေညှင်းစံဆိုလား"

"ဟုတ်ပါတယ်။ ကျွန်မက ပန်းလေညှင်းစံပါ"

"ဒါဆို ပေးခဲ့တဲ့လူ့ဆန္ဒပြည့်အောင် စီးသွားလိုက်ပါကွယ်"

"ဩော် ... ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်နော်"

လေညှင်း နှုတ်ဆက်ပြီးထွက်လာခဲ့တော့၏။ ရင်ထဲမှာ သူ့အကြောင်းကို တွေးနေမိသည်။ ဖိနပ်က တန်ဖိုးကြီးတဲ့အပြင် လေညှင်းခြေထောက်နဲ့ကွက်တိတော်နေ၏။ သူ လေညှင်းကို တစ်နေရာရာကနေကြည့်နေခဲ့သလား။ ဘာကြောင့်ဘယ်သူဆိုတာ မသိအောင်လျှို့ဝှက်ထားတာလဲ။

ဖ ...

ဖျားဖြစ်နေမလား။ လေညှင်းကို စချင်စိတ်နဲ့ မခေါ်ဘဲနေပြီး တနေရာကနေ ဂရုစိုက်နေတာဆိုရင် ...

ဟင်း ...

လေညှင်း အတွေးပေါင်းများစွာနှင့် ချာချာလည်ရင်း ပျော်လည်းနေမိသည်။ အိမ်ကိုပြန်ရောက်တော့ ဖေက ဧည့်ခန်းထဲမှာ အေးအေးဆေးဆေးထိုင်နေကာ လေညှင်းကိုမြင်တော့ ...

"ပြန်လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"သောရိုးဟာ . . . ဒီနေ့ နှင့်မွေးနေ့ဆိုတာ ငါမေ့သွားတယ်။ အဲဒါကြောင့် အိမ့်မှူးတို့အိမ်ကို ထွက်သွားမိတာ"

"ဟင်"

ဒါဆို ဖမဟုတ်ဘူးပေါ့။ လေညှင်း ရင်ထဲမှာနိုးလိုနေလုဖြစ်သွားခြင်းနှင့်အတူ

"ဖ"

"ငါ နှင့်ကိုမွေးနေ့လက်ဆောင် ဘာပေးရမလဲ"

"မလိုပါဘူးဟာ။ နှင်သတိတရရှိပေးတာကိုပဲ ကျေးဇူးတင်ပါတယ်"

"လေညှင်း"

လေညှင်း အပေါ်ထပ်သို့သာ ပြေးတက်ခဲ့တော့၏။ မရနိုင်တာကိုမှ ဘာလို့မျှော်လင့်နေမိပါလိမ့်နော်။

◇◇◇



## အခန်း (၁၀)

"မင်းနဲ့ အိမ့်မှူးက ချစ်သူဖြစ်နေကြပြီလား"

"မဖြစ်သေးဘူး"

"အလားအလာတော့ရှိတယ် မဟုတ်လား"

"ဒါပေါ့ . . . ငါကမဟာသေးလို့"

"ဟရင် ဟိုကပါမယ်ပေါ့"

"ထို"

"စကားအကောင်းပြောနေရင် မင်းမညစ်ပတ်နဲ့ ချမ်းဝင်း"

"ငါပါဦးလိုမပြောဘဲ မင်းတို့တာသာ အနက်ဖောက်နေတာပဲလေ"

ချမ်းဝင်းက မပြုံးမရယ်နှင့်ဘာကိုတင်းနေသည်မသိ။ ဇာကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ဂရုမစိုက်သလို ပြုံးနိုင်ရယ်နိုင်သူ။ သူ့ဘဝမှာ ရည်းစားထားခြင်းက ပထမလား။ ကျန်တဲ့အရာကို သူနဲ့မဆိုင်သလို ဘယ်သူ့အတွက်မှ ပြီး တွေးပေးတတ်တာလည်းမရှိ။

"ဖေ"

"အင်း . . . ငါ့ကို ရည်းစားထပ်မထားရေး စိမ်ကိန်းဆွဲဖို့ နားရ ဦးမလို့လား"

"မဟုတ်ဘူး"

"ဒါဆို ဘာလဲ"

"လေညှင်းကို မင်းမငဲ့တော့ဘူးလား"

"အေးမင်းရာ ငါကဘာကိုငဲ့ရမှာလဲ"

"မင်းနဲ့ လေညှင်း စိတ်ကောက်နေကြတာကြာပြီနော်. . . ဟော့ကောင်"

"အဲဒါဘာဖြစ်လဲ"

"မင်းလိုက်မချော့ဘူးလား"

"ချော့မှန်းသိ ချောင့်တက်လို့ ဒီတစ်ခါ နောင်ကျဉ်အောင်ထား တာ နေပစေ"

"ခက်တယ်"

ဖေမသိတာလား။ မသိချင်ယောင်ဆောင်နေတာလား။ သူတို့





ကတော့ လေညှင်း စိတ်ကိုသိနေသလိုပင်။ လေညှင်းကဖေကိုချစ်နေတဲ့ ပုံပါပဲ။ ရည်းစားများတာက ကြာရင်သူ့အတွက်မကောင်းပေ။ သူငယ် ချင်းတွေအနေနဲ့ သူတို့ကတော့ ဖေနဲ့လေညှင်းကို အတည်တကျချစ်သူ တွေ ဖြစ်စေချင်ကြ၏။

အရာရာမှာ အလျှော့ပေး အနိုင်ယူခံရတဲ့ လေညှင်းကို သူတို့က သာ သနားကြပြီး ဖေက ငဲ့ညှာရကောင်းမှန်းမသိ။

"မင်းတို့နှစ်ယောက် အပျက်အပျက်နဲ့ နာခေါင်းသွေးထွက်ကုန် မှာ ငါစိုးတယ်"

"ဘာကိုလဲ"

ဖေက အေးမင်းကို မျက်လွှာပင့်ကြည့်ပြီး မေးလေသျှင်

"လေညှင်းက မင်းကိုချစ်နေတာလို့ ငါထင်တယ်"

"မဖြစ်နိုင်ဘူး"

"ဘယ်လိုမဖြစ်နိုင်တာလဲ ဖေ"

"မင်းတို့ စဉ်းစားကြည့်လေ။ လေညှင်းနဲ့ ငါကပြောမနော ဆိုမနော သူငယ်ချင်းတွေပဲဉစ္စာ။ ချစ်သူအဖြစ် ပြောင်းလဲပစ်ဖို့ဆိုတာ . . . ကျွတ်။ မဖြစ်နိုင်ပါဘူးကွာ။ မျက်နှာပူစရာကြီး"

"ဒီမှာဖေ"

ချမ်းဝင်းက ခေါ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်နေ့နေ့မှာ နောင်တရလိမ့်မယ်နော်"

"နောင်တ ဟုတ်လား"

"ဟုတ်တယ်"

"အဟွန်း"

ဇ ပခုံးတွန့်၍ ရယ်လိုက်သည်။ မဖြစ်သေးတာကိုကြိုတွေးပြီး တစ်တစ်တူးလို ခြေနှစ်ချောင်းမိုးပေါ်ထောင်အိပ်တဲ့ကောင်မျိုးထဲမှာ ဇ မပါပေ။ အနာဂတ်ဆိုတာ ပစ္စုပ္ပန်လောက်မှ စိတ်ဝင်စားဖို့ မကောင်းတာ ဥသျှစ်သီးကြွေသံကို ကမ္ဘာပြိုပါတယ်ဆိုပြီး ယုန်ကထပြေးတိုင်း ကိုယ် လိုက်ပြေးရအောင် ဇက ငပေါကြီးမှမဟုတ်တာ။

လေညှင်းနဲ့ သူက သူငယ်ချင်း။

ဒါကိုဂရုစိုက်တိုင်း အချစ်ထင်ပြီး အသည်းကွဲမှာကို ကြိုကြောက် နိုင်းနေကြတာပဲ။ ဇတာစမှာ နောင်တဆိုတာ ဘယ်တော့မှ မရှိစေ အဝင်လက်မခံချင်လို့ လော့ခ်ချထားပြီးသားလေ။

"မင်းက တို့ကိုလှောင်တာလား"

"မလှောင်ပါဘူး။ မင်းတို့ပြောသလို ဖြစ်မှမဖြစ်နိုင်တာ"

"ဖြစ်လာခဲ့ရင်ကောကွာ"

"အဲဒီတော့လည်း လေညှင်းက ငါ့ခါးပိုက်ထဲက ဖားပဲဥ"

"အဲဒါတော့ မင်းလေညှင်းကို သက်သက်အဝင်သေးတာ"





"ဟုတ်တယ်ဇ။ မင်းကို ငါဥပမာတစ်ခုပြောပြမယ်"

"ပြောပါဦး"

ချမ်းဝင်း လေးလေးနက်နက်ပုံစံနှင့် ဇကို ခပ်ရှုရှုတစ်ချက်ကြည့် လိုက်ပြီး

"မင်းခြံထဲမှာစိုက်ထားတဲ့ ပန်းပင်တစ်ပင်ပေါ့ကွာ။ မင်းကနေ့ တိုင်း မြင်နေရလို့ မလှဘူးထင်ပြီး ပစ်စလက်ခတ်ထားမယ်ဆိုပါစို့။ တန်ဖိုး ထားမြတ်နိုးတတ်သူတစ်ယောက်က ဝယ်ပြီး ပြုစုယုယနေမှ မင်းတန်ဖိုး နားလည်ပြီး ပြန်လိုက်တောင်းလို့ မရနိုင်ဘူးဇ"

"မင်းပြောပုံအရဆို လေညှင်းကို တန်ဖိုးထား မြတ်နိုးနေသူရှိ ပြီပေါ့ ဟုတ်လား"

"သူ့လက်ထဲမှာ ပန်းစည်းပါလာတတ်တဲ့ရက်တွေက သက်သေ ပဲပေါ့"

"လေညှင်းက မင်းခါးပိုက်ထဲက ဖားဆိုပေမယ့် အသေကောင် မဟုတ်ဘူးနော် ဇ။ မင်းရှေ့ကို မဲနေတုန်း ပုဆိုးပေါက်ကနေ ခုန်ထွက် သွားနိုင်တယ် သိလား"

"ဟော. . ပြောရင်းဆိုရင်း ဟိုမှာလေညှင်းလာနေပြီ"

"အေးကွ . . . လက်ထဲမှာကိုင်လာတာ ဘာလဲမသိဘူး။ တို့နှစ် ယောက်က ခေါင်းချင်းဆိုင်ပြီး ပြုံးပြုံးကြည့်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



အေးမင်းနဲ့ ချမ်းဝင်းပြောနေပေမယ့် ဖဏ မတုန်မလှုပ်ပါ။ လှု
မလှုပ်ပေမယ့် ရင်ထဲမှာလှုပ်သွားတဲ့တစ်ခုကိုတော့ ဘာလဲဆိုတာ သူ
သိမှာပါ။

"ဒီကိုလာနေတာကွ"

"အေး ... တို့ကိုသူတို့မမြင်သေးခင်အထိ အရှိန်သတ်နေ ရ
တရက် တို့ဒီမှာရှိနေတာ သူတို့မြင်မှာမဟုတ်ဘူး။ သူတို့ဘာသာ အေး
များနေကြတာ"

အေးမင်း ပြောတာနှင့် စကားသံတွေ ရပ်သွားကြပြီး ငြိမ်သ
နေမိကြသည်။ လေညှင်းတို့အဖွဲ့ကလည်း တစ်ခုခုကိုငုံ့ကြည့်ရင်း ဝင်း
ကြတာမို့ သူတို့ကိုမမြင်သေးပေ။

"အရုပ်ကလေးတွေက ချစ်စရာလေးတွေဟဲ့"

အိမိုးခိုင်၏အသံကို စတင်၍ကြားလိုက်ရ၏။

"ကြိုကြိုဖန်ဖန်တွေ ရှာကြံပြီးလုပ်ပေးတဲ့လူကို နင်အမှတ်
ပေးသင့်တယ်နော် လေညှင်း"

"အေးလေ... နင့်မွေးနေ့မှာ သူကိုယ်တိုင်တော်တော်ကုန်သွား
ပဲ။ ဖိနပ်တစ်ရန်ရဲ့တန်ဖိုးတောင်နည်းသလား"

"သူတော်ရုံတန်ရုံလူတန်းစားထဲကတော့ မဖြစ်နိုင်ဘူး
တယ်"





"အမှတ်ပေးရအောင် သူဘယ်သူမှန်းမှမသိတဲ့ဟာကို"

"သိအောင်လုပ်ရမယ်လေ"

"ဘယ်လိုလုပ်ရမှာလဲ"

"သဲလွန်စရှာရမှာပေါ့" ။

"တို့ကူညီပါ့မယ် လေညှင်းရယ်"

ဖိနပ်ဆိုတဲ့စကားပါလို့ ဖဏ သမင်လည်ပြန်ငဲ့ကြည့်လိုက်တာ လေညှင်းရဲ့ခြေထောက်ဆီကို။ လေညှင်းစီးထားတဲ့ဖိနပ်က ဖဏ တစ်ခါမှ လေညှင်းစီးတာ မမြင်ဖူးတဲ့ဖိနပ်ကလေးပါ။ အနက်ရောင်ပေါ်မှာ အဖြူရောင်ကျောက်ပွင့်လေးတွေက ပြုံးပြက်လက်နေ၏။

ဘယ်လိုလူက လေညှင်းကိုမွေးနေ့လက်ဆောင်ပေးတာလဲ။ ဘယ်သူမှန်းမသိဘူးဆိုတော့ ဘယ်လိုပုံစံနဲ့ပေးခဲ့လို့လဲ။ ဖဏ စိတ်ဝင်စားသွားတာတော့အမှန်။

"လေညှင်း"

"ဟင်"

"အဲဒီလူ ဘယ်သူဆိုတာသိရင် နင်ဘယ်လိုလုပ်မလဲ"

"သူ့အပေါ်မှာမူတည်ပြီး ငါ့ရဲ့စိတ်ခံစားမှုအတိုင်း ဆုံးဖြတ်မှာပေါ့"

"တို့ကတော့ နင့်ကိုချစ်သူကောင်းနဲ့တွေ့ပါစေလို့ ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်ပါတယ် လေညှင်းရယ်''

အဲဒီဆုတောင်းပေးချင်တဲ့ သူ့သူဟန်ကို ဖ နာရင်းထအုပ်ပ

စိတ်ပေါက်သွား၏။ သူ့ဟာသူ အေးအေးဆေးဆေးနေတာကို သူ

အစွန်နဲ့မတင်နေသေးတယ်။ ဖက သူသာရှုပ်ချင်ရှုပ်မယ် လေညှင်း

တော့ အမြဲတမ်းဖြူစင်နေစေချင်သူ။ ဒါစေတနာပဲလေ။

တို့ကြောင့်

နေရာကနေ ထသွားတော့ အေးမင်းနဲ့ ချမ်းဝင်း ခပ်ကြေ

ကြောင်ကြည့်၍ ကျန်ရစ်ခဲ့သည်။

''ဟယ် ဖ''

အိမိုးနိုင်က ဖကိုမြင်ပြီး ခေါ်လိုက်တာနှင့် လေညှင်း အ

ကလေးတွေကို လျင်မြန်စွာ လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်လေ

''ခုမှဂုက်မနေနဲ့ ငါမြင်ပြီးသား''

''ဟင်''

''ပေး ငါ့ကို''

လေညှင်းမျက်နှာ တင်းခနဲဖြစ်သွားပြီး

''နင်ပြဿနာမရှာနဲ့နော် ဖ''

''မပေးချင်လည်းနေပါ။ ငါ့ကို နင်အဲဒီလိုတော့မကြည့်နဲ့''

''ဘယ်လိုကြည့်လို့လဲ။ မက်လုံးရှိန်းကြီးနဲ့လား''





သူ့သူက သန်းထွဋ်စကားမပီသလို ပြောလိုက်တာကို အိမိုးနိုင်

ဆက်နောက်သည်မှာ

''မက်လုံးကမရှိန်းပါဘူး။ ချစ်တုဝေ တီချင်းထဲကလို အမြဲ

င်လေးပါပဲ''

လေညှင်းက ပြုံးစိစိဖြစ်သွားပေမယ့် ဖမျက်နှာက ကျောက်ဖျာ

ချပ်လို။

''မုန့်တိုင်းထန်ရင် ဖျိုင်းလန့်ပျံသည်တဲ့။ တို့လန့်နေပြီနော် လေ

ပျံရတော့မလား''

''နင်တို့ကလည်း''

''လေညှင်း''

ဖ ဘာကိုမှဂရုမစိုက်သလို လေညှင်း မျက်နှာကိုပဲကြည့်ကာ

လိုက်၏။

''ငါ မှားခဲ့တာတွေအတွက် တောင်းပန်ပါတယ်။ ခါတိုင်းလိုပဲ

ကျအေးလိုက်ကြရအောင်''

''ဘာ''

''နင်မခေါ်ရင် ငါမနေတတ်တာသိရဲ့သားနဲ့''

''နင်နေတတ်အောင် ကြိုးစားသင့်ပြီ''

''လေညှင်း''



www.burmeseclassic.com

www.burmeseclassic.com



"တို့က ကလေးတွေမဟုတ်တော့ဘူး ဖေ။ နင်ရည်းစားများနေ သရွေ့ ငါ့မှာသိက္ခာဆိုတာ ပြစရာနေကွင်းတစ်ကွက်တောင်ရှိခဲ့တာ မဟုတ်ဘူး။ ဒီတစ်ခါတော့ နင်နေတတ်အောင်နေကြည့်လိုက်ပါ"

"လေညှင်း ...နင်"

"မစားရညှော်ခံဘဝနဲ့ ရပ်တည်နေရတဲ့ ငါ့ကို ငဲ့ညှာသောအား ဖြင့် တို့ခပ်ကင်းကင်းနေကြတာ အကောင်းဆုံးပဲဖေ။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ် လွတ်လပ်စွာ သွားလာပျံသန်းခွင့် ငါလည်းလိုချင်တယ်"

ဖေ မတားလိုက်နိုင်ခင်မှာ လေညှင်းက ဆိုင်ထဲကထွက်သွား လေတော့သည်။ သူတကယ်ပဲ ဖေကို စိတ်နာမုန်းတီးသွားပြီလားဆိုတာ။

✧✧✧



## အခန်း (၁၁)

"သား"

"ဗျာ"

"ခဏလာဦး"

ဖခင်ခေါ်သဖြင့် ဖေ လျှောက်သွားပြီး ရပ်လိုက်ကာ..

"ဘာပြောစရာရှိလို့လဲ ဖေဖေ"

"ထိုင်ပါဦး"

"ဟုတ်ကဲ့"

ဖေ ဆိုဖာပေါ်မှာဝင်ထိုင်လိုက်၏။ ဘာတွေများ မိန့်ကြားဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



"သားတို့ကျောင်းပြီးကြတော့မှာဆိုတော့ သိသင့် သိထိုက်တယ်ထင်တာကို မေမေပြောမလို့ပါ"

"ဟုတ်ကဲ့ . . . ပြောပါ မေမေ"

"မေမေတို့က သားတို့ကိုကျောင်းမပြီးသေးလို့ ဖွင့်မပြောဘဲထားခဲ့တာ။ လူကြီးချင်းကတော့ အစကတည်းက ပြောဆိုထားကြပြီးသားလေ"

"ဗျာ"

ဘုရားတပြီး ရင်ထဲမှာဒိန်းခနဲဖြစ်သွား၏။ ဒီစကားအစချီပုံက လမ်းဟောင်းကြီးထဲမှာဆိုတော့ မသိဘဲရှိပါ့မလား။ ဘယ်သူနဲ့များ လက်ထပ်ရမယ်လို့ အမိန့်ချမှာလဲ။

"သား ကျောင်းပြီးတာနဲ့ စေ့စပ်ရမယ်"

"မေမေ"

"မင်း ရည်းစားထည်လဲတွဲတဲ့အလုပ်ကို ရပ်တန်းကရပ်တော့ သား။ ယောက်ျားလေး ဦးစောက်ထိုးလို့ ဖက်မကျိုးဘူးဆိုပေမယ့် ကြာလာရင် တန်ဖိုးမဲ့သွားတတ်တယ်"

"နေပါဦး။ မေမေက သားကို ဘယ်သူနဲ့စေ့စပ်ပေးချင်တာလဲ"

"ဘယ်သူရှိရဦးမှာလဲ သားရယ်။ သားအပေါ် သည်းခံခွင့်လွှတ်ခြင်းနဲ့ အမြဲတမ်းနားလည်ပေးခဲ့တဲ့ လေညှင်းလေးနဲ့ပေါ့"





"ဗျာ"

မိခင် ဒေါ်မင်းမင်းသွယ် ဝင်ပြောလိုက်တဲ့စကားကြောင့် ဇ
ပ်ကပွင့်ဟသွားသလို ဦးနှောက်တွေလည်း ချာချာလည်သွားမတတ်
။ တစ်နေ့သူတို့နှစ်ယောက် ချစ်လာကြလိမ့်မယ်လို့ အပိုင်တွက်ပြီး
လို စီစဉ်ထားကြတာလား။ သူတို့ကဖြင့် . . .

ကိုယ့်ရင်ဘတ်ကိုယ်နားမလည်နိုင်ကြသေးပေ။ အချစ်ဆိုတာ
ခါးခေါက်တိုင်း ထွက်ကြည့်တတ်တဲ့ အရာမှမဟုတ်တာ။ ချစ်သူကို
တာနဲ့ သူငယ်ချင်းကိုချစ်တာ ဘယ်လိုများကွာခြားပါလိမ့်။ သူ ရည်းစား
အများကြီးထားခဲ့တဲ့အထဲမှာ, ဘယ်သူ့ကိုမှ စွဲစွဲလမ်းလမ်းမရှိခဲ့။

လေညှင်းကိုကျတော့ . . .

မေ့ပစ်ဖို့ ကြိုးစားလို့လည်း မရနိုင်။ ချစ်သူလို တွဲကြည့်ဖို့ကျ
ာ့လည်း. စဉ်းစားလို့မရနိုင်တာခက်၏။

"လေညှင်းနဲ့ဆိုရင် မဖြစ်နိုင်ဘူး မေမေ"

"ဘာကွ"

"နေဦး . . . ကို"

ကိုယ်ကြီးမတ်ခနဲဖြစ်သွားတဲ့ ဦးသူရကို ဒေါ်မင်းမင်းသွယ် လက်
တားဆီးလိုက်ပြီး သားဘက်သို့ ပြန်လှည့်လိုက်ကာ

"ဘာလို့မဖြစ်နိုင်တာလဲ သား"



www.burmeseclassic.com

www.burmeseclassic.com



“သားမှာ ...”

“ချစ်သူရှိတယ်လို့မပြောနဲ့ ငါလက်မခံနိုင်ဘူး သူရဇ္ဇ။ မင်းစိတ်တိုင်းကျ ရည်းစားတွေထားခဲ့ပြီးပြီ။ အိမ်ထောင်ရေးမှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ငါမပေးနိုင်ဘူး။ အိမ်ထောင်ရေးဆိုတာ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲလို နတ်ကြီးတယ်ကွ။ ကိုယ့်လက်ထဲက အဖြေလွှာကို အပ်လိုက်ပြီဆိုတာနဲ့ မှားလို့ပြန်တောင်းပြင်လို့ရတဲ့အရာမဟုတ်ဘူး”

ကိုယ်ကဖြင့် ဘာမှမပြောရသေးဘူး။ သူ့ထင်ကြေးနဲ့သူ ပြောချသွားတာ မနားတမ်းပါပဲ။ စကားလုံးတွေမှာသာ ခြေထောက်ပါရင် ခြေချင်းခလုတ်တိုက်လဲမှာက အသေအချာ။

“ဒီမှာ သား”

“ဗျာ”

“သားဖေဖေပြောသလိုပဲ အိမ်ထောင်ရေးဆိုတာ မှားသွားရင် ပြင်လို့မရဘူး သား။ သားရဲ့ကိုကိုကြီးကိုပဲကြည့်ပေါ့။ အခု သူ့မိန်းမက သူနဲ့သဘောထားချင်း မတိုက်ဆိုင်လို့ သူနိုင်ငံခြားအထိ ရှောင်ပြေးသွားတာပေါ့။ အဲဒါ သူ့ဟာသူရွေးခဲ့တာမို့လို့ မေမေတို့ကိုလည်းမပြောဘဲ တစ်ယောက်တည်း ကြိတ်ခံစားနေခဲ့ရှာတာ”

“အဲဒါ ကိုကိုကြီးက ပျော့ညံ့တာကိုး။ သားက ကိုကိုကြီးမဟုတ်တာ”





“ဟုတ်ဟုတ် မဟုတ်ဟုတ် မင်းလေညှင်းကိုပဲ လက်ထပ်ရမယ် သူရဇ္ဇ”

“သားရယ်... လေညှင်းက သားအပေါ် အကောင်းနိုင်ဆုံး မိန်းကလေးပါ သားရယ်”

“ကျွတ်”

သူရဇ္ဇ စိတ်ပျက်စွာ ခေါင်းကိုငုံ့ချပစ်လိုက်၏။ အခုလောလောဆယ် မဟုတ်သေးတော့ စဉ်းစားချိန်ရသားပဲ။ ဒီတော့ မယုတ်မလွန် ခေါင်းညိတ်ခေါင်းခါမလုပ်ဘဲ လေညှင်းနဲ့ ဆွေးနွေးရမှာပေါ့။

“သား လေညှင်းနဲ့ တိုင်ပင်ကြည့်ပါဦးမယ်”

“သူရဇ္ဇ”

ထသွားတော့မည့် ဇ ဖေဖေ့ခေါ်သံကြောင့် မသွားဖြစ်သေးခင် ဖေဖေက ဒေါသမပြယ်သောလေသံနှင့်

“မင်း ခုတွဲနေတဲ့ကောင်မလေးနဲ့ မတော်တဆဆိုတာမျိုး အဖြစ်မခံဘူး”

“အိမ့်မှူးဟန်ကိုပြောတာလား”

“ဟုတ်တယ်”

“ကျွန်တော်က လက်ထပ်ဖို့တောင် ရည်ရွယ်ထားတာ”

“ဘာကွ”



www.burmeseclassic.com

www.burmeseclassic.com



ဖိနှိပ်ထားရင် ရုန်းကြွတဲ့သဘောအရ ဇ ပြောပစ်လိုက်၏။ တကယ်လည်း အိမ်မှူးအပေါ် ပြိုခဲ့သောကာလက မိန်းကလေးတွေထ ပိုခဲ့သည်။ အိမ်မှူးက ရှေ့ကရည်းစားတွေနဲ့ မတူဘူးလေ။ လေညှင်း ကိစ္စကို သူနားလည်ပေးနိုင်ပါတယ်တဲ့။ အဓိကက အဲဒါပါပဲ။

ချစ်သူလည်းရ လေညှင်းနဲ့လည်း အခင်အမင်ပျက်စရာမလိုဘူး ပေါ့။

ဒီတော့ ...

သူ့အိမ်မှူးကိုပဲ ရွေးချယ်လိုက်မိတာ မမှားပါဘူး။ ဇ လေညှင်း ဆီကို ထွက်လာခဲ့ပြီးတွေ့ကြတော့ ...

"အဲဒီကိစ္စ ငါသိပြီးသားပါ"

"ဘာ.. နင်သိပြီးသား ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ငါ့ကိုဘာလို့ဖွင့်မပြောခဲ့တာလဲ"

"ငါပြောစရာမလိုဘူးလေ။ ခုပဲ နင်သိပြီမဟုတ်လား"

"နင့်သဘောက ဘယ်လိုလဲ"

"ငါကတော့ ခေါင်းညိတ်လိုက်တယ်"

"ဘာ"

ဇ ကိုယ်ကြီးဆတ်ခနဲဖြစ်သွားသည်။ လေညှင်းကတော့ မထ





ပြုံး မျက်နှာနှင့်အေးအေးဆေးဆေးပါပဲ။ သူက ခေါင်းညိတ်လိုက်တယ် ဆိုတော့ ဇ ကဘာလုပ်ရမှာလဲ။

"ကျွတ်.. လေညှင်းရာ"

"နင်ကရော"

"တို့နှစ်ယောက်က မဖြစ်နိုင်ဘူးလေ"

ဘာကြောင့် မဖြစ်နိုင်တာလဲမေးရအောင် ကိုယ်က မိန်းကလေး မို့ မျက်ရည်သာဝဲလာမိ၏။ ဒါပေါ့လေ လေညှင်းက သူ့ကိုချစ်နေမိလို့ ခေါင်းညိတ်ခဲ့ပေမယ့် သူက လေညှင်းကိုမှမချစ်ဘဲ။ သူနဲ့ပတ်သက်လာ ရင် ...

လေညှင်းက နားလည်မှုတွေဖြန့်ခင်းပြီး သူလိုရာခရီးကို ရောက်စေဟု အမြဲတမ်း ဖြည့်ဆည်းပေးခဲ့သူဆိုတော့ ဒီတစ်ခါလည်း ဖြည့်ဆည်းပေးလိုခြင်းတွေနဲ့သာ။

"နင်က ငြင်းချင်တာမို့လား။ ငြင်းလိုက်ပါဖရယ်။ ငါ့ကိုလုံးဝ အားမနာပါနဲ့"

"ငါငြင်းရင် နင်သိက္ခာကျမှာပေါ့။ အဲဒီတော့ နင်ပဲငြင်းလိုက်"

"ဇ"

"ပြော"

"နင် အိမ်မှူးကို တကယ်ချစ်မိသွားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ အိမ့်မှူးက နင်နဲ့ငါ့ကို နားလည်ပေးနိုင်တယ်
လေ"

"ဪ"

ရင်ထဲမှာ အသည်းကိုလွှာထုတ်လိုက်သလိုပဲ အခံရခက်လှ၏။ နားလည်မှုတစ်ခုပေးလိုက်တာနဲ့ ချစ်မိသွားသတဲ့လား ဖရယ်။ အိ
နားလည်မှုပေါင်းများစွာ ပေးခဲ့တဲ့ ငါ့ကိုကျတော့ နင်ဘာလို့မချစ်နိုင်
တဲ့လဲ။

"လေညှင်း"

"ဟင်"

"နင်ငြင်းလိုက်ပါဟာ... နော်"

လေညှင်း ခေါင်းခါလိုက်ပြီး ...

"နင်ပဲ ငြင်းလိုက်ပါ"

"ငါ့ဘက်က ငြင်းလို့မရလို့ပေါ့။ ဖေဖေက ဖွတ်ပဲ"

"ငါ့ဘက်ကလည်း အဲဒီလိုပဲရှိနေမှာ"

"ဒါဆို တို့ဘာလုပ်ကြမလဲ"

"နင် အိမ့်မှူးကိုခိုးပြေးလိုက်ပေါ့"

"အင်"

ဖ တွေခနဲဖြစ်သွား၏။ အချိန်ကလိုသေးတယ်ဆိုပေမယ့်





တင်ပြင်ဆင်မှုဆိုတာရှိမှ။ တော်ကြာ စည်းကမ်းတွေတင်းကျပ်ပြီး ကျောင်းပြီးတာနှင့် ဗြုန်းခနဲ ဟုန်းခနဲ ထလုပ်ရင်ဒုက္ခ။ သူက ဖွတ်ကိုရော ဖမကိုပါ အဆုံးရှုံးမခံနိုင်။ အိမ့်မှူးနဲ့လက်ထပ်ပြီး လေညှင်းနဲ့ အခင်အမင်မပျက်ရှိနေချင်တာဆိုတော့ ...

"နင် ငါ့ကိုကူညီမှဖြစ်မယ် လေညှင်း"

"ဘယ်လို"

"နင်နဲ့ငါ လူကြီးတွေအကြိုက်လိုက်ပြီး ဟန်မပျက်နေရအောင်
ပြီးမှ"

"ပြီးမှ ဘာဖြစ်လဲ ဖ"

"နင်ပြောသလို အိမ့်မှူးကို ငါခိုးပြေးမယ်လေ"

သူတကယ်ဆုံးဖြတ်လိုက်တာကို။ ရင်ထဲမှာ တင်းကျပ်လာပြီး ကျချင်သည့် မျက်ရည်ကိုထိန်းသိမ်းနေရတာ ဝဋ်ဆင်းရဲတစ်မျိုးပါပဲ။ နင် အိမ့်မှူးနဲ့ လက်မထပ်ပါနဲ့လို့ပြောရင် သူ့ ပါးစပ်ထဲမှာ နင်က ငါ့ကိုလိုချင်လို့ ဖျက်လိုဖျက်ဆီးလုပ်တာလားဆိုတဲ့ စကားက အဆင်သင့်ရှိနေမှာပဲလေ။

အဲဒီလိုဆိုလာရင် ...

လေညှင်း ရှက်လို့ သေသွားနိုင်သည်။

"ကောင်းပြီလေ... နင့်စိတ်တိုင်းကျဖြစ်စေရပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ သူငယ်ချင်း"

"ရပါတယ်"

ခပ်တင်းတင်း ဆုပ်ကိုင်လိုက်တဲ့ လက်ကို လေညှင်းအသာ လေး ဖယ်ချပစ်လိုက်၏။ တွဲခွင့်မရတဲ့လက်တွေ ခုကတည်းကလွဲပါစေ တော့ . . .။

✧✧✧

## အခန်း (၁၂)

ဒီကနေ့ တက္ကသိုလ်ကျောင်းတော်ကြီးကို နှုတ်ဆက်ပြီး အပြီး ခွဲခွာရမည့်နေ့ဆိုတော့ အချို့ကပျော်နေကြသလို အချို့က ဝမ်းနည်းပက် လက်။ လေညှင်းကတော့ အချိန်ကိုဆွဲဆန့်ထားချင်သူ။

"လေးညှင်း"

"အမေ့"

လေညှင်းနာမည်ကို ဝစွနစ်လုံးထည့်ခေါ်တာ သန်းထွဋ်တစ် ယောက်ပဲရှိသည်လေ။ မျက်မှန်တဝင့်ဝင့်နှင့် ရှေ့မှာကိုးရိုးကားယားလာ ရပ်လေတော့ သူသူက . . .

"ဩော် . . ကိုတန်းထွဋ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



"မနောက် ... မနောက်ပါနဲ့ တူ့တူရယ်"

"မနောက်ပါဘူး ဘကြီးရယ်"

"ဟာ"

သန်းထွဋ် ခေါင်းကုတ်လေတော့၏။ သူကဘယ်လောက်ပဲ နှိပ် ကွပ်နှိပ်ကွပ် အမှတ်မရှိတဲ့သူ။

"လေညှင်းကို ပေးစရာရှိလို့။ တူများပေးခိုင်းတာနော်..ရော့"

"တူများပေးခိုင်းတာဆိုတော့ ခေါက်ဆွဲပေါ့နော်"

"ဟာဗျာ"

သန်းထွဋ် လက်ထဲကစာအိတ်ကို လေညှင်းလက်ထဲသို့ထည့် ထွက်သွားလေတော့သည်။

"ဘာလဲ"

"စာ"

"စာဆို အမွှေးနုတ်လိုက်"

"ဖောက်မလာနဲ့"

"ဖောက်ဖတ်မှသိမှာလေ"

"စာက ဖောက်မှာ။ မဖောက်ခိုင်းတာက နှင့်ပါးစပ်"

သူသူက အိမိုးခိုင်ပါးစပ်ကို လက်ညှိုးထိုးပြီး ပြောနေချိန် လေညှင်းက စာအိတ်ကိုဖောက်လိုက်၏။





"ဟယ်"

"ဘာလဲ"

"သူ့လက်ရေး"

"ဘာတွေ ရေးထားလဲ"

သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး ဖတ်လိုက်ကြတော့..

လေညှင်း

*ကိုယ်ဘယ်လောက်ပဲ လေညှင်းကိုပျော်အောင် လုပ်ပေးပေး ကိုယ်ဆိုတဲ့ကောင် လေညှင်းရင်ထဲကို မရောက်သေးဘူးနော်။ ဘာတွေကို ဖောက်ထွင်းပြီး ဝင်ရောက်လာခဲ့ရမလဲ။ ကိုယ်စိတ်ရှည်စွာနဲ့ လေညှင်းအချစ်ကိုရဖို့ ကြိုးစားပါရစေ။*

*တစ်နေ့နေ့ ...*

*ကိုယ်လေညှင်းရှေ့မှောက်ကို အခစားရောက်လာခဲ့မှာပါ။*

*ချစ်တဲ့*

*ကိုယ်*

စာကိုဖတ်ပြီးမှ သန်းထွဋ်ကိုမမေးလိုက်ရခြင်းအတွက် နောင်တရမိ၏။ သူဘယ်သူလဲလို့လေ။

"တော်တော်ဖွဲ့ကောင်းတဲ့လူပဲ"

"လူကိုမမြင်ဖူးတော့ ခက်သားဟ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ်. . ခုနေတွေ့ရရင် သိပ်ကောင်းမှာပဲ"

"အမယ်လေး အခုနေတွေ့ရင် မုန့်တိုင်းထန်မှာပေါ့။ ဟိုမှာစောင့်နေပြီ သွား"

"အင့်"

"ဟာ"

အိမိုးခိုင်က လေညှင်းကိုတွန်းလွှတ်လိုက်ရာ လေညှင်းဘေးကိုယိုင်သွားပြီး နောက်ကလျှောက်လာသူနှင့် ဝင်တိုက်မိသွား၏။ လေညှင်းကို လဲကျမှာစိုးပြီး သူက ကမန်းကတန်း လှမ်းဆွဲလိုက်တော့ ဖက်လိုက်သလိုဖြစ်သွားလေလျှင် . . .

"ဆော. . ဆောရီး"

"ရပါတယ်"

"ဟင် . . . မင်း"

သူက လေညှင်းကိုလက်ညှိုးထိုးပြီး မင်းဆိုမှ လေညှင်းမော့ကြည့်လိုက်စဉ်

"ဩော် . . . ရှင်ကိုး"

အရင်တစ်ခါတွေ့တုန်းကလိုပဲ မျက်မှန်တပ်ထားတော့ သူ့မျက်လုံးအနေအထားကို မမြင်ရပေ။ တွေ့တာနှစ်ခါစလုံးမျက်မှန်နဲ့ဆိုတော့ တိုင်ဆိုင်တာလား တစ်ခုခုလား။ သူ့နှုတ်ခမ်းနီထွေးထွေးက ပြုံးနေလျက်. .

"ဒီတစ်ခါတော့ ယတြာချေစရာမရှိတော့ဘူး။ လိုက်ပို့ရမလား"

"ရှင် ကျွန်မကိုမှတ်မိနေတာပဲ"

"မင်းလည်း ကိုယ့်ကိုမှတ်မိနေတာပဲလေ"

"ဟုတ်ပါတယ်"

"ကဲ. . ပြော။ လိုက်ပို့ဖို့လိုလား"

"မပို့နဲ့ မပို့နဲ့။ ရှင်လိုက်ပို့ရင် မုန်တိုင်းကထန်မှာ တစ်နာရီမိုင် ၁၂၀ နှုန်းပဲ"

သူသူ ဖျာပျာသလဲဝင်ပြောလေတော့ သူကရယ်လေသည်။ သူ့ပုံစံက လေညှင်းကို ရင်းနှီးနေတဲ့အတိုင်းပါပဲ။ အိမိုးခိုင်ကတော့ သူရယ်တာကိုပဲ ငေးကြည့်နေမိသည်။

မမှတ်မိဘဲရှိပါ့မလား လေညှင်းရယ် . . .

ကိုယ်က လေညှင်းကိုစိတ်ဝင်စားလို့ လေညှင်းနောက်ကိုအကောက်ကောက်လိုက်ပြီး လေညှင်းအကြောင်းတွေကို စုံစမ်းနေတဲ့သူပါ။ ယတြာချေဖို့လို့ ဘုရားကိုခုတုံးလုပ်ပြီး ညာခဲ့တာလည်းသူ။ အဲဒီတုန်းက လေညှင်းပေးခဲ့တဲ့ ပိုက်ဆံနှစ်ထောင်ဟာ ခုထိ သူ့ကိုယ်နဲ့မကွာရှိနေဆဲပါ။ မွေးနေ့တစ်ခုမှာ စတွေ့လိုက်ရကတည်းက . . .

ဒီမိန်းကလေးကို ရူးရူးနှစ်နှစ် စိတ်ဝင်စားသွားမိတာ ကျူးရောက်




ရွှေပဒေသာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လား။ သူ့အရာအားလုံးကို မသိဟန်ဆောင်ကာ

"မုန်တိုင်းဆိုရင်တော့ ကိုယ်ကကြောက်တတ်တယ်။ သွားဦးမယ်နော်"

ထွက်သွားမလို့လုပ်ပြီးမှ နောက်ပြန်လှည့်ကာ

"ဒါနဲ့ နာမည်ဘယ်လိုခေါ်လဲ"

"ပန်းလေညှင်းစံ"

"ဟဲ့"

အာသွက်ခရဲလုပ်လိုက်တဲ့ အိမိုးခိုင်ကို လေညှင်းတံတောင်နဲ့တုတ်ပစ်လိုက်၏။ နာမည်မေးတိုင်းဖြေစရာလား။

"သွားမယ်နော်"

နှုတ်ဆက်ပြီး သူထွက်သွားလေတော့မှ သူသူက. . .

"အယ်. . .သူ့နာမည်တောင် မမေးလိုက်ရဘူး"

"ချောတယ်နော်. . .ဟီဟိ"

"ပန်းလေညှင်းစံ"

"အမေ့"

လာနေမှန်းသိသိနဲ့ အနားရောက်မှ ခေါ်လိုက်တဲ့အသံက မိုးကြိုးပစ်ချလိုက်တဲ့အတိုင်းပါပဲ။ ဖမျက်နှာက တင်းနေလျက် . . .

"သိပ်ကြည်နူးနေတယ်ပေါ့လေ ဟုတ်လား"





"ဖ"

"အဲဒီကောင် ဘယ်သူလဲ"

"မသိဘူးလေ"

"မသိဘဲနဲ့များဖြစ်နေလိုက်တဲ့ မျက်နှာက အရှုးထန်းလျက်ခဲ့မိတဲ့အတိုင်းပဲ"

"နင်နော်"

"နင်တို့ကလည်း သွားသုံးဆယ့်နှစ်ချောင်းဖြဲပြပြီး အားပေးမြှောက်လုပ်နေကြတာပေါ့လေ ဟုတ်လား"

"ကျုတ်. . .ရမ်းပြီ"

"လေညှင်းရေ သတိသာထားပေတော့"

သူသူဟန်နှင့် အိမိုးခိုင်က မဲ့ကာရွဲ့ကာပြောလေတော့၏။ ဖက ညှင်းလက်ကိုဆောင့်ဆွဲလျက်

"လာ. . .သွားမယ်"

ဖတို့ထွက်သွားပြီးမှ အိမိုးခိုင်က

"အလကား ကောက်ရိုးပုံစောင့်တဲ့ခွေး"

"သူများကို"

"တကယ် အမြင်ကတ်ဖို့ကောင်းတဲ့ကောင်"

"ပြောနေရင် အကုသိုလ်များတယ်၊ လာ. . .သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်က လေညှင်းအပေါ်အနိုင်ယူတဲ့ ဇာတ်ကို တစ်
တစ်စ ပို၍အမြင်ကတ်နေကြသူတွေပဲလေ။

✧✧✧



## အခန်း (၁၃)

တစ်ထောင်တန်လေးနှစ်ရွက်ကိုကြည့်ပြီး စိုင်းတစ်ကိုယ်တည်း သည်။ ညာမိတာတွေအတွက် ခွင့်လွှတ်ပါလေညှင်းရယ်။ ဖဆိုတဲ့ င် မင်းအနားမှာရှိနေသရွေ့ ဘယ်ကောင့်ကိုမှ မင်းလက်မခံတာသိ ...

ကွယ်ရာကနေ မင်းလိုအပ်သမျှ ဖြည့်ဆည်းပေးခြင်းနဲ့ မင်းကို စေခဲ့တာပါ။ အဲဒီလို လုပ်ပေးခဲ့တာတွေအတွက် မင်းဆီကတန်ပြန် တွေကို ကိုယ်မမျှော်လင့်ခဲ့ပါဘူး။ ဒါကြောင့် ကိုယ်ဘယ်သူဆိုတာ ည်း မသိစေချင်ခဲ့တာပါ။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာချထားတဲ့ ဖုန်းကမြည်လာသဖြင့် စိုင်းကောက်ကိုင်

လိုက်ကာ. . .

''ဟယ်လို''

''စိုင်း''

''ပြော အိမ့်မှူး''

''ခု နင်ဘာလုပ်နေလဲ စိုင်း''

''ငါလား''

''အင်း''

''ငါချစ်တဲ့ ကောင်မလေးတစ်ယောက်အကြောင်း စဉ်းစားနေ

တာ''

''အမယ်''

''နင် ဘာပြောစရာရှိလို့လဲ ပြော''

''ပြောစရာကတော့ အများကြီးပဲ။ နင် ငါတို့ခြံထဲကိုလာခဲ့

လားစိုင်း။ ငါ ပိတောက်ပင်အောက်က စောင့်နေမယ်လေ''

''နင်ပြောမယ့်စကားတွေက တော်တော်အရေးကြီးလို့လား''

''တစ်ဘဝလုံးနဲ့ကို ဆိုင်နေတာ''

''ဒါဆိုစောင့်နေလေ။ ငါလာခဲ့မယ်''

''အိုကေ''





စိုင်း ဖုန်းချပြီး ပိုက်ဆံလေးနှစ်ထောင်ကို စာအုပ်ကြားမှာ သေသေချာချာပြန်ညှပ်ထားလိုက်၏။ တစ်ဘဝလုံးနဲ့ဆိုင်တာတဲ့။ သူပြောတာနားထောင်ပြီး ကိုယ်ကဘာလုပ်ပေးရမှာလဲ။ သူ့ကိစ္စတွေမှာ ဝင်ပြီးဆုံးဖြတ်ပေးရလောက်အောင် သူနဲ့ကိုယ်က သူငယ်ချင်းဆိုပေမယ့် . . .

စိုင်းဘက်က အရမ်းရင်းရင်းနှီးနှီးကြီးနေခဲ့တာမဟုတ်။ အိမ့်မှူးနဲ့ နေပုံထိုင်ပုံတွေကို မကြိုက်လို့ စည်းနဲ့ကမ်းနဲ့နေခဲ့တာပဲလေ။ သူက ပြောစရာရှိလို့ဆိုတော့ တာဝန်တစ်ရပ်အနေနဲ့ နားထောင်ပေးဖို့ထွက်လာခဲ့သည်။ ပိတောက်ပင်အောက်ကိုရောက်တော့ ထိုင်ပင်မထိုင်ရသေးဘဲ .

''ကဲ. . . ဘာပြောမှာလဲ ပြော''

''ထိုင်ပဲ ထိုင်ပါဦး စိုင်းရဲ့''

ထိုင်ပါဦးဆိုတော့ ဝင်ထိုင်လိုက်၏။

''ငါပြောရင် နင်မနာလိုမဖြစ်နဲ့နော်''

''ပြောမှာသာပြောစမ်းပါ''

''ဇော်ကို နင်သိတယ်မဟုတ်လား''

''သိတယ်လေ နင်နဲ့တွဲနေတဲ့သူပဲဟာ''

''သူနဲ့ငါ ချစ်သူတွေဖြစ်နေကြပြီဟ''

''ကောင်းသားပဲ''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



အိမ့်မှူးမျက်နှာလေးညိုသွားသည်။ သူမကြားချင်တဲ့ စကားက စိုင်းပါးစပ်ကနေ

"နင် အဲဒီကောင်ကိုချစ်စရာမလိုဘူး။ နင် ငါ့ကိုပဲချစ်ရမယ်"

ဆိုတဲ့စကား။ ဒါမှမဟုတ် မျက်နှာပျက်သွားတာမျိုးပဲဖြစ်ဖြစ် လိုချင်တာလေ။ ခုတော့ ကောင်းသားပဲတဲ့။ သူတကယ်ပဲ အိမ့်မှူးကို လုံးဝမချစ်နိုင်ဘူးတဲ့လား။ အိမ့်မှူးကတော့ ဖကိုအဖြေပေးပြီး ချစ်သူတွေဖြစ်ခဲ့ကြသည့်တိုင် စိုင်းကသာချစ်တယ်လို့ပြောရင် ဖကို အချိန်မရွေးဖြတ်ပစ်ဖို့ စိတ်ကူးထားသူ။

"သူ့အိမ်က ခု သူ့ကိုစေ့စပ်ပေးတော့မယ်တဲ့"

"အဲဒီတော့"

"သူက ငါ့ကိုနိုးပြေးမယ်လို့ ပြောတယ်"

"နင်ကရော"

"ငါ ဘယ်လိုဆုံးဖြတ်ရမှန်းမသိလို့ နင့်ကိုတိုင်ပင်တာပေါ့"

"အဲဒါက နင့်အပေါ်မှာမူတည်တယ်လေ။ ငါက နင့်ဘဝရဲ့ ဒိုင်လူကြီးမှမဟုတ်တာ။ ငါ့မှာဆုံးဖြတ်ပေးပိုင်ခွင့်မရှိဘူး"

"စိုင်း"

"နင့်ဘဝအတွက် နင်ပဲဆုံးဖြတ်ပေါ့"

နှုတ်ခမ်းကို တင်းတင်းစေ့လိုက်မိတဲ့ အိမ့်မှူးရင်ထဲမှာ မာနဆို





တဲ့အရာက မလိုအပ်စွာ ခေါင်းထောင်လာသည်။

နေပေါ့ ...

ပေးချင်တဲ့သူက ပေးချင်နေတာတောင် ယူချင်ပါတယ်မပြောတော့၊ လိုချင်တဲ့လူကိုပဲ ပေးလိုက်တော့မယ်။ တကယ်ဆို ဖကလည်း အဘက်ဘက်ကပြည့်စုံတဲ့လူပဲလေ။ သူချောသလို ဖလည်းချောတာပဲ။

ဒါပေမယ့် ...

နင့်ကိုငါ နောင်တတွေ လက်ဆောင်ပေးခဲ့မယ်စိုင်း။ ကိုယ့်ကို ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးလိုက်ရလေခြင်း ဆိုတဲ့ နောင်တတွေ နင့်ရင်ထဲကို ငါထည့်ပေးခဲ့မယ်။ နင်ကချစ်ရတဲ့အခါ ငါ့လိုခံစားမှုတွေနဲ့ ငါ့ကိုသတိရနေစေရမယ် စိုင်း။

"ဒါဆို နင်ငါ့ကိုတစ်ခုတော့ ကူညီပါစိုင်း"

"ဘာလဲ"

"နင်ကိုယ်တိုင် ငါ့ကို ဖဆီအရောက်ပို့ပေးနိုင်မလား"

"ဘာ"

"နင့်ကို ငါခင်သလောက် ငါ့ကိုနင်မခင်ဘူးဆိုတာ ငါသိပါတယ်"

"နင့်ကို ငါခင်ပါတယ်"

"အဲဒါဆို နင်ငါ့ကိုကူညီပါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်တော့ ခင်ပါတယ်။ မခင်ဘူးပြောရင်လည်း စိတ်ဆိုးမှာပဲလေ။ အိမ့်မှူးရဲ့မျက်လုံးထဲက စကားတွေကို သူဘာသာပြန်တတ်ခဲ့တာကြာပြီပဲ။ ခင်မင်လို့ ရင်းနှီးလိုက်ရင် သူ့ကိုဝေဒနာတွေပေးသလိုဖြစ်မှာစိုးလို့ ခပ်ကင်းကင်းနေခဲ့တာလည်းပါသည်။ အချစ်ဆိုတာ ကိုယ့်နှလုံးသားက လိုလိုလားလား မြတ်နိုးတန်ဖိုးထားမိသည့်မှအပ . . . မိတ္တူကူးယူလို့မှ မရနိုင်ဘဲလေ။

သူ့ပုံစံက ကိုယ့်ကိုနောင်တရစေချင်တာမျိုး။

ကိုယ်နောင်တရမှာမဟုတ်ပေမယ့် သူစိတ်ချမ်းသာမှုလေးရသွားအောင် ဖြည့်ဆည်းပေးလိုက်တာ အကောင်းဆုံးပါပဲ။

"စိုင်း"

"ဟင်"

"နင် တွေ့ဝေသွားတာလား"

"ငါက ဘာကိုတွေ့ဝေရမှာလဲ"

"မသိပါဘူး . . . နင်ငါ့ကို သူများလက်ထဲထည့်ရမှာ စိုးရိမ်သလားလို့ပါ"

စိုင်း လွှန့်ခနဲပြုံးလိုက်ကာ

"မဟုတ်ပါဘူး"

"ဒါဆို"





"ငါ ကတိပေးပါတယ်"

"ဟင် . . . ဘာကတိလဲ"

"လိုက်ပို့ပေးမယ်ဆိုတဲ့ ကတိ"

စိုင်းရယ်လို့ ရင်ထဲမှာသာ မချိတင်ကဲ ခေါ်လိုက်မိ၏။ တစ်ဆက်တည်း မာနက စိတ်ကိုကြိုးဆွဲလိုက်ပြီးနောက်

"ဒါဆို ငါသွားတော့မယ်"

ထွက်ခွာသွားသူရဲ့ ကျောပြင်ကိုကြည့်ပြီး စိုင်း သက်ပြင်းချလိုက်မိသည်။ သူရဲ့နဲ့ ပန်းလေညှင်းစံ။ စိုင်းခွန်သာနဲ့ အိမ့်မှူးဟန်တို့ ပြီးတော့ သူရဲ့နဲ့ အိမ့်မှူးဟန်ဖြစ်ပြီး စိုင်းခွန်သာနဲ့ လေညှင်းတို့ဖြစ်ပြန်၏။

လိုတာမရ . . ရတာမလိုဖြစ်နေကြတဲ့ သူတို့လေးယောက်ကြားမှာ ဘာတွေဘယ်လို ဆက်ဖြစ်လာဦးမလဲ။

သူရဲ့နဲ့ ပန်းလေညှင်းစံတို့ဘက်မှာတော့ . . .

နှစ်ဖက်မိဘစုံညီစွာ ရှေ့မှာနှစ်ယောက်စလုံး ခေါင်းငုံ့၍ လူကြီးတွေပြောသမျှ မလှုပ်မယှက်နားထောင်နေကြသည်။

"အခု သားနဲ့သမီးကို ရှေ့အပတ်ထဲမှာ စေ့စပ်ပေးမယ်ဆိုတဲ့အကြောင်းပြောပြီးပြီနော်။ ဒီကြားထဲမှာ ဘယ်သူ့ဘက်က ဘာဖြစ်လို့ဆိုဘာ လုံးဝမကြားချင်ဘူး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သား"

"ဗျာ"

"မင်းက ပိုပြီးသတိထား။ ဒီရက်ပိုင်းမှာ မင်းဘယ်မှမသွားရော

"ဖေဖေ"

"ပြောရင်နားထောင် စောဒကမတက်နဲ့"

ဇ အသက်ရှူရတာပင် မဝချင်သလိုဖြစ်ကာ စိတ်ထဲမှာမွန်း လာ၏။

"သမီး"

"ရှင်"

"သမီးတို့နှစ်ယောက် စိတ်ကောက်ကြတယ်ဆိုတာ နောက် ဖေဖေ မကြားချင်ဘူးနော်"

"ဟုတ်ကဲ့"

"လက်ထပ်တဲ့အခါ ဘယ်ဟိုတယ်မှာ မင်္ဂလာဆောင်ချ ကြိုတင်ပြီး တိုင်ပင်ထားကြ။ မေမေတို့က သားတို့ သမီးတို့စိတ်တိုင်း ဖြစ်အောင်ကို စီစဉ်ပေးမှာ"

"ကဲ ... ကဲ မင်းတို့သွားလို့ရပြီ"

သွားလို့ရပြီလို့ ခွင့်ပြုလိုက်တာနှင့် နှစ်ယောက်သားခြ ဆင်းလာခဲ့ကြသည်။ တိုင်ပင်စရာတွေ ဆွေးနွေးစရာတွေ တစ်ပုံတ





က ရင်ထဲမှာသိမ်းထားခဲ့တာရှိကြပြီဆိုတော့ ...

"ဇ"

"ဟင်"

"နင် ဘယ်လိုလုပ်မှာလဲ"

"မီးစင်ကြည့်ကရမှာပေါ့"

"ကြည့်လည်းလုပ်ပါဦးဟယ်.. တော်ကြာ"

"နင် ဘာမှစိတ်မပူပါနဲ့။ စိတ်ချ.. နင့်ကို ငါလုံးဝမယူဘူး"

"အမယ် ငါကလည်း ယူချင်လွန်းလို့ အိပ်တောင်မပျော်တာကျ လို့"

"အဟဲ.. မသိနိုင်ဘူးလေ နင်က"

"နင်နော်"

မျက်စောင်းထိုးလိုက်တော့ ဇက ရယ်နေသည်။ သူကရယ်နိုင်မှာ ပေါ့လေ။ သူချစ်တဲ့သူနဲ့ ထာဝရလက်တွဲသွားတော့မှာကိုး။ လေညှင်းမှာ သာ အရှုံးကိုရင်မှာပိုက်ပြီး ဖြည့်ဆည်းခြင်းသက်သက်ဘဝနဲ့ ကျန်ရစ်ခဲ့ရ မည့်သူ။

"နင် အိမ့်မှူးနဲ့တွေ့ပြီး ပြောပြီးပြီလား ဇ"

"ပြောပြီးပါပြီ"

"သူက နင်ခေါ်တဲ့နောက်ကိုလိုက်မယ်တဲ့လား"

www.burmeseclassic.com



"လိုက်မယ်တဲ့"

"အေးလေ. . . နင်တို့ချစ်သူနှစ်ယောက် သာယာချမ်းမြေ့တဲ့ ဘဝတစ်ခုကို တည်ဆောက်နိုင်ပါစေလို့ ငါဆုတောင်းပေးပါတယ်"

ဒါ. . . တကယ့်စစ်မှန်တဲ့မေတ္တာတရားကိုရှေ့ထားပြီး ဆုတောင်းပေးပါလိုက်တာပါ ဇရယ်။ ငါ့အတွက်ကတော့ အချစ်တွေမရရှင်နေပါစေ အမုန်းမခံရဘူးဆိုရင်ပဲ ကျေနပ်ပါပြီဟာ. . .။

✧✧✧

BURMESE CLASSIC



# အခန်း (၁၄)

ရင်မှာခံစားရတဲ့အဖြစ်ကို မင်းကနားမလည်ဘူး xxxxx ငါ့ရဲ့ ဆံရာတွေ ခုထိတိုင် ရင်ထဲမှာမကျက်သေးဘူး xxxxx ချိုသာတဲ့ စကားလေးများစွာ ပြောသမျှ အဟုတ်မထင်ခဲ့ xxxxx ခုတော့ မုန်ရာ တွေ များလည်း . . . ကြုံလာပြီမို့ . . . မြင်လာပြီမို့ xxxxx ငါ အဝေးဆုံး ကို ထွက်သွားလိုက်မှာပါ xxxxx ငါတို့အတိတ်တွေ တကယ်ပြီးဆုံးပြီပဲ ဆက်ဆက်ကာသွားတော့မယ် xxxxx ရေ xxxxx

ဖုန်းကိုမကိုင်သေးဘဲ သီချင်းတစ်ပိုဒ်ဆုံးအောင် တမင်ထားတာ ဖြစ်၏။ ဒီသီချင်းလေးက ကိုယ့်ဘဝနဲ့တိုက်ဆိုင်နေတာမို့ လေညှင်းသည့် သားခဲ့တာလေ။ ဖုန်းကိုကောက်ကိုင်ပြီး နားမှာကပ်လိုက်ချိန်ကတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"လေညှင်း"

"ပြော. . . ဖေ"

"အိမ်ကလူကြီးတွေ အပြင်ထွက်သွားကြပြီဟ။ လစ်တုန်း
သွားရအောင်"

"အေး. . . အေး နင်လာခဲ့လေ။ ငါအဆင်သင့်ပြင်ထားလို
မယ်"

"နင်က ဘာတွေပြင်စရာလိုလို့လဲ"

"နင်ပဲ မေးရက်တယ်ဖရယ်"

ပြောရင်း မျက်ရည်ကဝေ့တက်လာ၏။

"နင်တို့ထွက်သွားတဲ့အချိန်မှာ ငါကအိမ်ကို ဘယ်မျက်နှ
ပြန်လာရမှာလဲ။ အဲဒါကြောင့် ငါလည်းပြင်ဦးလွင်က အဘွားဆီသွား
ခဏရှောင်နေရမှာဟ"

ဖဘက်က အတန်ကြာအသံတိတ်သွားပြီးမှ . . .

"ဆောရီးဟာ. . . ငါ နင့်ကိုဒုက္ခပေးသလိုဖြစ်နေပြီထင်တယ်"

"ရပါတယ် ဖရယ်။ နင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းပဲဟ
ဒီလောက်တော့ ကူညီရမှာပေါ့"

"အေးပါ နင့်ကျေးဇူးကို ငါမမေ့ပါဘူး။ သားဦးကလေး
နင်နဲ့ ပေးစားပြီး ငါကျေးဇူးဆပ်ပါ့မယ်ဟာ. . . နော်"





"ကောင်စုတ်"

"ဒါပဲနော်"

"အိုကေ"

ဖုန်းခလုတ်ကလေးကို နှိပ်လိုက်စဉ် မျက်ရည်နှစ်စက်က ပါးပြင်
သို့ကျသွား၏။ နင်ပျော်မယ်ဆို ငါကျေနပ်ပါတယ် ဖရယ်။ အချစ်က
တစ်ပင်ဆိုရင် ရွက်ဟောင်းကြွေချိန်မှာ ငါ့ဘဝရိုးတံကျဲခဲ့ရပါပြီ။ ရွက်နု
ဝေလာခဲ့ဦးမယ်ဆိုရင်တော့. . . ငါ့ဘဝလည်း စိုပြည်လှပဖွယ်ရာတွေ
ဦးမှာပါ။

နင့်ကို ငါမေ့နိုင်အောင်ကြိုးစားပါ့မယ် ဖ။

လေညှင်း မနေ့ကမှ ဖေဖေမုန့်ဖိုးပေးထားတဲ့ ပိုက်ဆံတစ်သိန်း
ပိုက်ဆံအိတ်ထဲသို့ထည့်၍ ထွက်လာခဲ့သည်။ ဖကားလည်း ရောက်
ပြီး . . .

"မယ်မင်းကြီးမ မြန်မြန်ကွ"

"ဘယ်လိုဖြစ်နေတာလဲ"

"လူကြီးတွေ ပြန်လာတာနဲ့တိုးမှာစိုးလို့ ပြောတာ။ မြန်မြန်လာ
ကိနှစ်ခြမ်း ဂွမ်းခနဲကွဲသွားပစေ"

လေညှင်း သူပြောတာနှင့်ပဲ ခြေလှမ်းကကျဲကာ ကားပေါ်သို့
မြန်တက်လိုက်ရ၏။ လမ်းကိုရောက်မှ . . .



www.burmeseclassic.com

www.burmeseclassic.com



"နင် အိမ့်မှူးကို ဘယ်ခိုးပြေးမှာလဲ"

"ပဲခူးက သူငယ်ချင်းဆီကိုလေ"

"ဪ"

"နင်ပြင်ဦးလွင်ကို တစ်ယောက်တည်းသွားလို့ဖြစ်ပါ့မလား

လေညှင်း"

"ဖြစ်ပါတယ်"

"စွန့်စားတော့မယ်ပေါ့"

"ငါ့ဘဝမှာ ဒါပထမဆုံးစွန့်စားခြင်းပဲ ဖေ။ အဲဒါလည်း နင့်ကြော

ပါ"

အဲဒီအတွက် ဘာတွေကိုရင်ဆိုင်ရဦးမလဲဆိုတာ မသိနိုင်သေ

ပေ။ လောလောဆယ်အဖို့ ရင်ဆိုင်လိုက်ရတာတော့ မိုးကိုပါပဲ။ ကို

အာရုံနဲ့ကိုယ်မို့ ထီးယူလာခဲ့ဖို့ မေ့သွားတာလေ။ သူ့အချိန်အခါမဟု

သေးပေမယ့် နွားသိုးနဲ့မိုး အစိုးမရတဲ့။

"ကျွတ် ... အရေးထဲမှ မိုးကလည်း"

"အေးချမ်းခြင်းကို နိမိတ်ဆောင်တာလို့ သဘောထားလို

လေ"

"နင်တောင် စကားတွေတတ်လာပြီပဲ"

"ပေါ့... ရှေ့မှာအိမ့်မှူး မဟုတ်လား"





"အေး ... ဟုတ်တယ်"

အိမ့်မှူးကိုမြင်တာနှင့် ဖေက ကားကိုရပ်လိုက်ကာ

"အိမ့်မှူး မြန်မြန်လာ"

"ဖေ"

အိမ့်မှူးက ပြေးလာချိန်မှာ လေညှင်းက ကားပေါ်ကနေဆင်း

ည်။ မိုးရေတွေကြောင့် တစ်ကိုယ်လုံး အေးစိမ့်သွားသလိုပါပဲ။ ရင်ထဲမှာ

တော့...

"ဟာ... လေညှင်း ဘာလို့ဆင်းတာလဲ။ မိုးရေတွေ ရွှဲကုန်ပြီ

တက်"

"ဟင့်အင်း ... ငါဒီမှာပဲ ကျန်ခဲ့တော့မယ်ဖေ။ အဝေးပြေးကို

ပဲ ငှားစီးသွားလိုက်တော့မယ်"

"ဖြစ်ပါ့မလား။ ငါလိုက်ပို့ပေးမယ်လေ"

"ရပါတယ်။ ငါ့အတွက် ဘာမှမပူနဲ့။ နင်တို့လွတ်သွားဖို့က

တ"

"ဒါဆို ငါသွားတော့မယ်"

"အေး ... အေး"

"ကဲ... မောင်းပါတော့ ဖရယ်။ တော်ကြာ အသိတစ်ယောက်

က်မြင်သွားလို့ လူကြီးတွေဆီ မြန်မြန်သတင်းပေါက်ကြဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆံတင်းစွာ လေညှင်းကို တစ်ချက်ကြည့်ပြီး ဇကားကို မောင်းထွက်သွားလေတော့သည်။ ထွက်သွားတဲ့ကားလေးကိုငေးရင်း မိုး ရွာထဲမှာ ရပ်ကျန်ခဲ့ရသူက လေညှင်းရယ်ပါလေ။ ရုတ်တရက် ကိုယ့် ခေါင်းပေါ်ကိုကျနေတဲ့ မိုးပေါက်တွေ ရပ်တန့်သွားလေသဖြင့် မော့ကြည့် လိုက်တော့…

ကိုယ့်ခေါင်းပေါ်မှာ ထီးလေးတစ်လက်…

ထီးမိုးပေးသူကိုကြည့်လိုက်တော့ သူပါလား။ လေညှင်းကို ကြည့်နေတဲ့ သူ့မျက်ဝန်းထဲမှာ သနားကရုဏာသက်ခြင်းအရောင်တွေ။

"ရှင်…ရှင်"

"ကိုယ့်နာမည် စိုင်းခွန်သာပါ"

"စိုင်းခွန်သာ'

"ဟုတ်ပါတယ်"

"ရှင်က ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ"

"ကိုယ်က လေညှင်း ဘာလုပ်လုပ် ဘယ်သွားသွား အရိပ်လို လိုက်ကြည့်ပြီး သိနေတဲ့သူဆိုရင် ယုံမလား"

"ရှင်"

"အခု လေညှင်း ဘယ်ကိုဆက်သွားမှာလဲ။ အိမ်ပြန်မှာလား"

"ဟင့်အင်း"





လေညှင်း သူ့ကိုငေးကြည့်ရင်း အတွေးပေါင်းစုံက ခေါင်းထဲက …ရုံတစ်ခုကို ဖယ်ထုတ်လိုက်တာ ခဏတာ။ ရှုမ်းစုံတွဲအရုပ်ကလေးကို …နေ့လက်ဆောင်ပေးခဲ့သူဟာ စိုင်းခွန်သာလား။ လေညှင်းကို ပျော်ရွှင် …ာင် ဖန်တီးပေးခဲ့တဲ့သူ။ သူဘယ်လောက်ပဲ ပျော်ရွှင်အောင်ဖန်တီး …ပေး …

အခု …

သူ့ရှေ့မှာရပ်နေတဲ့ လေညှင်းက အရှုံးကိုရင်မှာပိုက်ပြီး သောက …ာင်မှာတင်ကျန်ရစ်သူလေ။

"မင်းပျော်နေတာကိုပဲ ကိုယ်မြင်ချင်တယ် လေညှင်း"

"ကျွန်မ ဘယ်လိုလုပ်ပြီး ပျော်နိုင်မှာလဲ"

"ကိုယ်က မင်းကိုပျော်အောင်ဖန်တီးပေးမယ်ဆိုရင်ရော"

"ရှင်…ကျွန်မ ခံစားချက်တွေကို သိနေတာလား"

"အင်း"

"ဒါဆိုရှင်က"

"မေးစရာရှိရင် နောက်မှဆက်မေး။ အခု ကိုယ်ဘယ်လိုက်ပို့ပေး …လဲ"

လောလောဆယ် နောက်ပြန်လှည့်လို့မရတဲ့ ခြေလှမ်းတွေ …ွက် သက်ပြင်းမောကိုချလိုက်မိစဉ် …



www.burmeseclassic.com

www.burmeseclassic.com



"ကဲ့ပါ... ကိုယ့်ကားဆီအရင်သွားရအောင် လာ"

သူကခေါ်နေသဖြင့် လေညှင်းလိုက်ခဲ့ရတော့သည်။ ကားဆီ ရောက်တော့မှ ...

"ကိုယ်ဘယ်ကိုမောင်းရမလဲ"

"ကျွန်မ ပြင်ဦးလွင်ကိုသွားမှာ"

စိုင်းတွေခနဲဖြစ်သွားပြီးမှ မောင်းထွက်သွားလေလျှင်

"ရှင်... ကျွန်မကို အဝေးပြေးအထိလိုက်ပို့မှာလား"

"ပြင်ဦးလွင်အထိ လိုက်ပို့မှာ"

"ရှင်"

"မင်းတစ်ယောက်တည်းသွားမှာကို ကိုယ်စိတ်မချဘူး။ ပြင်ဦး လွင်မှာ ကိုယ့်ဦးလေးရှိတယ်လေ။ မင်းပြင်ဦးလွင်မှာရှိနေသရွေ့ ကိုယ် လည်းရှိနေမယ်"

"ရှင့်အိမ်ကစိတ်ပူနေမှာပေါ့"

"အဲဒါ ကိုယ့်ကိစ္စပါ"

လေညှင်း ဘာမှဆက်မပြောတော့ဘဲ ငြိမ်သက်နေလိုက်တော့ ၏။ သူလိုက်ပို့မယ်ဆိုတော့ လေညှင်း အန္တရာယ်ကင်းတာပေါ့။ သူ့ကို ဗရုတ်သုတ်ခလုပ်မယ့်ပုံလည်း မပေါ်ပေ။ လူဆိုးမှာ ဦးချိုမရှိပေ... သူ့ကိုတော့ ဘာလို့ယုံကြည်မိမှန်းမသိ။ မဟုတ်တာလုပ်ရင်လည်း ...





...က အခုချိန်မှာ စိတ်ညစ်နေသူ။ သေမထူး နေမထူးဘဲဥစ္စာ အသက် ...လဲပစ်လိုက်မှာပေါ့။

မိုးရေတွေ စိုနေတာကြောင့်

လေညှင်း ချမ်းလွန်းလို့ ခိုက်ခိုက်တုန်လာ၏။ အထည်ဆိုင်တွေ ... ကားရပ်ခိုင်းမည်ဟု စိတ်ကူးလိုက်ရုံပဲရှိသေး အထည်ဆိုင်တစ်ဆိုင် ...မှာ ကားကိုထိုးရပ်ပြီး သူကပဲ ...

"လေညှင်း"

"ရှင်"

"လာ... ဆင်း"

ပြောပြီး သူပဲရှေ့က အရင်ထွက်သွားကာ လေညှင်းအတွက် ...တ်အစားတွေဝယ်ပြီး လဲခိုင်း၏။ လေညှင်းက ပိုက်ဆံထုတ်ပေးတော့ ...ဘဲ သူ့ပိုက်ဆံတွေနဲ့ပဲ ထုတ်ဝယ်နေတာ ကလေးတွေစာရွက်ကိုဖြဲပြီး ...ယ်တိုင်း ကစားနေသလိုပါပဲ။ သူ့မှာဘာလို့ ပိုက်ဆံတွေပေါ်နေတာ ...

ဖနဲ့ လေညှင်းဆိုရင် ...

တစ်လအတွက်ပေးတဲ့ မုန့်ဖိုးတစ်သိန်းကလွဲရင် အပိုငွေမရှိ။ ...ကို သူဌေးသား သူဌေးသမီးတဲ့။ သူ့ကျတော့ ပိုက်ဆံအိတ်ထဲမှာ ...န်းသိန်းမှမကဘဲ။



www.burmeseclassic.com

www.burmeseclassic.com



"ပြင်ဦးလွင်ကိုသွားမယ်ဆိုတော့ ဟိုမှာအမျိုးတွေရှိလို့လား"

"အဘွားနဲ့ ကြီးကြီးရှိတယ်လေ"

"တော်သေးတာပေါ့"

"ရှင်လည်း ကျွန်မအတွက်နဲ့ အလုပ်ပိုနေမလားပဲနော်"

"ဒါက ဘာဟုတ်သေးလို့လဲ"

ဒါပဲပြောပြီး စကားမဆက်ပေမယ့် လေညှင်း သူ့အလိုလိုဆ

စပ်ကြည့်နေလောက်ပါပြီ။ လေညှင်းအတွက်ဆို စိုင်းက အမြဲတမ်းအသင့်

နေခဲ့သူ။ သူမပျော်ဖို့အတွက်လည်း ဖန်တီးပေးခဲ့သူလေ။

စိုင်းသာ အနားမှာရှိမနေခဲ့ရင် ...

ခုလောက်ဆို လေညှင်းငိုနေမလား။ အနည်းဆုံးတော့ ငေ

လွမ်းမောနေမှာ မလွဲမသွေ။ စိုင်း အသံတိတ်သွားတဲ့ လေညှင်းကို

ကြည့်လိုက်တော့ ချမ်းလို့ထင်ပါရဲ့။ ဒူးကိုကျစ်နေအောင်ဖက်ပြီး ဒူး

မှာ ခေါင်းလေးမှေးတင်ထားပုံက ကလေးလေးတစ်ယောက်လို။

"လေညှင်း"

"ဟင်"

"အရမ်းချမ်းနေလား"

"အင်း"

"လာ.. ရှေ့ခန်းကို"





"ရပါတယ်"

"လာပါဆို"

စိုင်း ကားပေါ်ကဆင်းပြီး နောက်ဘက်ကလေညှင်းကို လက်ဆွဲ

ခေါ်မှ လေညှင်းရှေ့သို့ရောက်လာလေသျှင် ...

"ရော့ ... ကိုယ့်ဂျာကင်ဝတ်ထား"

"ရ"

စကားပင်မဆုံးလိုက်ဘဲ စိုင်းကဂျာကင်ကို သူကိုယ်တိုင် လေ

ညှင်းကိုယ်မှာဝတ်ပေးတော့။ သူ့ကြောင့်ထင်ပါရဲ့။ ဒီအချိန်မှာ လေညှင်းငိုနေ

ယ့်အစား မျက်ရည်များသည် စိုင်းရဲ့ယုယမှုအောက်မှာ ခန်းခြောက်ကုန်

သရှော့သလား။

"ဟော.. ငိုက်နေတာထင်တယ်။ အိပ်ချင်လို့လား"

"အင်း"

"အိပ်လေ.. အသားယူတယ်မထင်နဲ့နော်။ ကိုယ့်ကိုမှီအိပ်

လိုက်ပါလား"

"ရှင် ကားမောင်းလို့ အဆင်ပြေပါ့မလား"

"အဆင်မပြေတော့ဘူးဆိုရင် ရပ်ထားလိုက်ရုံပဲပေါ့"

"ကိုစိုင်းခွန်သာ"

"စိုင်းလို့ပဲခေါ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . လေညှင်းအိပ်ပျော်သွားရင် စိုင်း လေညှင်းကို ထား ခဲ့ပြီးထွက်မပြေးရဘူးနော်"

စိုင်းက ပခုံးလှုပ်အောင်ရယ်လိုက်ပြီး

"ကိုယ့်ကားကိုထားခဲ့ပြီး ထွက်ပြေးမလား ကောင်မလေး ပြီးတော့ အစကတည်းက စိတ်မချလို့ လိုက်ပို့တဲ့ဟာကို"

"ဟုတ်သားပဲ"

လေညှင်းလည်း ရယ်ရင်း သူ့ပခုံးကိုမှီ၍ မျက်လုံးလေးတွေ မှိတ်ချလိုက်တော့သည်။ ဖသာ သူ့နေရာမှာဆိုရင် ဘယ်လောက်ကော လိုက်မလဲလို့ တွေးမိပြီးမှ . . . လေညှင်း သူ့ပခုံးကိုမှီရခြင်းအတွက် ရင်ထဲကို ရင်းနှီးမှုလေးများ စီးဝင်သွားကာ နွေးထွေးခြင်းများနှင့်။ နောက် တော့ အိပ်ပျော်သွားတာ ဘာမှမသိတော့ပေ။

စိုင်းရဲ့ဖုန်းက အသံမြည်လာတော့ . . .

စိုင်းလျင်မြန်စွာ ပိတ်ပစ်လိုက်သည်။ လေညှင်းရဲ့ အိပ်စက်ခြင်း တွေ နိုးသွားမှာစိုးလို့ပါ။

ကိုယ်မင်းကို . . .

အဲဒီလောက်အထိ ချစ်မိသွားခဲ့တာပါ လေညှင်းရယ်။

✧✧✧



## အခန်း (၁၅)

ဖကေ သူ့အိမ့်မှူးကို ခိုးပြေးပြီဆိုတဲ့အကြောင်း အိမ်ကိုပြန်ပြီး နှိုးဆက်အကြောင်းကြားလိုက်တာနှင့် ဦးသူရပေါက်ကွဲလေတော့သည်။

"သေသေချာချာ အကွက်ချပြီး စီစဉ်ထားတာတောင် ဒင်းက ဒီအမျက်နှာကို အိုးမည်းသုတ်ဖြစ်အောင် သုတ်သွားသေးတယ်၊ တောက် ခွေးမသား"

"ကျွန်မ သားလေ"

"အေး . . . အခု မင်းရော ငါရော ခွေးဖြစ်ကိန်းဆိုက်ပြီ"

"စိတ်ညစ်ပါတယ်ရှင်"

ဦးသူရ ဖင်မထိုင်နိုင်။ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် ခုမှမျောက်မီးခဲကိုင်မိသလိုပါပဲ။ ခုမှလိုက်ခွဲလို့လည်း မဖြစ် အစက လေညှင်းနဲ့ နှစ်ယောက်စလုံးပျောက်နေတော့ အန္တရာယ်တစ်ခု များ ကြုံနေသလားလို့ စိတ်ပူပြီးလိုက်ရှာခဲ့ကြတာ။ ဖုန်းခေါ်ကြည့်တော့ နှစ်ယောက်စလုံးရဲ့ဖုန်းတွေက ပိတ်ထားကြသည်လေ။

အခုကျတော့. . .

ဖက အိမ့်မှူးဟန်ကိုခိုးပြေးပြီး လေညှင်းက ပြင်ဦးလွင်ကိုထွက် သွားတာတဲ့။ ခုလို တစ်ညတာကုန်ဆုံးသွားပြီးမှ လိုက်ခွဲတော့ ဘာထူး တော့မှာလဲ။ လွန်ကျွံကုန်ပြီပေါ့။ ဒါ သားသမီးချင်းကိုယ်ချင်းစာစိတ်နဲ့ တွေးပေးလို့သာပေါ့လေ။ ကိုရွှေသာတို့ကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့။

"အဲဒီကောင် ပြာပုံကိုတိုးသွားတာ။ ပြာတောင်မှ ရိုးရိုးပြာ မဟုတ်ဘူး။ ဖွဲမီးလို တငွေ့ငွေ့လောင်မယ့်ပြာပုံထဲကို တိုးသွားတာ"

"ကောင်မလေးက ဘယ်သူ"

"အိမ့်မှူးဟန်တဲ့"

"အဲဒီ မိန်းကလေးက"

"လှတယ် အသုံးအဖြုန်းကြီးတယ်။ အပျော်အပါးလည်းမက် ပြီး အလှအပကြိုက်တဲ့ မိန်းကလေး။ မင်းသားကို မယုံစောင့်ကြည့် တစ်နေ့ မျက်ရည်တစ်ဖက်၊ နှပ်တစ်ဖက်ဖြစ်လာလိမ့်မယ်"





"မဦးမချွတ်တွေ မပြောစမ်းပါနဲ့ရှင်။ သားက အဲဒီလောက်အထိ ညံ့သေးဘူးရှင့်။ အိမ်ထောင်ကျမှ ပြောင်းလဲသွားတဲ့လူတွေ ဒုနဲ့ဒေးပဲ"

"ဘာလဲ မင်းကဖြစ်မိတဲ့လင် ဖြစ်မိတဲ့မယားဆိုပြီး သဘောတူ ပေးလိုက်တော့မှာလား"

"မိဘဝတ္တရားကရှိနေတာပဲလေ"

"တောက်"

"ရှင် . . . ကျွန်မကို တက်မခေါက်နဲ့နော်"

"ငါ မင်းကိုခေါက်တာမဟုတ်ဘူး။ ဟိုကောင့်ကို"

ကိုယ့်သားကိုက ဖလန်းဖလန်းထနေတော့ သူများကိုချည်း အပြစ်ပုံချလို့လည်း မရ။ ဦးသူရ ခုလိုဒေါသဖြစ်နေရတာ လေညှင်းလေး ကို သနားလို့ပါ။ ကိုယ့်သားအပေါ် ဒီကလေးဘယ်လောက်သံယောဇဉ် ကြီးတယ်ဆိုတာ သိနေတော့။ ကိုယ်တင်သွားတာမဟုတ်ဘဲ ဒီကလေး ကို ခုတုံးလုပ်သွားတာကို ပိုပြီးဒေါသဖြစ်တာ။

သူ့ခမျာ ဘယ်လောက်ခံစားရရှာလိမ့်မလဲ။ လူကြီးချင်းလည်း မျက်နှာပျက်ကုန်ကြတော့မည်။ ကိုရွှေသာတို့လည်း သူတို့သမီးလေး အတွက် ပူပန်သောကရောက်နေကြမှာပေါ့။ သူရဇ္ဇ . . . မင်းက မြေပြင် ကို ရေထင်ပြီး ကူးချင်တဲ့ကောင်။ ကူးစမ်း။

"ငါကတော့ လုံးဝသဘောမတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရှင်ဘာလုပ်မှာလဲ"

"ပစ်ထားလိုက်ရုံပဲပေါ့"

"ကျွန်မက ပစ်မထားနိုင်ဘူး"

"အဲဒါ မင်းကိစ္စလေ။ ငါ့ကိုဘာမှထပ်မပြောနဲ့"

"ရှင်က ဖအေဆိုတော့ ပြောအားရှိမှာပေါ့။ ကျွန်မက ကိုယ်တို မွေးထုတ်ထားရတဲ့အမေဆိုတော့ သားငယ်ကို သားကြီးတုန်းကလိုအပြ မခံနိုင်ဘူး"

ဒေါ်မင်းမင်းသွယ် မျက်ရည်တွေကျလာ၏။ သားကြီးတုန်း သူတို့ သဘောမတူတဲ့မိန်းမကိုယူရမလားဆိုပြီး ပစ်ထားခဲ့ကြတာ။ နော တော့ မိဘကပစ် မယားကမကောင်း။ သားကြီးခမျာ သူ့အပြစ်နဲ့ ကြိတ်ခံစားခဲ့ရရှာတာလေ။

"ငိုမနေစမ်းပါနဲ့ကွာ။ အဲဒီကောင် မင်းမျက်ရည်နဲ့တန်လို့လာ"

"ကျွန်မသားက တောင်းဆိုး ပလုံးဆိုးမှမဟုတ်ဘဲရှင့်"

"မင်းသားက အဲဒါတွေလောက်တောင် တန်ဖိုးမရှိတာ။ တော ဆိုးပလုံးဆိုးကမှ မီးမွေးလို့ အသုံးဝင်ဦးမယ်"

"ရှင့်လွန်လာပြီနော်"

"ဒီမှာ"

"ဘာလဲ"





"မင်းတကာယ်သနားရမှာက လေညှင်းကိုကွ သိလား"

ရှိုက်သံကပင် တစ်ဝက်တစ်ပျက်နှင့်ရပ်သွား၏။ သားအပေါ် သည်းခံခြင်းများနှင့် သံယောဇဉ်ကြီးခဲ့သည့်ကလေး။ အနီးကပ်နေကြသူ တွေမို့ ချစ်လာကြလိမ့်မယ်လို့ ထင်ခဲ့တာ။ အခုတော့ အနာတလွဲ ဆေး တလွဲပါပဲလား။

ဒေါ်မင်းမင်းသွယ်. . .။

လေညှင်းအပေါ် ကိုယ့်သမီးလေးအရင်းလို ဆက်ချစ်နေမှာပါ လေ။

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အိမ်ရှေ့က ဆိုင်ကယ်သံကြားသဖြင့် ဒေါ်မေရီက လည်ပင်း မျှော်၍ကြည့်သည်။ ဒေါ်ဖူးဖူးခိုင်က ထိုင်ရာကနေထသွားပြီး ကြည့်လေ လျှင်. . .

"ဟယ်. . . မောင်ခွန်သာပါလား။ မောင်ခွန်သာ လာတာနဲ့ အတော်ပဲ"

"ဘာဖြစ်လို့လဲ အန်တီ"

"မင်းညီမတော့ ဖျားနေပြီထင်တယ်။ ဆေးခန်းသွားမယ်ဆိုတာ ပြောလို့မရဘူးကွယ်။ အခု ဆရာဝန်ကို ဖုန်းဆက်ခေါ်ထားလို့ အန်တီတို့ စောင့်နေတာ"





"ဟုတ်လား"

စိုင်းက အရင်ပြင်ဦးလွင်မှာနေခဲ့သူဆိုတော့ အသိတွေအားလုံး က သူ့ကိုခွန်သာလို့ပဲခေါ်ကြတာလေ။ လေညှင်းကိုလိုက်ပို့တဲ့နေ့ကမှ သိလိုက်ရတာ လေညှင်းရဲ့ အဘွားနဲ့ ကြီးကြီးဆိုတာ ခွန်သာ့ဦးလေးနဲ့ ရင်းနှီးဆုံးမိတ်ဆွေတွေ။

ဒါကြောင့် . . .

ဝင်ခွင့်ထွက်ခွင့် ပါမစ်က အလိုလိုရပြီးသားဖြစ်သွားတာလေ။

"ကျွန်တော်သွားကြည့်လို့ရမလား အန်တီ"

"ရပါတယ် သားရယ်။ သွားကြည့်လေ"

"အန်တီပါ လိုက်ခဲ့မှပေါ့"

"အေး . . . အေး"

လေညှင်းဆီကိုသွားတော့ ဒေါ်ဖူးဖူးခိုင်ကရှေ့မှ၊ စိုင်းကနောက် မှ လိုက်လာခဲ့သည်။

"အင်း . . . ဟင်း . . . ဟင်း"

"လေညှင်း"

"ချမ်းတယ်"

"လေညှင်း"

လေညှင်းက လုံးဝမျက်လုံးဖွင့်မကြည့်ပေ။ ဘာလုပ်ရ ဘာကိုင်



www.burmeseclassic.com

www.burmeseclassic.com



ရမုန်းမသိဖြစ်နေစဉ်မှာပဲ ဆရာဝန်ကရောက်လာလို့ တော်သေးတာပေါ့။ ဒီအိမ်မှာက မိန်းမသားတွေချည်းပဲဆိုတော့ အရေးအကြောင်းဆို အားကိုးအားထားကမရှိ။ လေညှင်းကိုစိတ်ချပြီး မထားခဲ့နိုင်သောစိတ်တွေက ဖုန်းကိုထုတ်ပြီးသား ဖြစ်သွား၏။ သူ ဒီညအိမ်ပြန်လို့ စိတ်ဖြောင့်မှာ မဟုတ်ဘူးလေ။

ဒါကြောင့် ...

လေးလေးကိုဖုန်းဆက်ပြီး ဒီညအိမ်မပြန်တော့တဲ့အကြောင်း ပြောလိုက်တာပါ။ သူအခန်းထဲကို ပြန်ဝင်လာခဲ့တော့ ...

"ကျွန်တော် ဆေးထိုးပေးထားတယ်။ မကြာခင် အဖျားကျသွားမှာပါ။ သောက်ဆေးလည်း ပေးခဲ့မယ်။ ချွေးထွက်များလာရင် အဝတ်လဲပေးလိုက်ပါနော်"

"ဟုတ်ကဲ့ရှင့်"

"ဒါဆို ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်"

ဆရာပြန်သွားတော့ စိုင်းနဲ့ ဒေါ်ဖူးဖူးခိုင် အကြည့်ချင်းဆုံသွားကာ

"မိုးချုပ်လှပြီ သားပြန်ချင်ပြန်တော့လေ"

"လေးလေးကို ဒီည ကျွန်တော်အိမ်မပြန်ဘူးလို့ ဖုန်းဆက်ထား





…ယ် အန်တီ။ ကျွန်တော် လေညှင်းကို စိတ်မချလို့ စောင့်အိပ်ပါရစေ"

"ဪ ... အေး"

ဒေါ်ဖူးဖူးခိုင် ယောင်ယမ်း၍ ခေါင်းညိတ်လိုက်မိတာဖြစ်၏။ …ကယ်လည်း ခေါင်းညိတ်သင့်ပါသည်လေ။ ဒီကလေးက ကိုယ့်တူမ…အပေါ် ဂရုစိုက်လွန်းလှ၏။ တူမလေးအပေါ် သူမတို့စိုးရိမ်တာထက် …နိမ့်ပြီး ပိုဂရုစိုက်နေတာ ဘယ်လိုမေတ္တာမျိုးနဲ့လဲ။

ဘယ်လိုပဲဖြစ်ဖြစ် ...

စိုင်းခွန်သာက လူတော်လူကောင်းလေးပဲဆိုတာ သူမတို့သိသည်။ လူကိုယ်တိုင်နဲ့ သိပ်ရင်းရင်းနှီးနှီးမရှိခဲ့ပေမယ့် သူ့ဦးလေး ဦးစိုင်း…က သွားလေရာအရပ်မှာ သူ့တူအကြောင်းပြောပြီး ဂုဏ်ယူနေတတ်သူ။ ဒီလိုလူမျိုးနဲ့ စိတ်မချစရာဘာရှိလဲ။ ပြီးတော့ ကိုစိုင်းဝေတို့ အသိုင်းအဝိုင်းက

ပစ္စည်းဥစ္စာထက် ...

ဂုဏ်သိက္ခာဆိုတဲ့ စက်ယန္တရားကြီးကို အသက်ထက်မြတ်နိုးတန်ဖိုးထားကြသူတွေ။

"ဟို ... အန်တီက ဒီအခန်းထဲမှာအိပ်လေ။ ကျွန်တော်အခန်းပြင်မှာ ဒရင်းဘတ်ဖိချပြီး အိပ်ပါ့မယ်"

"သား ဒီအခန်းထဲမှာပဲ အိပ်ပါကွယ်။ အန်တီ မင်းကိုယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

"ကျွန်တော့်ကိုယ်ကျင့်တရားကို ယုံကြည်တဲ့အတွက် ကျေးဇူးတင်ပါတယ် အန်တီ"

"အန်တီမေမေ့ကို ဆေးသွားတိုက်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"

ဒေါ်ဖူးဖူးခိုင် ထွက်သွားတော့ စိုင်းတစ်ယောက် လေညှင်းအနားမှာထိုင်ပြီး လေညှင်းမျက်နှာလေးကို တစိမ့်စိမ့်ထိုင်ကြည့်နေမိ၏။ လေညှင်းက တစိမ့်စိမ့်ကြည့်လေ ပိုလှလေပဲလေ။ နဖူးလေးကို စမ်းကြည့်တော့ ကိုယ်ပူကျပြီး ချွေးလေးတွေစို့နေသည်။

အန်တီလာမှ အဝတ်လဲပေးလိမ့်မည်ဟု

လောလောဆယ် ချွေးတွေကို လက်ကိုင်ပဝါလေးနှင့် တို့သုတ်ပေးနေစဉ် လေညှင်းရဲ့ မျက်လုံးလေးတွေက ဖွင့်ကြည့်လာပြီး ...

"ဟင် ... စိုင်း"

စိုင်းမျက်နှာက ဘယ်အချိန်ပဲကြည့်ကြည့် ပြုံးနေတာပဲလေ။

"သက်သာရဲ့လား"

"အင်း"

"မိုးမိထားတော့ လေညှင်းဖျားမယ်ဆိုတာ ကိုယ်ထင်တော့ထင်သားပဲ။ အဲဒါကြောင့် လမ်းမှာကတည်းက ဆေးခန်းဝင်ပြလိုက်ပါဆို





စကားကို နားမထောင်ဘူး"

"နောက်ဆိုနားထောင်မယ်လေ"

"ဖြစ်ပြီးမှပြောတာ"

"စိုင်း"

"ဟင်"

"အခု ညဘက်ရောက်နေတာလားဟင်"

"ဟုတ်ပါတယ်"

လေညှင်းရဲ့မျက်လုံးလေးတွေက ဟိုဒီဝေ့ကြည့်ပြီး ...

"စိုင်း ဒါဆို စိုင်းရဲ့ဦးလေးအိမ်ကို မသွားရသေးဘူးပေါ့"

"သွားပြီးပြီ ... နေဝင်စကမှ ပြန်လာတာ"

"ဪ"

လေညှင်း စိုင်းမျက်နှာကို ငေးမောမိသွား၏။ နှိုင်းယှဉ်လို့ခြင်း မယ့် မသင့်တော်တော့ပါဘူးလေ။ ဇာက သူများယောကျ်ားဖြစ် ဆိုတော့ စိတ်နဲ့တောင် ပြစ်မှားကောင်းတာမှမဟုတ်တာ။ စိုင်းက လေညှင်းကို ဂရုစိုက်နေတာလဲ။ လေညှင်းကို မမြင်ကွယ်ရာအရပ် ပျော်စရာတွေဖန်တီးပေးရင်း ဖြည့်ဆည်းနေခဲ့တာသူလား။

"ကိုယ်ဒီည ဒီမှာပဲအိပ်မှာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"လေညှင်းကိုစိတ်မချလို့ ဟိုအနားမှာ ဒရင်းဘတ်ဒ်ချပြီး ...
မှာပဲ"

"ဒုက္ခရှာလို့ စိုင်းရယ်"

"မင်းဘက်က သုခတွေပြန်ပေးပေါ့"

"ဟာင်"

"နေကောင်းရင် ကိုယ်လေညှင်းသွားချင်တဲ့နေရာမှန်...
အကုန်လိုက်ပို့မယ်သိလား"

"တကယ်နော်"

စိုင်းက ခေါင်းညိတ်ပြလေသည်။ အရာရာတိုင်းက သူ့အတွေ...
လား ထင်ရအောင် နေရာတကာမှာ လေညှင်းအတွက် စိုင်းကစွမ်း...
ရှင်ဖြစ်လို့နေပြီ။ လိုသမျှကြိုးသိကြိုမြင်နေသလို ကြိုပြီးလုပ်ကိုင်ပေး...
တွေ့။

ဘယ်လိုမေတ္တာတရားမျိုးနဲ့ လေညှင်းအပေါ် ဒီလောက်...
နေရတာလဲ စိုင်းရယ်။

"စိုင်း"

စိုင်းက မေးဆတ်၍ထူးလေလျှင်. . .

"လေညှင်းရဲ့နောက်ကွယ်ကနေ လေညှင်းကိုပျော်စရာ...
ဖန်တီးပေးနေတာ စိုင်းလားဟင်"





"လေညှင်းက ဘယ်လိုထင်လို့လဲ"

"လေညှင်းကတော့ သူနဲ့စိုင်းက တစ်ယောက်တည်းပဲလို့ ထင်
...တယ်"

ရယ်ပြီး တစ်ဖက်လှည့်သွားတဲ့စိုင်းကို ဘယ်လိုနားလည်ရမှန်း
...သိ။ ဟုတ်သည်လား မဟုတ်ဘူးလားဆိုတာ. . .

"မြန်မြန်နေကောင်းအောင်ပဲ ကြိုးစားပါကွာ. . . နော်"

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဇ"

ပါးစပ်ကမပြောဘဲ ဇက ပြန်ငဲ့ကြည့်သည်။ အိမ့်မှူးက သူ့ဆော နားမှာရပ်ရင်း စူပုပ်ပုပ်မျက်နှာနှင့်

"ရှင့်ကို ကျွန်မ မပြောချင်လို့ကြည့်နေတာနော်။ မသိလို့မဟုတ် ဘူး နားလည်လား"

"ဟာ... အစမရှိ အဆုံးမရှိ ဘလိုင်းကြီး ပြဿနာလာရှာနေပ လား"

"ဘာမှဘလိုင်းကြီးမဟုတ်ဘူး။ ယူတုန်းက မိန်းမကိုယူထားပြီ မင်္ဂလာဆောင်ခါနီး ပျော်ရွှင်တက်ကြွနေရမယ့်အစား အခုရှင်က ကြည့်





ကြိုးလည်လိမ်ထားတဲ့အတိုင်းပဲ"

"ဘာလဲ... ငါက ဒီပါးစပ်ကြီးကို ထာဝရဖြဲနေရမှာလား"

"နည်းနည်းပါးပါး ပြုံးပြုံးရွှင်ရွှင်နေမှပေါ့"

"ကျွတ်"

ဇ စိတ်ပျက်စွာ ဆံပင်တွေကို ဖွလိုက်မိ၏။ လူအများပြောကြ ဘတော့ ထောင်ကထွက်တဲ့နေ့နဲ့ မိန်းမရတဲ့နေ့က လူ့ဘဝမှာ ပျော်စရာ အကောင်းဆုံးနေ့တဲ့။ ဇအတွက်ကတော့ အဲဒီစကားမှားနေပြီထင်ပါရဲ့။ မိန်းမရတာကို မပျော်ရွှင်နိုင်ဘဲရှိနေသည်။ သူ့... မှားပြီလား။ သူ့ကြောင့် သည့်ငင်း ပြင်ဦးလွင်ကို ထွက်သွားရတာဆိုတဲ့အသိနဲ့ လေညှင်းမျက်နှာ သားကို မြင်ခွင့်မရတော့ခြင်းအတွက် ...

သူ့...

ဘယ်လိုမှ မပျော်နိုင်ခဲ့ပေ။ အချစ်ဆိုတာ ဘာလဲ။ သူ အိမ့်မှူး ကိုချစ်လို့ လက်ထပ်ခဲ့တာမဟုတ်ဘူးလား။ ချစ်သူတွေ လက်ထပ်ကြတဲ့ အခါ ပျော်လွန်းလို့ မိုးမမြင် လေမမြင်ရှိခဲ့ကြတာတွေ။ အစကတော့ ပျော်သလိုလိုရှိပေမယ့် အခုကျတော့ မိန်းမယူမိတာကိုပဲ နောင်တရချင် သလိုလို။ ဒီကြားထဲ အိမ့်မှူးက သူပြောသလိုမဖြစ်ရရင် သူလိုချင်တာ ရရင် စိတ်ကောက်တာက တစ်မျိုး၊ ပူညံပူညံလုပ်တာက တစ်မျိုးဆို တော့...



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ကိုယ်အနိုင်ယူ ဗိုလ်ကျတာကို ခွင့်လွှတ်သည်း… သော လေညှင်းကို သတိရမိသည်။ သတိရတိုင်းလည်း ရင်ထဲမှာနင့်… အောင် ခံစားရ၏။

"ဒီမှာ ဇ"

"ဘာလဲကွာ"

"ရှင် နောင်တရနေပြီလား"

"ဘာကိုလဲ"

"ဟွန်း မိန်းမကိုဘေးမှာထားပြီး ရှင်အခြားတစ်ယောက်ကို လွမ်… နေတာ ကျွန်မသိတယ်ရှင့်"

"ဘာ"

"ရှင်က ကိုယ့်ကိုယ်ကိုယ် နားမလည်ဘဲ အချစ်ကိုကစားခဲ့… ကို။ တကယ်တော့ ရှင် ကျွန်မကိုမချစ်ဘူး"

အစကတော့ ချစ်တယ်လို့ထင်ခဲ့တာ။ အခုတော့ အိမ့်မှူး… တာကို လက်ခံချင်သလိုလို။ သူ့အချစ်ကို မာယာများမိလို့ အခုအချစ်… ကိုယ့်ကိုပြန်ပြီး လိမ်ညာလှည့်ဖြားနေတာလား။

"ရှင် ချစ်နေတာက ကျွန်မ မဟုတ်တဲ့ အခြားတစ်ယောက်…"

ဇ တွေတွေကြီးရပ်နေမိ၏။ သူဘယ်သူ့ကိုချစ်ခဲ့တာလဲ၊ အခု… မှာ မထူးတော့ပြီမို့ သိလည်း မသိချင်တော့ပေ။





"မင်းဘာတွေလျှောက်ပြောနေတာလဲ အိမ့်မှူး။ အခုချိန်မှာ …င်းက ငါ့မိန်းမဖြစ်နေပြီ။ အပိုတွေလျှောက်တွေးမနေနဲ့"

"အမှန်တရားကို ရှင်သိစေချင်လို့ ပြောပြတာ"

"ဘာအမှန်တရားလဲ"

အကြည့်ချင်းဆုံတော့ အိမ့်မှူးမျက်နှာမဲ့ခနဲဖြစ်သွားကာ…

"ကျွန်မလည်း အစက ရှင့်ကိုမချစ်ခဲ့ဘူး"

"……………"

"အခုတော့ ကျွန်မစိတ်က တိမ်းလွှယ်ယိမ်းလွယ်ထင်ပါရဲ့။ ရှင်နဲ့ …ပေါင်းသင်းခဲ့ရတဲ့ကာလမှာ ရှင့်ကိုချစ်မိသွားခဲ့တယ်"

သက်ပြင်းချလိုက်မိခြင်းမှာ သူရော နောင်တတွေပါသွားနိုင်ခဲ့ …သလား။ မချစ်ဘဲ ယူခဲ့မိသူက အခုကိုယ့်ကိုချစ်မိနေပြီတဲ့။ ကိုယ်ကချစ် …တယ်ထင်လို့ ယူခဲ့တာကျတော့ အခု အချစ်တွေပျောက်ဆုံးနေခဲ့ပြီ။

ဘာတွေလဲ…

ဇ စိတ်ထဲမှာ လေးလံထုံထိုင်းနေလျက် ငိုချင်စိတ်တောင်ပေါက် …သည်။ ဒါပေမယ့်… အိမ်ထောင်ရေးဆိုတာ အိမ်တစ်လုံးဆောက်သလို …ကြိုက်ဘူးဆိုပြီး ဖြိုဖျက်ပစ်လို့မှမရတာ။

"အခုမှ အဲဒါတွေပြောနေလို့ ဘာထူးတော့မှာလဲ အိမ့်မှူးရယ်၊ …ရှေ့ဆက်ကိုယ်တို့ အကောင်းဆုံးဖြစ်အောင်ပဲ ကြိုးစားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ရှင် ကျွန်မကိုချစ်နိုင်လို့လား”

“ကိုယ်ကြိုးစားပါ့မယ်”

“ကြိုးစားမယ် ဟုတ်လား”

“ကိုယ့်ကို ဂျစ်မတိုက်ပါနဲ့ကွာနော်”

“သားရေ”

“ဗျာ”

ဒေါ်မင်းမင်းသွယ်ရောက်လာသဖြင့် စကားစကပြတ်သွားသည်။

“သားတို့ မင်္ဂလာဝတ်စုံသွားရွေးမလို့ဆို”

“ဟုတ်ကဲ့”

“မသွားသေးဘူးလား”

“သွားမယ် မေမေ”

“အေး အေး။ သားမေ့နေမှာစိုးလို့ မေမေသတိလာပေးတာပါ”

မေ့စရာလား။ ကိုယ့်မင်္ဂလာဆောင်ကိစ္စအတွက်ပဲဟာ ကိုယ်သိတာပေါ့။ အလကား စကားမရှိစကားရှာပြီး လာပြောနေတာ။ အိမ့်မှူး ဒီအိမ်မှာလိုက်နေရတာအတွက် သိပ်မကျေနပ်ပေ။ အဘိုးကြီးက အိမ့်မှူးကို လုံးဝမျက်နှာချင်းမဆိုင်ဘူးလေ။ အိမ့်မှူးနဲ့ သူ့သားကိုသဘောမတူလို့ တဲ့”

အဘွားကြီးကျတော့ ...





သမီး ... သမီးဆိုပြီး မျက်နှာချိုတော့သွေးပါရဲ့။ စရောက်လာကတည်းက ရွတ်ပြလိုက်တဲ့ဆုံးမစာ။ ချမှတ်လိုက်တဲ့ စည်းကမ်းချက်တွေကို သူ့သားကလည်း ခေါင်းတညိတ်ညိတ်နဲ့။ အိမ့်မှူးကိုပါ မိဘတွေ စကားနားထောင်ဖို့ ပြန်ပြီးသင်တန်းပို့ချနေသေးသည်။

“အိမ့်မှူး”

“....”

“အဝတ်သွားလဲလေ ကိုယ်စောင့်နေမယ်”

အိမ့်မှူးထွက်သွားတာနှင့် ဇအကြည့်တွေက တစ်ဖက်ခြံထဲသို့ ရောက်သွားပြန်သည်။ ငယ်ငယ်က လေညှင်းနဲ့အတူ ကစားခဲ့ကြတဲ့ပုံရိပ်တွေ။ သူ့အပေါ် လေညှင်းလောက်ကောင်းမယ့်သူ နောက်တစ်ယောက် ရှိနိုင်ဘူးဆိုတာ သိလိုက်ပါပြီ လေညှင်းရယ်။

“လေညှင်းက မင်းကိုချစ်နေတာလို့ ငါထင်တယ်”လို့ ပြောတဲ့ အေးမင်းစကားကို သတိရမိ၏။

“မဖြစ်နိုင်ဘူး”

“ဘယ်လိုမဖြစ်နိုင်တာလဲ ဇ”

“မင်းတို့စဉ်းစားကြည့်လေ။ လေညှင်းနဲ့ငါက ပြောမနာဆိုမနာ သူငယ်ချင်းတွေပဲဥစ္စာ။ ချစ်သူအဖြစ် ပြောင်းလဲပစ်ဖို့ဆိုတာ ... ကျွတ် ဖြစ်နိုင်ပါဘူးကွာ။ မျက်နှာပူစရာကြီး”



www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာဇ”

“.........”

“မင်းတစ်နေ့နေ့မှာ နောင်တရလိမ့်မယ်နော်”

“နောင်တ ဟုတ်လား”

“ဟုတ်တယ်”

“အဟွန်း”

အဲဒီတုန်းက ဇ သူငယ်ချင်းတွေပြောတာကို လှောင်သ[…]
ပခုံးတွန့်ပြီးရယ်ခဲ့တာ။ ခုရယ်နိုင်သေးရဲ့လား။

“လေညှင်းက မင်းခါးပိုက်ထဲက ဖားဆိုပေမယ့် အသေကော[…]
မဟုတ်ဘူးနော်ဇ။ မင်းရှေ့ကိုမဲနေတုန်း ပုဆိုးပေါက်ကနေ ခုန်ထွက်[…]
နိုင်တယ် သိလား”

ငါမှားသွားပြီ လေညှင်းရယ်။ အချစ်ကို ဆော့ကစားခဲ့တဲ့[…]
အခု အချစ်က ငါ့ကိုပြန်ပစ်သွားတဲ့ခါက အကြီးကြီးပါပဲဟာ...။

“ဇ”

“ဟင်”

“လာလေ...သွားမယ်”

✧✧✧



## အခန်း (၁၈)

“သိပ်လည်း နေကောင်းသေးတာမဟုတ်ဘဲနဲ့ မသွားပါနဲ့လား
[…]ရယ်”

“ဟာ...မရဘူး သွားမှာပဲ”

“တွေ့လား မေမေ။ မေမေ့မြေးက ရန်ကုန်မှာဆိုးခွင့်မရတိုင်း
[…]ရောက်မှ ကလေးလိုဆိုးနေတာ”

“ဪ...သူလည်း ရောက်တုန်းရောက်ခိုက် သွားချင်လာ
[…]ရှာမှာပေါ့ သမီးရယ်”

“ဟင်...မေမေက သူ့ပဲတားပြီး ချက်ချင်းမြေးဘက်ကိုပါသွား
[…]ပြီ”



www.burmeseclassic.com

www.burmeseclassic.com



အဘွားနဲ့ ဒေါ်ဖွားဖွားခိုင် ပြောနေကြတာကိုနားထောင်ရင်း စိုင်းရဲ့မျက်လုံးတွေက လေညှင်းမျက်နှာလေးဆီမှာ။ ပြင်ဦးလွင်ကိုရောက်ပြီးမှ လေညှင်းရဲ့အသားလေးတွေက ဝါညက်ညက်ဖြစ်လာပြီး ပိုရှုချစ်စရာကောင်းနေပါရော့လား။

"မောင်ခွန်သာ"

"ဗျာ"

"မင်းညီမကိုဂရုစိုက်ပြီး ခေါ်သွားလိုက်ပါကွယ်။ သူကသွားချင်တယ်ဆိုလို့သာ ဘွားက သိပ်စိတ်ချတာမဟုတ်ဘူး"

"စိတ်ချပါ ဘွား"

"ပြောမကောင်းရင် ရိုက်ဆုံးမလို့လည်းရတယ်နော် သား"

"ကြီးကြီးကလည်း"

လေညှင်း စူရူဆောင့်ဆောင့်လေးပြောတာကိုပဲ ဒေါ်ဖွားဖွားခိုင်က ချစ်စနိုးနှင့် မေးဖျားလေးကို လှမ်းဖျစ်လိုက်လေသည်။

"ကဲ ... သွားရအောင် လေညှင်း"

စိုင်းထရပ်လိုက်တော့ လေညှင်းကပါထရပ်လိုက်ကာ

"ဘွား သမီးသွားမယ်နော်"

"ကောင်းပါပြီတော်"

"ကြီးကြီး ... သွားပြီ"





လက်ကလေးပြပြီး နှုတ်ဆက်နေတဲ့လေညှင်းကို လက်ဆွဲခေါ်သွားချင်ပေမယ့် ကိုယ်မှာအဲဒီအခွင့်အရေးမရသေးပေ။ ကြိုးစားရမှာပေါ့။ လေညှင်းရင်ထဲက သူရဖို့ကိုဦးစားပေးဖယ်ထုတ်ရဦးမှာဆိုတော့ အချိန်တော့ ပေးရမှာပဲလေ။ အခု ရေတွင်းတူး အခုရေကြည်သောက်ချင်လို့တော့ ဘယ်ရပ့ါမလဲ။

စိတ်ရှည်သည်းခံဇွဲသန်နိုင်မှ ...

ကိုယ်လိုချင်တဲ့ပန်းတိုင်ကိုရောက်မှာ။ ရှေ့လူနေရာမှာ အစားထိုးတာမျိုးပေမယ့် ကိုယ်ကချစ်ရသူ။ မေတ္တာတရားက အသွားသာရှိပြီး အပြန်မပေးနိုင်တာမျိုး ပစ်ပစ်ခါခါလုပ်ရိုးမှ မရှိတာ။ အချစ်ဆိုတာ ဒီလူကို ပေးပြီးသားမို့ နောက်ထပ်လူကို မပေးနိုင်ဘူးဆိုတာ မရှိဘူးလေ။ သူ့နောက်မချစ်နိုင်တဲ့အချစ်နဲ့ သူ့ထက်ပိုချစ်တဲ့အချစ်။ အဲဒီနှစ်ခုထဲက ပေးခဲ့တော့ပေးလို့ရတာပဲ မဟုတ်လား။

"စိုင်း"

"ဟင်"

"ဆိုင်ကယ်နဲ့သွားမှာလား"

"ဒါပေါ့"

"လေညှင်း မြင်းလှည်းစီးချင်တယ်"

"စီးရစေသတည်း"



www.burmeseclassic.com

www.burmeseclassic.com



"တရုတ်ဘုံကျောင်းကို အရင်သွားမယ်နော်"

"သွားရစေသတည်း"

"ပြီးရင် တရုတ်အစားအစာတွေ စားမယ်"

"စားရစေသတည်း"

"အင်း . . . ပြီးရင် မဟာအံ့ထူးကံသာဘုရားကို ဖူးရအောင်"

"ဖူးရစေသတည်း"

"ရက္ခပဗေဒဥယျာဉ်ကိုလည်း လိုက်ပို့"

"ပို့စေသတည်း"

"ဟော . . . တွေ့လားမှားသွားပြီ"

"ဟင် . . . ဘာမှားလို့လဲ"

"ပို့စေသတည်း မဟုတ်တော့ဘူးလေ။ ရောက်စေသတည်း ပြောရမှာ"

"ဟုတ်ပါပြီ . . . ကဲတက်"

ရင်နှီးမှုလေးတွေက ရင်ထဲမှာ တစ်စတစ်စပိုလာသည်နှင့် လေညှင်းက စိုင်းရဲ့ခါးကို လက်ညှိုးလေးနဲ့ကုတ်ကာစလေတော့ . . .

"အား . . . ယားတယ်"

စိုင်းက ခါးကိုကော့၍ရယ်လေသည်။ ပြီး ဆိုင်ကယ်ကို ... ပြီးထွက်လာခဲ့ရာ လေညှင်းသွားချင်တဲ့နေရာမှန်သမျှ အကုန်လိုက်





...တ်ကူးများနှင့်။ ရုပ်ရှင်ထဲမှာသာဆိုရင် မင်းသားနဲ့ မင်းသမီး ပျော်ရွှင်စွာ ...လျှောက်လည်ကြတဲ့အခန်းမှာ ဟိုတုန်းကဆိုရင် နောက်ခံစုံတွဲသီချင်းလေး ...နဲ့ပေါ့။

"စိုင်း"

"ဘာလဲ လေညှင်းရဲ့"

"ဆိုင်ကယ်ကို ဘယ်လိုမောင်းနေတာလဲ"

"ဖြည်းဖြည်းမောင်းနေတာလေ"

"မြန်မြန်မောင်းပါ စိုင်းရဲ့"

"မြန်မြန်မောင်းလို့ ဘယ်ဖြစ်မှာလဲ။ လေညှင်းက နေကောင်းခါစ ...ဲ ရှိသေးတာကို"

"ဟွန်း . . . စောစောက မြင်းလှည်းစီးတာကမှ မြန်ဦးမယ်"

ဘာမှပြန်မပြောဘဲ စိုင်းငြိမ်နေလိုက်၏။ ဒါကတော့ အလိုလိုက် ...ို့ မဖြစ်ဘူးလေ။

လေညှင်းကလည်း ကိုယ်ချည်းပဲသူများကို အလိုလိုက်ခဲ့ရတဲ့ ...ဝကနေလွှတ်မြောက်ပြီး ကိုယ်ကဆိုးနွဲ့ခွင့်ရတုန်းမို့ ဆိုးနွဲ့ကြည့်ချင်တာ ...။ ရက္ခပဗေဒဥယျာဉ်ထဲကိုရောက်တော့

"အား . . . စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းသွားတာပဲ"

ကလေးလို လေညှင်းက လျှောက်ပြေးလေလျှင်



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... မပြေးနဲ့လေ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကလေးကျနေတာပဲ"

"ကလေးမှ ပြေးရမှာလား"

"ဒါပေါ့"

လေညှင်း သူ့ကိုမျက်စောင်းထိုးပြီး ဆက်ပြေးလေတော့ စိုင်းကလည်း မီအောင်ပြေးလိုက်ကာ လက်ကိုလှမ်းဆွဲလိုက်လေလျှင်...

လေညှင်းက သူ့ဘက်ကိုယိုင်ပါလာပြီး အားလွန်ကာ သူ့ရင်ခွင်ကိုပြေးဖက်သလိုဖြစ်သွား၏။

"အင့်"

"ဟာ"

စိုင်းကလည်း ပြန်ဖက်ထားမိပြီး ရင်ခုန်သံတွေက တဒိတ်ဒိတ်

"လွှတ်... လွှတ်ပါ စိုင်းရဲ့"

"ဩော်... အင်း ... ဆောရီး"

မျက်နှာလေးရဲကာ ခေါင်းကိုသာငုံ့ထားတဲ့ လေညှင်းမျက်နှာလေးကို စိုင်းလိုက်ငုံ့ကြည့်ရင်း

"လေညှင်း"

လေညှင်း သူ့မျက်နှာကို မရဲတရဲလေး မော့ကြည့်လိုက်မိသည်





"ပျော်ရဲ့လား"

"ဘာကိုလဲ"

"ကိုယ်နဲ့ လျှောက်လည်ရတာကိုလေ"

"အင်း"

"သူ့ရှေ့ကို သတိရနေသေးလား"

"ဘာလို့ သူ့အကြောင်းမေးတာလဲ"

"သိချင်လို့ပေါ့"

နှစ်ယောက်အတူ ပခုံးချင်းယှဉ်ကာ လျှောက်လာခဲ့ကြပြီးမှ

"စိုင်းက လေညှင်းအကြောင်းတွေ တော်တော်သိထားပုံရတယ်"

"ကိုယ်ပြောခဲ့ဖူးတယ်လေ"

"ဘာလဲ... လေညှင်းမေ့နေပြီ"

"ကိုယ်က မင်းနောက်မှာအမြဲကပ်ပါနေတဲ့ မင်းရဲ့အရိပ်ဆိုတာလေ"

"ဒါဆို လေညှင်းမေးတာကိုရော စိုင်းသတိရရဲ့လား"

"ရပါတယ်"

"ရရင် စိုင်းအရင်ဖြေလေ"

နှစ်ယောက်စလုံး တံတားပေါ်မှာရပ်မိနေကြပြီမို့ စိုင်းရေကူးနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဘဲနှစ်ကောင်ကို စိုက်ကြည့်နေမိသည်။ အတန်ကြာမှ ...

"ဟုတ်တယ်.. ဖန့်ပတ်သက်ပြီး ခံစားနေရတဲ့ လေညှင်း ပျော့်ရွှင်အောင် ဖန်တီးပေးခဲ့တာကိုယ်ပါ"

"စိုင်းရယ်"

လေညှင်း ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ တစ် သတ်ချစ်ရသူဘဝမှာ သူမ ရပ်တည်ခဲ့ဖူးပြီးပြီ။ ကိုယ်ခံစားရသလော သူလည်း ခံစားရမှာပဲဆိုတဲ့ ကိုယ်ချင်းစာစိတ်က နှလုံးသားကို တိုးတို သွားတဲ့ လေပြေလား။ ရှုံးမတတ်ခံစားရလောက်တဲ့အချိန်မှာ ...

သူ့ကြောင့် ...

ခံစားမှုတို့ အစွန်းမရောက်ခဲ့တာဖြစ်၏။ နွားလဲထူ လူဇော့တဲ့ ကိုယ်ထလာနိုင်တဲ့အချိန်မှာ ထူပေးတဲ့သူကိုဇော့ဖို့ လေညှင်းမှာ အင်အာ ရှိရဲ့လား။ သူခံစားရမယ့်အချိန်မှာကျတော့ ဘယ်သူကထူပြီး အားပေ မှာလဲ။ ဒီတော့ ...

"စိုင်းမေးတာကို လေညှင်းဖြေမယ်နော်"

"အင်း ဖြေ"

"ဖကာ သူများယောကျ်ားဖြစ်နေပြီပဲ စိုင်းရယ်။ လေညှင်း အိမ်ထောင်သည်ယောကျ်ားတစ်ယောက်ကို စိတ်နဲ့တောင် မပြစ်မှား အဲဒါ လူတိုင်းစောင့်စည်းရမယ့် ကျင့်ဝတ်သိက္ခာပါ"





"ကိုယ်မေးမိတဲ့အတွက် လေညှင်းစိတ်ဆိုးသွားလား"

"ဒါ မေးသင့်မေးထိုက်တဲ့ မေးခွန်းပဲလေ"

"ကျေးဇူးတင်ပါတယ် လေညှင်း"

"တကယ်တမ်းမှာ လေညှင်းက စိုင်းကိုကျေးဇူးတင်ရမှာပါ"

ဒါ.. ရင်ထဲကလာတဲ့ စစ်မှန်သော စကားပါ။ လေညှင်းရင်ထဲ ခံစားမှု အမှိုက်နှင့် ဒိုက်တွေကို တိုက်စားဖယ်ရှားပေးသူက စိုင်းပဲ တ်လား။

"စိုင်း"

သူ့အတွက် မျှော်လင့်ချက်ရောင်ခြည်တန်းကို မြင်လိုက်ရပြီမို့ ခမ်းလေးက ပြုံးနေသည်။

"ပြင်ဦးလွင်မှာ လေညှင်းမပြန်ဘဲရှိနေသရွေ့ စိုင်းကပါ တကယ် မှာလားဟင်"

"ကိုယ်က လက်တွေ့သမားပါ"

အကြည့်ချင်းဆုံသွားကြတော့ လေညှင်းက အရင်မျက်လွှာလေး လိုက်ကာ ...

"လေညှင်း ဒီမှာလေးငါးလလောက်နေဖို့အထိ စိတ်ကူးထား ယ်"

"ကိုယ်လည်းနေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ စိုင်းဂစ်တာတီးတတ်လား"

မေးတဲ့သူက အဆက်အစပ်မရှိမေးတာကို ဖြေတဲ့သူကလည်း

"တီးတတ်တယ်လေ ဘာဖြစ်လို့လဲ"

"လေညှင်းကို သင်ပေးပါလား"

"မင်းအတွက် ဘာမဆိုဖြစ်စေရမယ်လို့ မပြောတော့ပါဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"မင်းက ဗိုးရွှေလကိုမှ ရွှရွလေးခေါင်းပေါ်မှာ ပန်ချင်ပါတယ် ရင် ကိုယ်ဝွမ်းသွားမှာပေါ့"

ရယ်သံများက လေပြေကြားမှာ စီးမျောလိုက်ပါရင်း ရက္ခ ဥယျာဉ်ကြီးတစ်ခုလုံးကို အလှဆင်ပေးလိမ့်မည်ထင်ပါရဲ့။

✧✧✧



## အခန်း (၁၉)

"ဘွား"

လေညှင်းအဘွားကိုခေါ်လိုက်တော့ ဘွားကဖုန်းပြောနေရင်း ကာပြလေသည်။ လေညှင်း အလိုက်သိစွာ တိတ်တိတ်ဆိတ်ဆိတ် နေစဉ်မှာပဲ ...

"ကောင်းတယ် ... ကောင်းတယ်"

"........"

"အေး"

"......"

"အနားမှာရှိတယ် သူနဲ့ပြောဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"................"

"အခုမှ အကဲပိုမနေပါနဲ့အေ"

"....."

"ဒါဆို ခဏကိုင်ထား"

ဘွားကထိုင်နေရာမှ မတ်တတ်ရပ်နေတဲ့ လေညှင်းကိုမော့ကြည့်ကာ...

"မြေး"

"ဘယ်သူဆက်တာလဲ ဘွား"

"မြေးရဲ့မေမေလေ"

"မေမေ"

"ဟုတ်တယ်...ရော့ ပြောလိုက်ဦး"

ဘွားလက်ထဲမှဖုန်းကိုယူပြီး လေညှင်းနားမှာကပ်လိုက်ကာ

"မေမေ"

"သမီး"

"မေမေနဲ့ ဖေဖေ နေကောင်းရဲ့လား"

"ကောင်းပါတယ်သမီးရဲ့ သမီးဖေဖေနဲ့ မေမေက သမီးလေးကို သတိရနေကြတာ။ သမီး ရန်ကုန်ကို ဘယ်တော့ပြန်လာမလဲဟင်"

"ပြန်လာခဲ့မှာပါ မေမေ။ အခုတော့ သမီးပြင်ဦးလွင်မှာပဲနေဦး"





"တစ်လကျော်တောင်နေပြီးပြီပဲ သမီးရယ်။ ဘာလဲ သမီးက ပြင်ဦးလွင်မှာ ချစ်သူရနေပြီလား"

"မေမေကလည်း"

"မေမေသိပါတယ်နော်။ ကောင်လေးက သမီးကိုအရမ်းချစ်ပြီး အရမ်းဂရုစိုက်တာပဲတဲ့။ နာမည်က စိုင်းခွန်သာဆို"

လေညှင်း မျက်နှာလေးရှက်သွေးဖြာသွားသည်။ ဒါဘွားနဲ့ ကြီးကြီး တစ်ယောက်ယောက် ချွန်တာပဲဖြစ်မယ်။

"စိုင်းနဲ့သမီးက ဘာမှမဖြစ်ကြသေးပါဘူး မေမေရဲ့။ အခုက ခင်ကြတာပဲဟာ"

"ရှေ့ဆက်ဖြစ်လာနိုင်ဖွယ်ရာရှိတယ် မဟုတ်လား"

"မေမေကလည်း"

"အင်မတန် ဇီဇာကြောင်တဲ့ သမီးရဲ့အဘွားနဲ့ ကြီးကြီးကတောင် သဘောကျနေရင် မေမေတို့က ကန့်ကွက်စရာအကြောင်းမရှိပါဘူးကွယ်။ ဒါနဲ့ဟိုကောင်ဖအေကြောင်း ပြောရဦးမယ်"

ဖအေကြောင်းဆိုသောကြောင့် လေညှင်းနှုတ်ဆိတ်သွားသည်။ အရင်တုန်းကသာဆိုရင် 'ဖ ဘာဖြစ်လို့လဲဟင်'လို့ စိုးရိမ်ပူပန်စိတ်တွေနဲ့ ပျာပျာသလဲ မေးမိမှာပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



အခုက. . .

ကိုယ်နဲ့မဆိုင် ခွင့်မပိုင်ဘဲလေ။ ဘာများ သူ့အကြောင်းပြောနေ ရဦးမှာလဲ။ သူ့အကြောင်းတွေလည်း မတွေးချင်တော့ပါဘူး။ သူလည်း သူ့ဘဝနဲ့သူ ကိုယ်ကလည်း ကိုယ့်ဘဝနဲ့ကိုယ် ရပ်တည်နေကြပြီပဲ။

"သမီး"

"ရှင်"

"ဖတ္တိလင်မယား သိပ်မတည့်ကြဘူး သမီးရဲ့။ ရန်ဖြစ်ကြတာ တကျက်ကျက်ပဲ။ သွယ်က မေမေ့ကိုလာပြီး ရင်ဖွင့်တယ်လေ။ သားငယ် လည်း အိမ်ထောင်ရေး ကံဆိုးပြန်ပြီတဲ့"

"တော်ပါတော့ မေမေရယ်။ သမီး သူ့အကြောင်းတွေ မကြား ပါရစေနဲ့တော့"

"ဟုတ်ပါတယ်လေ . . . သူ့အကြောင်းမပြောတာဘဲ ကောင်း တယ်။ ဒါနဲ့ သမီး"

"ရှင်"

"ရန်ကုန်ကို မြန်မြန်ပြန်လာခဲ့နော်။ သမီးကို မေမေတို့ အလွမ်း လွမ်းနေကြပြီ"

"ဟုတ်ကဲ့ပါ မေမေ"

"ကဲ. . သမီး ဘာပြောဦးမလဲ"





"မပြောတော့ပါဘူးမေမေ ဒါပဲနော်"

ဖုန်းချလိုက်ပြီးနောက် မတွေးချင်ပါဘူးဆိုတာတွေကပဲ ခေါင်းထဲ လာသည်။ အကြောင်းအရာတစ်ခုကို သိလိုက်ရပြီဆိုတာနဲ့ ဘာတွေ တာနိုင်သလဲ ဆက်ပြီးစဉ်းစားတတ်တဲ့အကျင့်ကြောင့်လား။

သွားစမ်းပါ. . .

သူ့အကြောင်းမတွေးချင်ဘူး ထွက်သွားစမ်းပါ။ အရင်က ဘယ် ကပ်ပဲချစ်ခဲ့ချစ်ခဲ့ ဥပေက္ခာတွေကြားက ယခုလေညှင်းရင်ထဲကို ဝင် တ်လာတာက မုန်းချင်သလို နာကြည်းစလည်းပြုလာပြီ။

"မြေး"

"ရှင်"

"ဘာလဲ ဟိုကောင်မ အလွမ်းသယ်ပြုပြီး မြေးကိုပြန်ခေါ်တာ

"သမီး မပြန်သေးပါဘူး ဘွားရယ်"

"ဘွားတစ်ခုတော့ ပြောထားမယ်နော် မြေး"

"ဟုတ် ပြောပါဘွား"

"မြေး. . . . ဟိုကောင့်ကိုမေ့နိုင်အောင်ကြိုးစား"

"ဘယ်ကောင့်ကိုလဲ ဘွားရဲ့"

"သူရှုဆိုတဲ့ကောင်ကိုလေ။ ငါ့မြေးကိုများ သူ မလိုချင်ရ

www.burmeseclassic.com



တယ်ရှိသေး"

"ဒါကတော့ ဘွားရယ်"

"သူ့အကြောင်း ဆက်ပြောမနေနဲ့တော့။ မောင်ခွန်သာက ရွှင်ပြောရင်သာ ငါ့မြေးလက်ခံနိုင်အောင် ကြိုးစား။ ဒါပဲ"

"ဘွားကလည်း"

လေညှင်း ခေါင်းလေးငုံ့ကာ ပြုံးလိုက်မိသည်။ စိုင်းဘက်မှ မဲသာနေကြပါလား။ ဒါပေ့ါလေ စိုင်းက အရာရာပြည့်စုံပြီး လေညှင်းအပေါ်မှာလည်း ဂရုစိုက်လွန်းသူကိုး။ မေတ္တာတရား၏နိယာမတရားအရ ဆိုရင် လေညှင်းလည်း စိုင်းကိုမျှော်တတ်နေပါပြီ။

စိုင်းမလာတဲ့အချိန်တွေမှာ ပျင်းနေပြီး

စိုင်းအနားမှာရှိရင် ပျော်သည်။ လေညှင်းအပေါ် စိတ်အရှည်ဆုံးသူက စိုင်းပါပဲ။ ဂစ်တာတီးသင်ပေးရင်း သီချင်းတွေဆိုကြ လျှောက်လည်ကြနှင့် ဒီကာလလေးတွေ ပျောက်ဆုံးသွားမှာကိုပင် စိုးရိမ်နေသည်လေ။

"သံစဉ်တွေ သီချင်းတွေက လူတွေကိုရသပေါင်းစုံနဲ့ ခံစားပျော်ရွှင်စေတာ လေညှင်းရဲ့။ လေညှင်းစိတ်ညစ်ရင် ဘာလုပ်လဲ"

"စိတ်ညစ်ရင် ငိုတာပေါ့"

"သီချင်းအော်ဆိုကြည့်ပါလား။ အဲဒါက ရင်ထဲမှာပေါ့သွား





ဆင်သလောက် မပင်ပန်းတော့ဘူးလေ"

"ဟုတ်လား"

"ဒါပေ့ါ ... နောက်တစ်ခါ စိတ်ညစ်ရင် လေညှင်းမငိုနဲ့သိလား။ သီချင်းအော်ဆိုပစ်လိုက်"

"အင်း ... ဆိုကြည့်မယ်လေ"

သူ့စကားသံတွေ ကြားယောင်မိပြီး သတိရလိုက်တာ။ စိုင်းက လေညှင်း စိတ်တွေလဲကျနေချိန်မှာတူပေးပြီး တိုက်လိုက်တဲ့အင်အားဖြည့် အားဆေးတစ်ခွက်ပါပဲ။ တစ်ခါတုန်းက ပန်းစည်းနှင့်အတူပါလာသည့် အသားလေးများကိုလည်း သတိရမိ၏။

'လေညှင်းလေးရယ် တိုးတိုးလေးပြောပေးပါ။ ကိုလွှမ်းမိုး သီချင်းထဲကလို မင်းချစ်သူ မင်းကိုမေ့ပြီလို့ မဟုတ်ဘူးနော်။ လေညှင်းကိုယ်တိုင် သူ့ကို ချစ်တယ်လို့ ပြောပေးပါ'... တဲ့။

ဩော်... စိုင်းရယ်...။

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

လက်ပ်တော့ပ်တစ်လုံးနှင့် အလုပ်လုပ်နေတဲ့ဖ။ ခြံထဲကို ကား
ဝင်လာသံကြားတာကြောင့် ထလာခဲ့သည်။ အိမ့်မှူးပြန်လာတာပဲဖြစ်မှာ
ပေါ့။ ဒီနေ့တော့ သူနဲ့ဖ စာရင်းရှင်းမှုဖြစ်တော့မည်လေ။ တည်မိတဲ့ဘုရား
လဒပဲနားနားဆိုပြီး ကိုယ့်ဘက်က ကောင်းအောင်ကြိုးစားနေသမျှ

အိမ့်မှူးဘက်က လွတ်ချင်တိုင်းလွတ်ပြီး စည်းတွေ ဘောင်တွေ
ကျော်လာတာ။ ခုတော့ သူ့အမှားကြောင့် မိဘတွေလည်း စိတ်ဆင်း
နေရပြီ။ ရန်ဖြစ်ကြရင် မိဘတွေပိုပြီးယူကျုံးမရဖြစ်ပြီး စိတ်ဆင်းရဲမှာစိုး
လို့ ရေငုံနှုတ်ပိတ်နေခဲ့တာ။

ဒါကို သူမက အခွင့်ကောင်းယူပြီး ထင်တိုင်းကြဲနေတာ ဘယ်





လောက်ဆိုးဝါးလိုက်ပါသလဲ။

အဲဒါပေါ့ ...

သူရှုရှုဆိုတဲ့ကောင် မယားစ်ရွေးလို့ မယားရွေးနဲ့ ညားတာလေ။
စ်မှန်တဲ့ချစ်ခြင်းတရားကို ဥပေက္ခာပြုပြီး စိတ်အလိုလိုက်ခဲ့လို့ အခုအဲဒီ
ဒုက္ခာတွေ စူးခြင်းကိုခံနေရတာလားမသိ။ မကောင်းတဲ့သူနဲ့တွေ့တော့
ကောင်းတဲ့သူကို သတိရမိသည်။ သတိရမိတိုင်း လွမ်းတဲ့စိတ်တွေအုံဖွဲ့
တာ နောင်တတောင်ပို့ကြီးက ဟီးထနေပြီလား မပြောတတ်။

"တို့ မမူးပါဘူး ကိုဦးရဲ့။ မတွဲပါနဲ့ရတယ်"

"လဲမှာစိုးလို့ပါ အိမ့်ရဲ့"

"ရပါတယ်ဆို"

"ဘာလဲ အိမ့်ရဲ့လင်တော်မောင် အထင်လွဲမှာကြောက်လို့လား"

"သွားစမ်းပါ ... သူ့အကြောင်းခေါင်းထဲမထည့်ဘူး"

"တကယ်"

"အင်း သူလည်းနေချင်သလိုနေ။ တို့လည်း လွတ်လပ်ချင်
သလောက် လွတ်လပ်မယ်"

"ကြည့်လည်းလုပ်ပါဦး အိမ့်ရယ်"

"ဘာကိုလဲ"

"တော်ကြာ အိမ်ပေါ်ကခေါင်းနဲ့ ဆင်းနေရမှာစိုးလို့ ပြောတာသတိ

www.burmeseclassic.com



ပေးတာပါ''

''အဲဒီတော့လည်း ဆင်းလိုက်ရုံပေါ့။ တို့ကအခြေမဲ့ အနေ
လမ်းဘေးက လူမှမဟုတ်တာ''

ကိုဦးဆိုတဲ့လူက အိမ့်မှူးရဲ့ခါးကိုဖက်၍ တွဲခေါ်ပြီး အိမ့်မှူး
သူ့လည်ပင်းကို ပြန်ဖက်ထားတဲ့အနေအထားဟာ ဘယ်ယောကျ်ားကမှ
ကြည်ဖြူစရာမြင်ကွင်းလဲ။ ယောကျ်ားဆိုတာ သူတို့သာရှုပ်ချင်သလောက်
ရှုပ် ပွေချင်သလောက်ပွေမယ်။ မိန်းမတွေ ရှုပ်တာပွေတာကျ အထင်သေး
ကြတာပဲလေ။ မိန်းမဆိုတာ သိက္ခာခြုံမှ လုံခြုံမှုရှိတဲ့အမျိုးအစား။ သိက္ခာ
ကိုမှမခြုံရင် ဘဝတစ်ခုလုံး ရေစုန်မျောသွားမှာ နားမလည်ဘူးလား

''ရပြီ ကိုဦး ရပြီ''

''ဒါဆို တို့သွားမယ်''

''အိုကေ. . . နောက်နေ့မှ ထပ်ဆုံကြတာပေါ့''

''အိုကေ . . . အိုကေ''

''ဒေါက်. . . ဒေါက်''

ဒေါက်မြင့်ဖိနပ်သံက စည်းချက်မမှန်။ ခြေလှမ်းတွေမှုမမှန်
လူက ယိမ်းထိုးနေ၏။ ခါးထောက်ပြီး ရပ်ကြည့်နေတဲ့ မျက်လုံး
မီးကျည်မီးပန်းများ တဖွားဖွားလွှတ်နေသလိုပါပဲ။

''အိမ့်မှူးဟန်''





''ဟင်''

အိမ့်မှူး ခေါင်းကိုမော့လိုက်ပြီး

''ဖေ''

''ဒါ မင်းဘယ်ကပြန်လာတာလဲ''

ချက်ချင်းမဖြေတာ မဖြေရဲလို့မဟုတ်။ ထိပ်တိုက်ရင်ဆိုင်မိကြ
ရန်ဖြစ်ရဦးမှာလေ။ ရန်ဖြစ်နိုင်ဖို့အတွက် စိတ်ကိုတင်းနေတာ။ သူမ
ကျလို့မဖြစ်ဘူး။

''ငါ မေးနေတယ်လေ။ အခု မင်းဘယ်ကပြန်လာတာလဲ''

''ကလပ်ကပြန်လာတာ''

''ဘာ''

''ဒီအိမ်မှာနေရတာ ကျွန်မငရဲကျနေသလို ခံစားရတယ်။ အဲဒါ
ကြောင့် သုခဘုံကိုသွားတာ''

''ဘာကွ. . . တောက်''

''ရှင် ကျွန်မကို တက်မခေါက်ပါနဲ့''

''ခေါက်တယ်ကွာ။ ခေါက်တော့ ဘာဖြစ်လဲ. . . တောက်။ ဒီ
အချိန်က မိန်းမကောင်း အိမ်ပြန်တဲ့အချိန်လား''

''ဘာ''

ဒီတစ်ခါ ဒေါသမိုက်မိသွားသူက အိမ့်မှူးပါ။ ဒီအချိန်မှပြန်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတိုင်းက မကောင်းကြဘူးလို့ ဆိုလိုတာလား။ ကိုယ်ကမှား
မယ့် အမှားကိုဝန်ခံတဲ့သူက မရှိသလောက်ရှားနေတဲ့ကိစ္စ။ ခိုးတဲ့သူ
သူခိုးပြောတော့ မခံချင်တာမျိုးလေ။

"ရှင်က ကျွန်မကို မိန်းမပျက်လို့ပြောချင်တာလား ဖေ"

"မင်းကိုယ်မင်း အသိဆုံးဖြစ်မှာပေ့ါ"

"ဟုတ်တယ်... ရှင့်ဆီက ကျွန်မလိုချင်တဲ့ သာယာမှုမျိုး
ရမှမရတာ။ အဲဒီတော့ ရတဲ့နေရာကိုသွားတာ ဘာဖြစ်လဲ"

"ဟ... ငါက ယောက်ျားပီပီ မင်းကိုအဆင်အတန်းမြင့်
ထားနိုင်ဖို့ အပြင်မှာစီးပွားရှာနေတာလေ။ အချိန်ရှိတိုင်း မင်းကိုချွေး
နမ်းရှိုက်မနေနိုင်ဘူးကွ"

"ကျွန်မက အဲဒီလိုနေချင်တယ်ပြောလို့လား။ ရှင်က ကျွန်
ယူထားပြီး ဟိုမိန်းမကိုတမ်းတနေတာလေ"

"မင်းပါးစပ်ကိုပိတ်ထားစမ်း"

"မပိတ်ဘူး ပြောမှာပဲ။ သူငယ်ချင်းဆိုပြီး ခုကျမှရှင်က

"အိမ့်မှူးဟာန်"

"သား"

နှစ်ယောက်သား အော်ကြီးဟစ်ကျယ်ဖြစ်ကုန်ကြပြီဆိုတော့
ဇ လေညှင်းနာမည်ကို အပါမခံနိုင်။ လေညှင်းတို့မိသားစုက ဂုဏ်သိ





နေကြသူတွေ။ ကြားသွားရင်ကောင်းမလား။ သူတို့အသံတွေကြောင့်
နှစ်ပါးလည်း ရောက်လာကြပြီး ...

"ဘယ်လိုဖြစ်ရတာလဲ သားရယ်။ လူကြားလို့မှမကောင်းကွယ်"

"ဘုရားရှိခိုးနေတာမှမဟုတ်တာ လူကြားကောင်းမလား။ ရန်
ဖြစ်နေကြတာလေ"

"လင်မယားချင်း မကျေနပ်တာရှိရင် တိုးတိုးသက်သာပြော
ကြပါလား သမီးရယ်"

"တိုးတိုးပြောရအောင် ရှင့်သားကပြဿနာရှာတာလေ"

"အိမ့်မှူး"

ကိုယ့်အမေကိုပါ ခံပြောလာတော့ အေသားတွေ တဆတ်ဆတ်
န်သွား၏။ ကိုယ်တောင် လေသံမာမာနဲ့ တစ်ခါမျှ ခံမပြောဖူးတဲ့မိဘ
ကို သူကတော့ ကက်ကက်လန်ပြန်ပြောနေတာ ကြည့်စမ်း...။

"မင်း မမိုက်ရိုင်းနဲ့နော်"

"ဘာမိုက်ရိုင်းတာလဲ"

"မင်း ငါ့အမေကိုပြန်ပြောစရာမလိုဘူးကွ"

"သူများလင်မယားကြားမှာ ဘာလို့ဝင်ပါလဲ။ ပါရင်ပြောမှာပဲ
ဟ"

"မင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



“သွားမှာ . . . သွားမှာ”

အိမ့်မှူး ပြောပြောဆိုဆိုပဲ ထွက်သွားလေသည်။ ဇ တဒင်္ဂအ
စိတ်လိုက်မာန်ပါပြောလိုက်တာမဟုတ်။ အစမကောင်းလို့ အနှောင်းမသေ
ချာတဲ့ ဒီအိမ်ထောင်ရေးဟာ စိတ်သဘောထားချင်း မတိုက်ဆိုင်ကြ
အတွက် တစ်နေ့မဟုတ်တစ်နေ့ ကွဲကြမှာကျိန်းသေ။ သူ့ဘက်ကချစ်လ
နိုင်ပေမယ့် ကိုယ့်ဘက်ကအချစ်ကို ကျောသပ်မွေးမြူလို့မရ။

ကိုယ့်ဘက်က အဆင်ပြေဖို့ ကြိုးစားနေပြန်တော့ သူကဖော်
လော်ကန့်လန့်လုပ်သည်လေ။ ဒီတော့ ဘယ်လိုရှေ့ဆက်ကြမလဲ။ ရှေ့
ဆက်လက်တွဲလို့ မရတော့တဲ့အတူတူ စောစောစီးစီး လမ်းခွဲလိုက်ကြ
အကောင်းဆုံးပဲပေါ့။

“သား”

“. . . . .”

“သူတကယ်သွားတော့မယ်ထင်တယ်”

“သွားပစေ မေမေ”

“မင်းတာဝန်အရ တားရမယ်သား”

“မတားဘူး မေမေ။ သူနဲ့သားရှေ့ဆက်ဘယ်လိုမှ လက်တွဲ
ရမှာမဟုတ်တော့ဘူး။ ဒါကြောင့် သူကြိုက်သလို ဆုံးဖြတ်ပါစေ”

ဇ အပြတ်ပဲပြောလိုက်၏။ ချစ်ရင် သူ့ဆိုးသမျှသည်းခံနိုင်





ပေမယ့် မချစ်လို့သည်းမခံနိုင်တာကို ဟန်ဆောင်နေရရင် ဒီထက်ပြဿနာ
တွေ ကြီးထွားလာနိုင်သည်။

“အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်တော့မှာပဲ”

“ညားကြတာဖြင့် မကြာသေးဘူး။ ခက်တော့တာပဲကွာ”

မိဘတွေ ညည်းတွားခြင်းကို ဇကျောခိုင်းထားရစ်ခဲ့သည်။
သူငယ်ချင်းတွေသိရင်တော့ . .

အစတုန်းက တို့မပြောဘူးလားဆိုတဲ့စကားသံကို ကြားရဦးမှာ
ကျိန်းသေပါပဲ။

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

ကျွန်တော်ချစ်တဲ့သူမှာ ချစ်သူရှိတယ် . . . သူငယ်ချင်းများ တောင်လျှောက်ရယ်ကြတယ်xxxကျွန်တော်ပေးတဲ့စာလေးတွေ ကျွန်တော် ရေးတဲ့ကဗျာလေးတွေ . . . သူ့ရဲ့ချစ်သူကို သူပြန်ပြတယ် xxx

ကျွန်တော်ချစ်တဲ့သူမှာ ချစ်သူရှိတယ် . . . အပိုင်ရမှ အချစ် မမြင်ပါဘူးကွယ် xxxx ငါ့ကိုယ်အဝေးကနေတွေ့မြင် သူ့အမြဲပြုံးတာ ချင် . . . ကိုယ့်နှလုံးသားထဲမှာ ထာဝရထားချင် xxxx

ဂစ်တာတီးပြီး သီချင်းဆိုနေတဲ့ စိုင်းမျက်နှာကိုငေးရင်း နှ ထောင်နေတဲ့ လေညှင်းမျက်နှာလေးက ကြည်လင်လတ်ဆတ်ခြင်း မျာ နှင့် ပြုံးချိုနေသည်။ သူမဘဝကိုပျော်ရွှင်အောင် ဖန်တီးပေးနိုင်မယ့်လူဟာ





စိုင်းမှတစ်ပါး အခြားမရှိပေ။ လေညှင်းအပေါ် အနိုင်မယူဘဲ င်ပေးပြီး သူသာအရှုံးကို ရင်ဆိုင်မယ့်သူ။

ကျွန်တော်ချစ်တဲ့သူမှာ ချစ်သူရှိတယ် xxxx အုံ့ပုန်းရဲ့အချစ်က ယ်ပါဘူးကွယ် xxxx သူတို့သွားမယ့်နေရာလေးတွေ သူတို့နားမယ့် ရာလေးတွေ xxxx ကျွန်တော်စဉ်းစားရင်းနဲ့ အာခေါင်ခြောက်နေ. . .

ကျွန်တော်ချစ်တဲ့သူမှာ ချစ်သူရှိတယ် . . . ကျွန်တော့်နှလုံးသား မှာ ထာဝရထားမယ်xxx သူလက်ထပ်မယ့်အရေးတွေး . . . ကျွန်တော် ဖတ်သတ်ကြိတ်ပြီး ကြွေ . . . ဘယ်လိုမှမနီးစပ်မှန်း ကြိုတင်သိ ယ် xxxx

မျက်စိမှိတ်ဆိုနေတဲ့ စိုင်းက သီချင်းဆုံးမှ မျက်လုံးကိုဖွင့်ကြည့် သည်။ စိုင်းနဲ့အကြည့်ချင်းဆုံတော့ လေညှင်းက အရင်မျက်နှာလွှဲ က်လေလျှင် . . .

"လေညှင်း"

"ဟင်"

"ကိုယ်သီချင်းဆိုတာ ကောင်းရဲ့လား"

"ကောင်းပါတယ် စိုင်းရဲ့။ စီးရီးထုတ်ပေးရင် ကောင်းမလားလို့ ာင် စဉ်းစားနေတာ"

"ကိုယ်အဆိုတော်ဖြစ်ရင် ကောင်မလေးတွေ ဝိုင်းရှာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိုင်းက ချောတာကိုး"

"ကိုယ်ပြောချင်တာ အဲဒါမဟုတ်ဘူးလေ"

"ဒါဆို ဘာလဲ"

စိုင်းက ချက်ချင်းမဖြေဘဲ ရယ်နေသည်။ ပြီးမှ

"လေညှင်း သဝန်မတိုဘူးလား"

"ဟင့်အင်း ဘာလို့တိုရမှာလဲ"

"ဟင်"

နှုတ်ခမ်းပေါ်က အပြုံးလေးသည် ပြေတော့မယောင်။ ချစ်[illegible]

သဝန်တိုတတ်ကြတယ်တဲ့။ ဒါဆို လေညှင်းရင်ထဲမှာ သူမရှိသေးဘူး[illegible]

"လေညှင်း"

"ပြော"

"လေညှင်း ရင်ထဲမှာ အခုထိ ဖရှိနေသေးတာလား"

လေညှင်း သူ့ကိုကြည့်လိုက်တော့ သူ့မျက်ဝန်းတွေက ရီဝေ[illegible]

ဒါဘာအဓိပ္ပာယ်လဲ။ လေညှင်းကိုချစ်တယ်ဆိုရင် ချစ်တယ်ပြောတာမဟုတ်[illegible]

ဘဲ စကားကပတ်ဝေ့ ဒီဝေ့။ ကိုယ်ကပဲ ဖြောင်းသွယ်ပေးရမလိုဖြစ်နေတော[illegible]

ဒေါသပင်ဖြစ်ချင်လာသည်။ သူတစ်ယောက်တည်း ကြိတ်ခံစားနေ[illegible]

သူ့ရင်ထဲက ဝေဒနာကို ဘယ်သူကသိမှာလဲ။

"သူ့ကို လေညှင်းကတော်တော်ချစ်ခဲ့တာပဲနော်"





"ဒီမှာ စိုင်း"

"ဟင်"

"စိုင်း ဘာလို့ အဲဒီလိုမေးတာလဲ"

"သိချင်လို့ပေါ့"

"ဒီအချိန်မှာ လေညှင်းမကြားချင်ဆုံးက သူ့အကြောင်းပဲ"

ဩော် . . သူ့ရဲ့ကို လေညှင်းစိတ်နာနေမှာပေါ့။ အချစ်ကြီးရင်

[illegible]မျက်ကြီးတတ်တာပဲလေ။

"ဆောရီးနော် လေညှင်း"

"ဆောရီး လုပ်စရာမလိုဘူး။ လေညှင်းရင်ထဲကနေ သူ့ကိုထုတ်

[illegible]ပစ်လိုက်ပြီ။ လူတိုင်းအချစ်ရှိမှ ဘဝကိုအဓိပ္ပာယ်ရှိရှိ ရှင်သန်ရပ်တည်လို့

[illegible]ရတာလေ။ အချစ်က သေဆုံးသွားတာမှမဟုတ်ဘဲ"

"ဒါဆို"

"အဟောင်းကိုပစ်ရင် အသစ်ဆိုတာ ရှိနေကြတာပဲလေ"

"လေညှင်းက အသစ်ရှာမယ်ဆိုတဲ့သဘောလား"

"သူ့ကိုတစ်သက်လုံးလွမ်းရင်း လေညှင်းကသေသွားရမှာလား"

"လေညှင်းရယ်"

ဝမ်းသာအားရဖြစ်သွားတဲ့ စိုင်းပုံစံက မဖုံးနိုင် မဖိနိုင်။ မျက်စော

[illegible]က အပြုံးတွေ ပြန့်ပြီးအသက်ဝင်လာကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လေညှင်းက ချစ်သူအသစ်ရှာမယ်ပေါ့"

"ဒါပေါ့"

"ကိုယ့်ကို ရာထူးတိုးပေးပါလား"

"ဟင် ဘာကိုပြောတာလဲ"

"လေညှင်းရဲ့ချစ်သူနေရာမှာ ကိုယ့်ကိုအလုပ်ခန့်ပါလို့ ပြောတာ"

"အမယ်"

"ကိုယ်လေညှင်းကို ချစ်တယ်"

သူက လေညှင်းလက်ကလေးကို ဆွဲယူဆုပ်ကိုင်လေလျှင် လေညှင်း မရုန်းမိဘဲ ခေါင်းလေးငုံ့ထားမိ၏။ အသွားက ပြောထားတယ်လေ။ သူကဖွင့်ပြောရင် လက်ခံလိုက်တဲ့။ လေညှင်းကလည်း ငြင်းဖို့ အင်အားမဲ့နေသူ။ ကိုပုံ့အပေါ် ဒီလောက်ကောင်းတဲ့လူမျိုး နောက်ထပ်ရှာလို့ ရနိုင်မှာမှ မဟုတ်တော့တာ။

"ကိုယ် လေညှင်းကိုညာပြီး ကားနဲ့တင်ခေါ် အိမ်ပြန်ပို့ပေးခဲ့တာမှတ်မိလား။ အဲဒီတုန်းက လေညှင်း ကိုယ့်ကိုကားခပေးခဲ့တဲ့ပိုက်ဆံ နှစ်ထောင် ခုထိကိုယ်သိမ်းထားတယ်"

"ဟင်... အဲဒီတုန်းက ညာခဲ့တာဟုတ်လား"

"ဟုတ်တယ်... ကိုယ်က အိမ့်မှူးမွေးနေ့မှာ လေညှင်းကို





တွေ့ပြီး အဲဒီကတည်းက ချစ်မိသွားခဲ့တာ"

"အပိုတွေ"

"မပိုပါဘူး လေညှင်းရယ်။ လေညှင်းမွေးနေ့မှာလည်း စိတ်ညစ်နေတဲ့ကောင်မလေးကို အမျိုးမျိုးဒုက္ခခံပြီး ပျော်အောင်လုပ်ပေးခဲ့တယ်လေ"

"ဂုဏ်ဖော်တာကြည့်"

ပြောပြီး လေညှင်း သူလုပ်ပေးခဲ့သမျှ ပျော်စရာလေးတွေကို ပြန်တွေးကြည့်မိပြီး အခုမှရင်ထဲမှာ ပြောမပြတတ်အောင်ကြည်နူးပျော်ရွှင်မိ၏။ ဟိုတုန်းက ပျော်နိုင်ပါ့မလား။ ခုတော့ သူ့ကြောင့်ပဲ လေညှင်းဘဝမှာ တကယ်အေးချမ်းသာယာမှုနဲ့ စစ်မှန်သော ချစ်ခြင်းတရားကိုရှာတွေ့ခဲ့တာပါ။

"လေညှင်း"

"ဟင်"

"ကိုယ့်ကိုချစ်လား"

"ဟင့်အင်း"

"ဟာ..."

စိုင်းမျက်နှာပျက်သွားလေလျှင် လေညှင်းက ခေါင်းလေးမော့၍

"လေညှင်းက စိုင်းကိုမြတ်နိုးပြီး အားကိုးချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

"အင်း"

ချက်ချင်းပြောင်းလဲကာ စိုင်းမျက်နှာက ဝင်းပသွားလေတော့

"မျက်နှာက အပြောင်းအလဲမြန်လိုက်တာ"

"ချစ်တော့ ဆုံးရှုံးရမှာကြောက်တာကိုး"

ရင်ခွင်ထဲက ဂစ်တာကိုဘေးမှာချပြီး ဂစ်တာကိုယ်စားလေညှင်း… ကိုယ်လေးကို ဖက်ထားလိုက်လေတော့ ဂစ်တာလေးခမျာ ရင်ခွင်မဲ့… မျက်နှာလေးငယ်ရပြီပေါ့။ လေညှင်းကလည်း စိုင်းပခုံးလေးကိုမှီကာ အ… အားလုံးကို မေ့သွားပြီထင်ပါ့။ ကောင်းသေ ခွေ့ပေါ်တယ်ဆိုတဲ့စကား… တယ်မှန်ပါလား။

သမုဒ္ဒရာရေကို ခပ်ယူလို့ ရေခန်းမသွားနိုင်သလို အချစ်ဆိုတာ… လည်း တစ်ယောက်ကိုချစ်ပြီးသွားလို့ နောက်တစ်ယောက်ကိုထပ်ချစ်… မရှိအောင် ကုန်ခန်းသွားတာမျိုးမှ မဟုတ်တာ။

"လေညှင်း"

လေညှင်းက သူ့ကိုမော့ကြည့်လေလျှင် စိုင်းတစ်ယောက်… လက်ညှိုးထိုးပြလျက်

"ဟိုမှာတွေ့လား"

"ဘာလဲ စိုင်းရဲ့"





"ဟိုမှာလေ ပန်းလေးကိုလိပ်ပြာလေးနားနေတာ တွေ့လား"

"တွေ့တယ်လေ။ အဲဒါဘာဖြစ်လဲ"

"ပန်းလေးကို လိပ်ပြာလေးကချစ်လို့ နမ်းနေတာ လေညှင်းရဲ့"

"ဟင်"

"လေညှင်းက ပန်းလေးဖြစ်ပြီး ကိုယ်ကလိပ်ပြာလေးဆိုရင်"

"စိုင်းနော်"

"အား"

ငုံ့ကျလာတဲ့မျက်နှာကို လက်ဝါးလေးနှင့်ကာရင်း နှာသီးဖျားကို …ဆွဲလိုက်တော့ စိုင်းကအော်လေသည်။

"ဒါပဲနော် စိုင်း။ ချစ်သူဘဝမှာ လေညှင်းနဲ့ စိုင်း သန့်သန့်ရှင်း …ရှင်းပဲနေချင်တယ်"

"ကြပ်လှချေလား"

"ဘာလဲ မလိုက်နာနိုင်ဘူးလား"

စိုင်းက ခေါင်းကိုကုတ်လိုက်ပြီး

"ချစ်သူဖြစ်မှတော့ လက်ကလေးကိုင်တာ ပခုံးလေးဖက်တာ …ဘာ့ရှိမှာပေါ့ လေညှင်းရဲ့"

ချစ်မျက်စောင်းလေးက ဝေ့ခနဲရောက်လာကာ

"ချွေးဆစ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ပစ်တိုင်းထောင်မှမဟုတ်တာ"

ရင်မှာခံစားရတဲ့အဖြစ်ကို မင်းကနားမလည်ဘူး xxxx ဖြူ ဒဏ်ရာတွေ ခုထိတိုင် ရင်ထဲမှာမကျက်သေးဘူး . . .

"ဟာင်"

သီချင်းသံကြောင့် လေညှင်းဖုန်းကိုထုတ်လိုက်ကာ. .

"ဟယ်လို"

"သမီး"

"မေမေ"

"သမီး နေကောင်းရဲ့လား"

"ဟုတ်. . . ကောင်းပါတယ် မေမေ"

"သမီးဖေဖေကတော့ သမီးကိုလွမ်းလို့တဲ့ လွမ်းဖျားလွမ်းနာ နေလေရဲ့"

"ရှင်"

"သမီးဖေဖေ နေမကောင်းဘူးသမီး။ ဒီလောက်နေရတာ ... နပ်ပါတော့ သမီးရယ်။ အိမ်ကိုပြန်လာခဲ့တော့နော်"

ဖေဖေ နေမကောင်းဘူးဆိုတော့ လေညှင်းစိတ်ပူသွားသည်။ သူမလည်း မေမေ့အသံကိုကြားတော့ အိမ်ကိုလွမ်းမိ၏။

"သမီး"





"ရှင်. . . မေမေ"

"အိမ်ကိုပြန်ခဲ့တော့နော်။ သမီး မေမေတို့ကို မလွမ်းဘူးလား"

"ဘယ်လိုမေးလိုက်တာလဲ မေမေရယ်။ လွမ်းတာပေါ့"

"ဒါနဲ့များ သမီးရယ်"

"သမီးပြန်လာခဲ့ပါ့မယ်"

"ဘယ်တော့ပြန်လာမလဲ သမီး"

"တစ်ပတ်အတွင်း သမီးရောက်အောင်ပြန်ခဲ့ပါ့မယ်"

"မေမေ လာခေါ်ရမလား"

"ရတယ်မေမေ။ သမီး စိုင်းနဲ့ပဲပြန်လာခဲ့မယ်"

"စိုင်း"

"ဟုတ်ကဲ့"

မေမေ့ဘက်မှ အသံတိတ်သွားတော့ လေညှင်းလည်း စိုင်းကို လှည့်ကြည့်လိုက်မိသည်။ စိုင်းကလက်ပိုက်ကာ လေညှင်းကို ခေါင်းညိတ်ပြုံးပြ၏။ ဒီခေါင်းကဘာကိုညိတ်ပြတာလဲ။

"သမီး"

"ရှင်"

"သမီးတို့နှစ်ယောက် ချစ်သူတွေဖြစ်နေကြပြီလား"

"ဟာ. . . သူ့အနားမှာရှိတယ် မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

"ဒါပဲနော် မေမေ"

"အေး ... အေး"

ဖုန်းချပြီးတော့ မေမေမေးတာ သူများကြားသွားသလို စိတ်

မလုံ။ မေမေကတော့ ရန်ကုန်ပြန်ခဲ့ဖို့ခေါ်နေပြီ။ လေညှင်းပြန်ချင်စိတ်

ပေမယ့် ခပ်တွန့်တွန့်ဖြစ်နေတာ ဖနဲ့မျက်နှာချင်းမဆိုင်ချင်လို့လေ။ ဒီကော

လေညှင်းကိုတွေ့ရင် အရင်လိုဆက်ဆံဦးမှာလား။

အရင်လို ရင်းရင်းနှီးနှီးနေလို့က မဖြစ်တော့ပါဘူး။ သူ့မှာ

မယားရှိနေပြီဖြစ်သလို ကိုယ့်မှာလည်း ချစ်သူရှိနေပြီ။ ခပ်ကင်းကင်းနေ

တာ ,အကောင်းဆုံးပါပဲ။

"လေညှင်း"

"ဟင်"

"ယောက္ခမကြီးက ဘာတွေပြောတာလဲ"

"စိုင်းနော်။ ချစ်သူဖြစ်တာ မိနစ်ပိုင်းပဲရှိသေးတယ်။ အသား

နဲ့သိလား"

"လေညှင်းကကွာ ကလေးကျနေတာပဲ။ ကိုယ်ကချစ်လို့

ကို"

သူက လေညှင်းပခုံးလေးကိုဖက်ပြီး စိတ်ကောက်တယ်ထင်





ခြိန်ချော့လေ၏။ လေညှင်းက စိတ်ကောက်တာမဟုတ်ဘဲ စိတ်ညစ်သွား

ာပါ။

"မေမေက အိမ်ပြန်လာခဲ့တော့တဲ့"

"လေညှင်းက မပြန်ချင်ဘူးလား"

"ပြန်ချင်တာပေါ့"

"ဒါဆို ပြန်ကြမယ်လေ။ ကိုယ်လည်း မေမေ့ကို လွမ်းလှပြီကွ။

ကိုယ်တို့မှာက မြေးကြည့်မှ သားအမိနှစ်ယောက်ပဲရှိတာ"

သူပြောမှ လေညှင်း သူ့ကိုသနားသွား၏။ လေညှင်းကိုချစ်လို့

ာ လေညှင်းဒုက္ခတွေကို မျှဝေခံစားပေးဖို့ ပြင်ဦးလွင်မှာနေရတာ။

ြန်ချင်ရှာမှာပေါ့။

"အင်း ... လေညှင်းတို့ ပြန်ကြမယ်လေ"

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

အမြဲတမ်းသွက်လက်ဖျတ်လတ်နေတဲ့ဇတစ်ယောက် ဒေ
မှိုင်တွေနေတာမြင်ရတော့ သူငယ်ချင်းတွေလည်း စိတ်မကောင်းဖြစ်
ရသည်ပေါ့။ ချမ်းဝင်းက သက်ပြင်းချပြီး စကားစလိုက်၏။

''မင်းကိုအစကတည်းက တို့ပြောသားပဲ။ မင်းကတို့စကား
နားမထောင်တာ''

''အေးလေ. . အခုတော့ နောင်တရနေရပြီပေါ့''

''လေညှင်းကိုသာ မင်းလက်ထပ်လိုက်ရင် ခုလိုနောင်တရနေ
အကြောင်းကိုမရှိတာ''

''ဘာတဲ့ . . . လေညှင်းက ငါ့ခါးပိုက်ထဲက ဖားဆိုတဲ့ကော





အခု ရေအိုင်မှာခြေဆေးတုန်း ဖားကခုန်ထွက်သွားတာ ဘယ်နှယ့်ရှိသေး
သဲ''

''တော်ကြစမ်းပါကွာ။ စိတ်ညစ်ပါတယ်ဆိုမှ ပိုညစ်အောင်လုပ်
နေတာ မင်းတို့''

ဇစိတ်ညစ်တယ်ဆိုတာ အိမ့်မှူးအိမ်ပေါ်က ဆင်းသွားလို့မဟုတ်
ပေ။ မေတ္တာစစ်ကို ဥပေက္ခာပြုမိခြင်းအတွက် နောင်တရနေတာ။ ကိုယ့်
အမှားအတွက် ယူကျုံးမရဖြစ်နေခြင်းပါ။ အခုနေ အနားမှာလေညှင်းသာ
ရှိနေရင် ကိုယ့်အဖြစ်ကိုကြည့်ပြီး ဟားတိုက်ရယ်မောလေမလား။

ဒါမှမဟုတ်. .

ကိုယ့်လက်ကိုတင်းတင်းဆုပ်ပြီး အားပေးစကားတွေ ပြောနေ
လေမလား။ ပြန်လာခဲ့ပါ လေညှင်းရယ်။ နင်ငါ့အနားကို ပြန်လာခဲ့ပါ။ ငါ့အနား
မှာ နင်ရှိနေပေးပါ။ နင်မရှိတဲ့အရပ်မှာ ငါမပျော်နိုင်လို့ပါ လေညှင်းရယ်။

''ဇ''

''. . . .''

''အခု မင်းဘာလုပ်မလဲ''

''ဘာလုပ်စရာလိုလို့လဲ''

''မင်း အိမ့်မှူးကိုလိုက်မခေါ်ဘူးလား''

လေးတွဲ့စွာပဲ ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ငါက ဘယ်လိုမှပြန်ပေါင်းလို့ဖြစ်မှာမဟုတ်တော့ဘူး[illegible]"

"ဘာလဲ မင်းကလေညှင်းကိုပြန်ပြီးမျှော်လင့်ချင်တာလား"

ဇ မဖြေဘဲနေလိုက်သည်။ ဖြေလိုက်လို့ ဒီကောင်တွေပြန်ပြော[illegible] မယ့် စကားတွေက သူမကြားချင်တဲ့စကားတွေပဲဖြစ်မှာလေ။ အခုချိန်[illegible] လေညှင်းက အပျို။ သူကတစ်ခုလပ်။ ဘဝနှစ်ခုမှာ ဒါတွေစည်းခြားသွ[illegible] ပေမယ့် ဝေးမှချစ်မှန်းသိခဲ့ရတဲ့အချစ်တွေက ဒီရေလှိုင်းလို တဝုန်းဝုန်း[illegible] တက်လာပြီး နှလုံးသားတွေကို တိုက်စားနေတာ[illegible]

ရင်ဘတ်ကြီးတစ်ခုလုံး ပြိုကျလုမတတ်။ ဒါကိုဘယ်လိုကု[illegible] ထရိုးလုပ်ရမလဲ။

"ငါ မင်းကိုတစ်ခုတော့ သတိပေးချင်တယ်ဇ"

ချမ်းဝင်းက လေးလေးနက်နက်ပုံစံနှင့် ပြောလေရာ. . .

"ဘာလဲ"

"အနည်ထိုင်သွားပြီဖြစ်တဲ့ လေညှင်းရဲ့ဘဝလေးကို မင်းမနှော[illegible] ဆီးပါနဲ့"

"ဘာ"

"ဟုတ်တယ်ဇ။ လေညှင်းက အရှက်ကြီးပြီး ဣန္ဒြေသိက္ခာ[illegible] တဲ့ မိန်းကလေးနော်။ အသက်သာ အသေခံချင်ခံသွားမယ် တစ်ခုလ[illegible] ဖြစ်တဲ့မင်းကို လုံးဝလက်ခံမှာမဟုတ်ဘူး"





"ဟော့ကောင်"

"ပြောလက်စနဲ့ပြောရရင် မင်းကလေညှင်းနဲ့ လုံးဝမတန်တဲ့[illegible]ကောင်"

"ချမ်းဝင်း မင်းကွာ. . တောက်"

"ဇ"

ဇ စိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားပြီး ချမ်းဝင်း၏အင်္ကျီရင်ဘတ်စ[illegible]ကို ဆွဲလိုက်လေလျှင် အားမင်းနှစ်ယောက်ကြားမှာ အတင်းဝင်ရပ်၍[illegible] ရင်ဘတ်ကိုတွန်းထားလိုက်၏။

"မင်းတို့ကလည်း အချင်းချင်းတွေကိုကွာ"

"သူထိုးချင်ထိုးပစေ အားမင်း။ ငါက ငါ့အသားအနာခံချင်ခံရ[illegible]စေ။ အမှန်ကိုပြောရမှာပဲ"

"မင်းပါးစပ်ကိုပိတ်ထား"

အံကြိတ်ပြောလိုက်သံက အခွင့်သာရင် တကယ်ထိုးချင်သည့်ပုံ။ [illegible]င်းကလည်း ဖွဲ့မလျှော့။ ဇက ရင်ထဲမှာမကာတော့ခြင်းကို . . .

"ဟုတ်တယ် ငါမှားတယ်။ အရင်ကဘာမှန်းမသိခဲ့တာကို အခု[illegible]သိပြီ"

"မင်းက ဘာကိုသိတာလဲ"

"လေညှင်းကို ငါချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ခွေးရူးပဲကွ"

ဒီတစ်ခါတော့ ဖငြိမ်နေလိုက်တော့သည်။ ပြောပါစေတော့ ကိုယ်ဖြစ်နေတဲ့ပုံက တွေ့လေရာ မာန်ကိုက်ချင်တဲ့ ခွေးရူးလိုပဲလေ။

"မင်းက စိန်တစ်လုံးလက်ထဲလာပေးတာကို ဖန်လုံးထင်ပြီး လွှင့်ပစ်တယ်။ ပြီးတော့ မစင်ထုပ်ကို ရွှေထုပ်ထင်ပြီး ကောက်ယူခဲ့တာ ခံပေါ့ကွာ။ အခုမင်းအဖြစ်က ပဲဝက်မျှတောင်မတန်ဘူးလို့ပြောခဲ့တဲ့ ရွှေခွက်ကိုပြန်မရနိုင်တော့တဲ့ ရွှံကုန်သည်ရဲ့အဖြစ်မျိုးပဲ ဖ"

သူ့မှာ ပြန်ပြောစရာစကားမရှိတော့ပါလား။ ချမ်းဝင်းပြောသလို သူဟာ အလိုကြီးလို့ အရနည်းခဲ့ရတဲ့ ရွှံကုန်သည်မိုက်လို တကယ်ပဲဖြစ် နေပြီထင်ပါရဲ့။

✧✧✧



# အခန်း (၂၃)

"သား ... မင်း အိမ့်မှူးကိုလိုက်ခေါ်ပြီး ပြန်ပေါင်းရမယ်"

"ဗျာ"

ဖေဖေ့နှုတ်မှ မထင်မှတ်တဲ့စကားထွက်လာတော့ ဖအံ့သြသွား သည်။ သဘောမတူဘူးဆိုပြီး အိမ့်မှူးကို မျက်နှာချင်းတောင်မဆိုင်ခဲ့တဲ့ ဖေဖေက အခုအိမ့်မှူးကိုလိုက်ခေါ်ပြီး ပြန်ပေါင်းပါလို့ပြောနေပြီ။

"ဟာ... သူ့ကိုဘယ်နည်းနဲ့မှ ပြန်မပေါင်းနိုင်ဘူး ဖေဖေ"

"ဒီမှာသား"

ဖ ဖေဖေ့ကိုကြည့်လိုက်၏။

"ဖေဖေ သားနဲ့သူ့ကိုသဘောမတူခဲ့တာ မှန်တယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကွဲစေချင်တဲ့ဆန္ဒမရှိတာတော့ သားကို လူပီသစေချင်လို့ပဲ။ အိမ်ထောင်
တစ်ခုပြိုကွဲတယ်ဆိုတာ ထင်သလောက်မလွယ်ဘူးသား။ လူ့လောက
လူတွေကြားမှာ ရပ်တည်နေသရွေ့ လူတွေကို ဂရုမစိုက်လို့မရဘူး။ လူ
ကျင့်ဝတ်သိက္ခာနဲ့ညီအောင်နေရမယ်''

''ဖေဖေ''

''ဖေဖေ့စကားမဆုံးသေးဘူး။ ဖြတ်မပြောနဲ့သား''

လက်ကာတားဆီးလိုက်တော့ ဖငြိမ်သက်နေရပြန်သည်။ ကိုယ့်
ဘက်က လူ့ကျင့်ဝတ်သိက္ခာနဲ့ညီဖို့ ကြိုးစားခဲ့သားပဲ။ အိမ်ထောင်ရေး
တာ နွားလှည်းထမ်းပိုးများလိုပေါ့။ တစ်ကောင်က ထမ်းပိုးကိုကပ်ချိုးပြီ
ရုန်းထွက်သွားရင် ကျန်တဲ့တစ်ကောင်တည်း လှည်းကိုဘယ်လိုမှ ဆက်ဆွဲ
လို့မရဘူးဆိုတာ ...

''မဖြစ်ခင်က ဖေဖေတို့တားခဲ့တယ်။ တားတဲ့ကြားက ဖွတ်လှုပ်
ခဲ့ပြီးပြီဆိုတော့ သားကိုင်မိတာ မီးစပဲဖြစ်ဖြစ် ရေမှုတ်ပဲဖြစ်ဖြစ် ကိုင်မိတာ
နဲ့ လမ်းဆုံးအောင်လျှောက်ရမယ်သား။ ဖေဖေတို့က မိဘတွေဆိုတော့
သားကို ဆိုဆုံးမမှုမရှိဘူးလို့ အပြောမခံနိုင်ဘူး''

''ဟုတ်တယ် သား။ ယောက်ျားလေးလေ့ကားသုံးထစ်ဆင်းရင်
လူပျိုပြန်ဖြစ်တယ်ဆိုတာ စကားအဖြစ်ပဲရှိတာပါ။ တကယ်တမ်းကျတော့
ဖျက်လို့ ပြင်လို့မရတဲ့အရာတွေ အများကြီးပဲ။ ဖြစ်မိတဲ့ အိမ်ထောင်ရေး





ကို နိုင်မြဲအောင်လုပ်ဖို့ ကြိုးစားပါသားရယ်''

''မေမေတို့ပြောသလို သားကြိုးစားခဲ့တယ်လေ။ သူ့လုပ်ပုံက
သားကိုနဖားထိုးတော့မယ့်ကိန်းပဲ။ သား နွားဖြစ်မခံနိုင်ဘူး မေမေ''

''သား''

လူတိုင်းကိုယ့်လုပ်တာတော့ ကိုယ်မှန်တယ်ထင်နေကြတာပဲ
သား။ သူလည်း သူမှန်တယ်ထင်လို့လုပ်တာ။ ကိုယ်ကလည်း ကိုယ့်ဘက်
က မှန်နေသည်။ ဒါကို အများကြက်ခြေခတ်ပြုပြီး လိုက်တောင်းပန်ရမှာ
သား။

''ဒီလမ်းကို သားရွေးခဲ့တာပဲ။ မင်းရွေးတဲ့လမ်းကို မင်းဆုံးအောင်
လျှောက်ရမယ် သား''

''မှားမှန်းသိလို့ ပြန်လှည့်လာတဲ့လူကို ပြန်သွားဆိုပြီး တွန်းမပို့
နဲ့ ဖေဖေ။ ဖေဖေ' မေမေတို့ သားဘဝပျက်သွားတာကို မြင်ချင်လို့
လား''

''သား''

''ဟော့ကောင်''

စိတ်လေပြီး သားထင်ရာဖွတ်မလုပ်တာကိုဘဲ ကျေးဇူးတင်နေ
ရာ။ အခု အဲဒီစိတ်တောင်ဘရိတ်မအုပ်ရသေးဘဲ ပြောလာတဲ့စကားက
နိုင်ကို အပိုင်ကိုင်လိုက်တာမျိုးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"တို့က မင်းအလွန်ဖြစ်မှာစိုးလို့ ပြောနေတာကွ"

"လွန်တာ မလွန်တာ သူအသိဆုံးပါ"

"မင်းကွာ"

ဘူးဆို ဖရုံမသီးတတ်တဲ့ အဲဒီစိတ်ကို ဘယ်လိုများပြုပြင်ပြောင်းလဲပေးရပါ့မလဲ။

"သား"

"ဗျာ"

"ဒီတစ်ခါတော့ သည်းခံပြီးလိုက်ခဲ့လိုက်ပါ သားရယ်။ တော်ကြာ မေမေတို့မိဘတွေပဲ မကောင်းပြောခံနေရပါ့မယ်။ နောက်ထပ်ဖြစ်လာရင်သာ သားကြိုက်သလိုလုပ် .. နော် သား"

"မိန်းမငုတ်တုတ်ကြီးရှိလျက်နဲ့ စိတ်ကအခြားမိန်းမတစ်ယောက်အပေါ် ဖောက်ပြန်နေတဲ့ယောကျ်ားကို ရွှေပြည်အေးတရားတွေ ဟောနေလည်း အပိုပါပဲအန်တီ"

"ဟင်"

"သမီး"

"အိမ့်မှူးဟန် ... မင်း"

အိမ့်မှူးက မထီမဲ့မြင်ခြေလှမ်းများနှင့် ဆက်လျှောက်လာကာ..

"ကျွန်မလာတာမြင်လို့ ဒီမိန်းမအရှက်မရှိ အိမ်ပေါ်ပြန်တက်လာ





ဘယ်လို မထင်လိုက်နဲ့နော် ဇ"

"ဒါဆိုဘာလဲ"

"ကွာရှင်းစာချုပ်မှာ ရှင့်ကိုလက်မှတ်လာထိုးခိုင်းတာ"

"သမီး"

ဒေါ်မင်းမင်းသွယ် မဖြစ်သင့်တာမဖြစ်ရအောင် တားဆီးဖို့ကြိုးစားလိုက်ပေမယ့် ...

"ဘယ်မှာလဲ စာချုပ် .. ပေး"

"ရော့"

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၄)

ခြံထဲကို ကားဝင်လာသံကြားတာနှင့် ဒေါ်ဖူးဖူးစံနှင့် ဦးရွှေသာ မပြေးရုံတမယ်ခြေလှမ်းများနှင့် ထွက်လာကြသည်။ သမီးလေးပြန်လာပြီ ဆိုတဲ့အသိက နှုတ်ခမ်းကိုအလိုလိုပြုံးစေပြီးသားပါ။

"ဖေဖေ"

"သမီး"

"မေမေ"

"သမီးလေး"

"ဒီမှာဘယ်သူပါလာလဲ ကြည့်ပါဦးမေမေရဲ့"

နောက်ထပ်ကားပေါ်ကဆင်းလာသူကိုမြင်တော့ ဒေါ်ဖူးဖူး





မှာပျာသလဲဖြစ်ကာ..

"မေမေ လိုက်လာတယ်"

ဒေါ်မေရီ သမီးဖြစ်သူ၏လက်ကို ဆုပ်ကိုင်ရင်း ဦးရွှေသာကို လှမ်းကြည့်ကာ..

"ဟိုကောင် ရွှေသာ၊ ပြောတော့ နေမကောင်းလို့ဆို ခုတော့ သန်သန်မာမာကြီးပါလား"

"အမေ.. အဲဒါ"

"သမီးလေးကိုလွမ်းလို့ သမီးညာခေါ်လိုက်တာအမေရဲ့။ မဟုတ်ရင် အမေ့မြေးက ပြန်လာမှာမှမဟုတ်တာ"

"ကောင်းကြရောအေ"

ပြောရင်း ဒေါ်မေရီကနောက်သို့ ပြန်လှည့်ကြည့်ကာ

"ဟဲ့.. မောင်ခွန်သာ လာလေကွယ်။ မြေး... မောင်ခွန်သာကို ခေါ်လိုက်ဦးလေ"

"လာပါပြီ ဘွား"

ဒေါ်ဖူးဖူးစံတစ်ယောက် စိုင်းကို ခြေဆုံးခေါင်းဆုံးကြည့်လေသော့ စိုင်းစိတ်မလုံစွာ ပြုံးပြလိုက်၏။

"စိုင်းခွန်သာဆိုတာ သူလားသမီး"

"ဟုတ်တယ်မေမေ၊ စိုင်း ဒါလေညှင်းမေမေလေ ဒေါ်ဖူးဖူးစံတဲ့၊"



www.burmeseclassic.com

www.burmeseclassic.com



ဒါက လေညှင်းရဲ့ဖေဖေ ဦးရွှေသာလေ''

အပြန်အလှန်ခေါင်းညိတ်ပြုံးပြကြရင်း . . .

''ဟုတ်ကဲ့ . . . တွေ့ရတာဝမ်းသာပါတယ် အန်ကယ်

''အန်တီတို့ကလည်း ဝမ်းသာပါတယ်ကွယ်''

''ဝမ်းသာနေရုံနဲ့မပြီးဘူး။ သမီး ဧည့်သည်ကိုအိမ်ထဲခေါ်

ကွယ်''

''ဟုတ်ကဲ့ပါ ဖေဖေ''

''ဟို . . . ကားပေါ်က ပစ္စည်းတွေ အရင်ချရအောင် လေညှင်း

လူကြီးတွေ အိမ်ထဲဝင်သွားကြတော့ လေညှင်းက ပစ္စည်း

ချဖို့ကျန်ခဲ့လေလျှင် စိုင်းက ရယ်ကျဲကျဲမျက်နှာနှင့် အနားကပ်လာ

''ယောက္ခမကြီးတွေက သဘောကောင်းတယ်နော်''

''စိုင်း''

''တစ်ခါတည်းဖွင့်ပြောရကောင်းမလား မသိဘူး။ လေညှင်း

ကိုယ် တစ်စက္ကန့်လေးတောင် မခွဲချင်တော့ဘူး သိလား''

''အပိုတွေမပြောနဲ့ ကားပေါ်ကအထုပ်တွေချရအောင်လာ''

''လေညှင်း''

လေညှင်းက ပစ္စည်းတွေချဖို့ လှုပ်ရှားလိုက်လေလျှင် စိုင်း

လေညှင်းလက်ကလေးကို လှမ်းဆွဲထားပြီး . . .





''လေညှင်းလုပ်စရာမလိုပါဘူး။ အဲဒါတွေအားလုံး ကိုယ်သယ်

ပေးမှာပေါ့''

''ဟင် . . ဒါဆို လေညှင်းကို လူလည်ကျပြီး ခေါ်ထားတာပေါ့

ဟုတ်လား''

''အင်း''

''ဟွန်း . . . ရုပ်ကိုက စပ်ဖြီဖြီနဲ့''

''အဲဒီလိုဖြစ်တာ လေညှင်းကိုချစ်လို့လေ''

''ကဲပါ . . ပစ္စည်းတွေသယ်ရအောင်''

''လေညှင်း မသယ်ပါနဲ့ ကိုယ်ပဲသယ်မယ်''

''လေညှင်း အဝတ်တွေပါတယ်စိုင်းရဲ့''

''အဲဒါဘာဖြစ်လဲ''

''ထဘီတွေပါတော့ စိုင်း ဘုန်းကံနိမ့်မှာစိုးလို့ပေါ့''

''ပခုံးပေါ်ထမ်းမှာမှ မဟုတ်တာလေညှင်းရဲ့။ လက်ကဆွဲမှာပဲ

ဟာ''

ပြောလို့မရပေ။ လေညှင်းက သူမအဝတ်အိတ်ကို ကိုယ့်ဟာ

ကိုယ်သယ်ဖို့ ဆွဲချသလို၊ စိုင်းကလည်း ကျန်တဲ့အိတ်တွေကိုဆွဲချနေ

''ဟင်''

ဒီနေ့ လေညှင်းပြန်လာမယ်လို့သိပြီး ကားတစ်စီးဝင်လာခြင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ လူတွေများနေပါလားလို့ ဖုန်ပြောင်းကိုယူပြီး ကြည့်နေမိတာ ဟိုကောင်ကဘယ်သူလဲ၊ ဘယ်ကလဲ။ နှစ်ယောက်သား ရယ်လို့မော ကြည့်နူးနေလိုက်ကြတာ။ ဟိုကောင်က ခပ်ဖြောင့်ဖြောင့် ခပ်ချော ဆိုတော့ လေညှင်းနဲ့များ . . .

ဟာ . . . မဖြစ်နိုင်ပါဘူး။

လေညှင်းက ကိုယ့်ကိုပဲချစ်တာ ကိုယ့်နေရာမှာ ဘယ်သူ့ကို အစားထိုးမှာမဟုတ်ဘူးလို့ တွေးမိပေမယ့် ဖမှာ ရေတ်သီးများများစာ သလို ပူစပ်ပူလောင်ဖြစ်နေသည်။ ဒီဝေဒနာမျိုး ဇတစ်ခါမှ မခံစားဖူး ဘူး။ ဒါပထမဆုံးအကြိမ်ခံစားရတာပဲ။

ဟော့ . .

ဟိုကောင်က လေညှင်းပါးပြင်လေးကို လှမ်းဖျစ်လိုက်ပါလား လေညှင်းက အရယ်မပျက်ရှိနေတာ ဘာတွေလဲ။

"တောက်"

ဇ ရင်ထဲမှာ ဖျင်းခနဲဖြစ်သွားပြီး အံကိုဖိကြိတ်လိုက်မိသည် သူတောင် လေညှင်းပါးပြင်လေးကို ဖျစ်ဖို့မပြောနဲ့၊ လက်ညှိုးနဲ့ထော တို့ထိမကြည့်ဖူးတာ ဒီကောင်က ကျူးကျူးကျော်ကျော်နဲ့ ဘာကောင် ဒီလိုတွေမြင်ရတော့ တစ်ကိုယ်လုံးကို ပူရှက်ဆိတ်ကိုက်တာခံနေရသလို

ဟော့ . .





သူတို့ အိမ်ထဲကိုဝင်သွားကြပြီ။ ဇ ဘာလုပ်ရမလဲ။ လေညှင်း သည္ှင်းရယ်။ နင်ငါ့ကိုရက်စက်တော့မှာလား။ မရက်စက်ပါနဲ့ . . . နင် ကို မရက်စက်ပါနဲ့ လေညှင်းရယ် . . ငါတောင်းပန်ပါတယ်။

"လာ . . ထိုင်ကြ"

"ဟုတ်ကဲ့"

နှစ်ယောက်စလုံးဝင်ထိုင်လိုက်ကြစဉ်

"မောင်နိုင်းခွန်သာရဲ့မိဘများက ဘယ်သူတွေလဲကွယ့်"

"ဖေဖေက ဦးစိုင်းခမ်းသာနဲ့ မေမေက ဒေါ်ဝတ်လွှာဖြူပါခင်ဗျ။ ဖေကတော့ ကျွန်တော်ငယ်ငယ်လေးကတည်းက ဆုံးသွားပါပြီ၊ မေမေ ကျွန်တော် နှစ်ယောက်တည်းပဲနေတာပါ"

"ဪ"

"မောင်စိုင်းခွန်သာ အေးအေးဆေးဆေး ထမင်းစားပြီးမှပြန် ပေါ့"

"စားမနေတော့ပါဘူး အန်တီ။ ကျွန်တော်လည်း မေမေ့ကို မှာခဲ့နေပြီ"

"ဪ . . ဟုတ်တာပေါ့။ ဒါဆိုလည်း အန်တီမတားတော့ပါ ဘူးကွယ်"

စိုင်း ချက်ချင်းထမပြန်ဖြစ်သေးဘဲ စကားလက်ဆုံကျနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ လေညှင်း ချစ်သူတွေဖြစ်နေကြတာ အဘွားသိနေတော့ သိပ်ေ
စိတ်ပူစရာမလို။ လေညှင်းရဲ့ မိဘတွေကလည်း ဖော်ရွေကြတော့ ရ
သူတို့ရဲ့ချစ်ခရီးလမ်းက ဖြောင့်ဖြူးမယ်လို့ ယုံကြည်၏။

"လေညှင်း"

"ဟင်"

"ဖ"

ဖရောက်လာသဖြင့် လေညှင်း မျက်နှာတည်သွားသည်။ ရ
ရှေ့မှာ သူ့ကိုပြုံးပြနေဖို့မှ မလိုတဲလေ။ ဖက ဆိုဗာပေါ်မှာ ဝင်ထိုင်လိုက်

"နင်ပြန်လာပြီပေါ့"

"ဟုတ်တယ်လေ"

"သူက ဘယ်သူလဲ"

စိုင်းကိုကြည့်ပြီး မေးလိုက်တာမို့

"စိုင်းခွန်သာ"

ဖက စိုင်းကိုမျက်မှောင်ကုတ်၍ကြည့်လေလျှင် စိုင်းပြုံးလိုက်

"မင်းက ငါ့ကိုမသိပေမယ့် ငါကတော့ မင်းကိုသိပါတယ်"

"ဘာ"

"ငါက အိမ့်မှူးရဲ့သူငယ်ချင်းလေ။ မင်း အိမ့်မှူးကိုနိုးပြေး
က ငါကိုယ်တိုင် အိမ့်မှူးကိုလိုက်ပို့ခဲ့တာ။ မင်း စိတ်လောပြီး ငါ့ကို





ာဖြစ်ပါလိမ့်မယ်"

ပြန်တွေးကြည့်ရမယ့်အစား ဒေါသပဲဖြစ်ချင်သည်။ ဒီအချိန်မှာ
ူမကြားချင်ဆုံးက အိမ့်မှူးအကြောင်းပါပဲ။ သူတို့နှစ်ယောက်ကလည်း
တို့လို သူငယ်ချင်းဆိုတော့ ရိုးမှရိုးရဲ့လား။ လေညှင်းက ဖကိုလိုက်ပို့
ာလို သူက အိမ့်မှူးကိုလိုက်ပို့ခဲ့တာဆိုတော့ ...

အင်း ...

အိမ့်မှူးပြောခဲ့ဖူးသားပဲ။ သူကလည်း အစကဖကိုမချစ်ခဲ့ဘူး
ဲ့၊ ဒီကောင့်ကိုရွဲ့ပြီး ဖန့်လာငြိတာပဲဖြစ်မှာပါ။ လေညှင်းနဲ့လာပတ်သက်
ာကရော ရိုးရိုးသားသားတော့မဖြစ်နိုင်။ သူ့ချစ်သူကို ကိုယ်ယူမိလို့
ိုယ့်ချစ်သူကို သူကပြန်ယူပြီး လက်စားချေချင်တာမျိုးလား။

"မြေး"

"ရှင် ဘွား"

"မောင်ခွန်သာ ပြန်ချင်နေပြီထင်တယ်။ မြေးလိုက်ပို့လိုက်ဦး
လေ"

"ဟုတ်ကဲ့ ဘွား"

ဒေါ်မေရီက အသက်ကြီးလို့ သူများတွေလို ခါးကိုင်း နားထိုင်း
ယယ်ခံဘဝမျိုးမဟုတ်ပေ။ ခုထိဦးနှောက်က လျှပ်စီးလိုလက်ပြီး လိမ္မာ
ါးနပ်မှုတွေရှိနေတုန်းပါပဲ။ ဖ ရောက်လာလို့ စိုင်းကိုပထုတ်တည်းက



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးလှပါဘိ။

စိုင်းကလည်း ဒါကိုနားလည်လိုက်ပါသည်။ ထို့ကြောင့် ထ[illegible]လိုက်ပြီး

"အန်ကယ်နဲ့ အန်တီ ကျွန်တော်ပြန်လိုက်ပါဦးမယ် ခင်ဗျ"

"ကောင်းပါပြီ"

"နောက်လည်း အလည်လာခဲ့နော် သား"

"ဟုတ်ကဲ့"

မလာမှာမဟုတ်ပါနဲ့လို့ စိတ်ထဲမှာသာပြောလိုက်မိသည်။

"ဘွား ... ကျွန်တော်သွားတော့မယ်"

"အေး ... အေး"

စိုင်းရှေ့ကထွက်သွားတော့ လေညှင်းလည်း နောက်ကလိုက်သွားလေလျှင် ဖ နေမထိထိုင်မသာဖြစ်ရတော့၏။ ဟိုနှစ်ယောက်ကတော့ အပြင်ရောက်တာနှင့်

"လေညှင်း"

"ဟင်"

"လေညှင်းကို ကိုယ်စိတ်မချဘူးကွာ။ အိမ်ရောက်တာနဲ့ မေမေ့ကိုဖွင့်ပြောပြီး မြန်မြန်လက်ထပ်ဖို့ကိစ္စ စီစဉ်ခိုင်းလိုက်တော့မယ်"

"ဘာလို့ ဒီလောက်လောနေရတာလဲ စိုင်းရဲ့"





"စိတ်မချလို့ပါဆိုကွာ"

"စိတ်ချ ... လေညှင်း ရင်ထဲမှာ စိုင်းဆိုတဲ့နာမည်ကို ကမ္ပည်းတင်ထားလိုက်ပြီ"

"တကယ်နော်"

"ဟုတ်"

ကလေးငယ်လို လက်ပိုက်ကာ ခေါင်းညိတ်လိုက်တော့ စိုင်းကလည်း ချစ်စနိုးနှင့် လေညှင်းခေါင်းလေးကိုပုတ်ကာ

"ဒါဆို ကိုယ်သွားတော့မယ်"

"ဟုတ်ကဲ့"

စိုင်း ကားပေါ်တက်ပြီး လက်ပြနှုတ်ဆက်ကာ ကားမောင်းထွက်သွားလေတော့သည်။ လေညှင်းက စိုင်းရဲ့ကားနောက်မီးလေးကို ငေးမောကျန်ရစ်ခဲ့လေရာ ...

"လေညှင်း"

"အမေ့"

"ဘယ်လိုဖြစ်တာလဲဟာ ... ငါ့ကိုတောင်လန့်ရသလား"

"နင်က ရုတ်တရက်ခေါ်လိုက်တာကိုး"

ဖတစ်ယောက် လေညှင်းကို ခုမှမြင်ဖူးတဲ့လူတစ်ယောက်လို ငေးစိုက်ကြည့်လေလျှင် လေညှင်းမနေတတ်စွာ လက်မောင်းလေးပွတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလွှဲလိုက်၏။ ဒဿဂီရိက မယ်သီတာကို သံကွန်ချာခုနစ်ထပ်

အုပ်ထားသလိုပဲ၊ ဇ ခုချိန်မှာ လေညှင်းကိုအုပ်ထားလိုက်ချင်၏။

"လေညှင်း"

"ဘာလဲ"

"ဟိုကောင်နဲ့ နင်ကဘာလဲ"

"ချစ်သူတွေ"

"ဘာ"

မဆိုင်းမတွဖြေသံက ဇရင်ဘတ်ကို ဇရဲမီးနဲ့ပက်လိုက်သလို ပဲ။ ချစ်သူတွေတဲ့လား။ ဇ သူတို့နှစ်ယောက်ကို အဲဒီလိုဖြစ်ခွင့်မပေး ပေ။ ဘယ်လိုလုပ်ရမလဲ။ ဒီဇာတ်လမ်းမှာ ဇ လူကြမ်းကြီးဖြစ်တော့မ ထင်ပါရဲ့။

"နင် သူ့ကိုမချစ်ရဘူး လေညှင်း"

"ဘာ"

"အဲဒီကောင်က အိမ့်မှူးရဲ့သူငယ်ချင်းဟ"

"အဲဒါဘာဖြစ်လဲ"

"သူတို့လည်း တို့လိုပဲနေမှာပေါ့။ ဒီကောင် ငါ့ကိုမကျေနပ် နင့်ကိုမြှူဆွယ်ပြီး လက်စားချေချင်တာ နင်သိရဲ့လား လေညှင်း"

ဘာကြောင့် ဒီစကားတွေကို ဇလာပြောနေတာလဲ။ သူဘာ





ဆိုလိုချင်တာလဲဆိုတာ သိလည်းမသိချင်တော့။ သိရင်ရော ဘာထူးတော့ မှာမို့လို့လဲ။ လေညှင်း သူ့ကိုခပ်စိမ်းစိမ်းပဲကြည့်လိုက်မိ၏။ ဒီလိုဆက်ဆံ ရေးကျဲအောင် ဖန်တီးခဲ့တာက သူပဲလေ။

"ဒီမှာ ဇ"

"....."

"နင် သူများကိုနင့်စိတ်နဲ့ မနှိုင်းနဲ့"

"ငါတကယ်ပြောနေတာ လေညှင်း။ ဒီကောင်က နင့်ကို"

"ငါဖြစ်လာသမျှ လည်စင်းခံလိုက်မယ်"

ဒါရင်ထဲကလာတဲ့စကားလား။ မိန်းမခိုးပြေးတဲ့အထိ သူ့အပေါ် ခွင့်လွှတ်နားလည်ခြင်းများနဲ့ ကောင်းခဲ့တဲ့ လေညှင်းက ခုတော့ စိမ်းကား တဲ့အကြည့် ပြတ်သားသော စကားလုံးတွေနဲ့ သူ့ကိုနှိပ်စက်တတ်ခဲ့ပြီ။

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မေမေ့ကို သားပြောစရာရှိသေးတယ်"

ထမင်းစားနေရင်း သားဖြစ်သူက ပြောစရာရှိသေးတယ်ဆိုသော ဝါးလက်စထမင်းလုတ်ကို မြန်မြန်ကုန်အောင် ရေသောက်ချလိုက်သည် ပြီးမှ ...

"ပြောလေ"

ပြောလေဆိုတော့ မပြောသေးဘဲ သားတော်မောင်က ရှ မျက်နှာနှင့် ရယ်ကျဲကျဲလုပ်နေလေလျှင်

"မေမေ့သား ရယ်ကျဲကျဲလုပ်နေပုံထောက်တော့ မဟုတ်မှ ရော မိန်းမတောင်းခိုင်းမလို့ထင်တယ်။ ဟုတ်လား"





"အဟဲ ... မေမေ့ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်ထင်တယ်"

"ဟင်"

တမင်စလိုက်တာက တကယ်လိုဖြစ်နေတော့ ဒေါ်ဝတ်လွှာဖြူ ဟင်ခနဲဖြစ်သွားသည်။

"သားမှာချစ်သူရှိနေပြီ မေမေ.. အဲဒါ"

"မေမေက လိုက်တောင်းပေးရမယ်ပေါ့"

"ဟုတ်ကဲ့"

ဒေါ်ဝတ်လွှာဖြူ ဝမ်းသာရမလို၊ ဝမ်းနည်းရမလိုဖြစ်သွား၏။ တကယ်တော့ ဝမ်းသာရမှာပါလေ။ ဗိုက်ဆံနှစ်ထောင်ကို တယုတယသိမ်း ပြီး ခဏခဏ ထုတ်ကြည့်နေတာတွေ့ကတည်းက သားရင်ထဲမှာ ချစ်ရ မယ့်မိန်းကလေးတစ်ယောက်ရှိနေပြီဆိုတာ နားလည်ထားပြီးသားပါ။

အချိန်တန်အရွယ်ရောက်ရင် ချစ်သူနဲ့တွေ့ပြီး လက်ထပ်ကြမှာ ပဲလေ။ သူမက အစကတည်းကသားကို အိမ်ထောင်ရေးအတွက် လွတ် လပ်စွာ ရွေးချယ်ပိုင်ခွင့်ပေးထားပြီးသားပါ။ အဲဒါ သားကိုယုံကြည်လို့ပဲ ပေါ့။ ဒီကြားထဲကမှ မှားသွားရင် ကံတရားပဲလေ။ အခုသားကအတည် ခွင့်ပြောလာပြီဆိုတော့ ...

ကောင်းပါတယ်။

အိမ်မှာပြေးကြည့်မှ သားအမိနှစ်ယောက်တည်းနေရတာပျင်း



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ခြောက်။ ချွေးမရပြီး မြေးတွေပါရလာရင်လို့ တွေးမိရုံနှင့် ရင်ထဲ
ကြည်နူးသွားမိသည်။

"သားရဲ့ချစ်သူက ပိုက်ဆံနှစ်ထောင်ရဲ့ပိုင်ရှင်လား"

"ဟုတ်တယ် မေမေ။ နာမည်က ပန်းလေညှင်းစံတဲ့"

"နာမည်က ချစ်စရာလေးပဲ"

"သူက မေမေသဘောကျလောက်တဲ့ အရည်အချင်းတွေနဲ့
မေမေ။ ရုပ်ရည်ကတော့ တအားလှတာမျိုးမဟုတ်ဘူး"

"အဓိကကစိတ်လှဖို့ပဲလိုတာ သားရဲ့။ ဒါနဲ့သူ့မိဘတွေကရော

"သူ့အဖေက ဦးရွှေသာပါမေမေ။ သူ့အမေက ဒေါ်ရှုရှုစံတဲ့
အလုပ်အကိုင်ကတော့ သားမသိသေးပါဘူး"

"အိမ်ထောင်ဖက်ရွေးတာ ဆင်းရဲချမ်းသာနဲ့မှမဆိုင်ဘဲ သား
ရယ်။ နှစ်ဦးနှစ်ဖက်ချစ်ကြဖို့နဲ့ ရိုးသားမှုရှိဖို့ပဲလိုတာ"

"ဒါဆို မေမေသဘောတူတယ်ပေါ့နော်"

"အင်း ... သားပဲရက်ရွေးပြီး မေမေတို့လူကြီးချင်းကိုတွေ့ပေး
လေ"

"ဟား ... ဝမ်းသာလိုက်တာ မေမေရယ်"

သားဖြစ်သူ ဝမ်းသာပုံကိုကြည့်ပြီး အပျော်တွေကူးစက်ကာ
တွေတောင်ခုန်မိပါရဲ့။ ဒေါ်ဝတ်လွှာဖြူ ဖြစ်နိုင်ရင် ခုတောင်ထသွား





သောင်းပေးလိုက်ချင်၏။ သားက သူမရဲ့ဘဝ သူမရဲ့အသက်ပဲလေ။
သားဘဝမှာလည်း ဒီလိုပဲခံယူထားမယ်လို့ ယုံကြည်မိသည်။

"စိုင်းရေ"

"....."

"စိုင်း"

အသံစာစာနှင့်ခေါ်သံကြောင့် စိုင်းတို့သားအမိ အသံကြားရာ
ဘက်သို့ လှည့်ကြည့်မိကြသည်။

"သား"

"ဗျာ"

"အဲဒါ အိမ်မှုမှူးအသံပဲ"

"ဟုတ်တယ် မေမေ။ ဒီကောင်မလေးဘာလာလုပ်တယ် မသိ
ဘူး"

"အဲဒီကောင်မလေး သူ့ယောက်ျားနဲ့ကွဲနေတာ သားရဲ့"

"ဗျာ"

"ညားကြတာဖြင့် မကြာသေးဘူး။ အခုကွဲပြီး သူ့စရိုက်တွေကို
မေမေမကြိုက်ဘူး။ သား သူနဲ့ကင်းကင်းရှင်းရှင်းနေနော်"

"ဟုတ်ကဲ့ပါ မေမေ"

စကားသံတွေတိတ်ကျသွားပြီး ထမင်းကိုသာငုံ့စားနေလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေ့ပြောနောက်ကြည့် ညပြောအောက်ကြည့်တဲ့။ တော်ကြာ ဘာ
ခနဲပေါ်လာမှာစိုးလို့လေ။ ကွယ်ရာပြောတော့ အတင်းပဲပေါ့။

"စိုင်း"

"ဟင်"

"ဩော်... ထမင်းစားနေကြတာကိုး"

"ဟုတ်တယ် သမီးရဲ့ ... လာလေ သမီးလည်းတစ်ခါတည်း ဝင်စားပါလား"

"ခုပဲ အိမ်မှာစားလာခဲ့ပြီးပြီအန်တီ၊ မစားတော့ပါဘူး။ သမီးက စိုင်းပြန်ရောက်နေပြီကြားလို့လာခဲ့တာ"

"ဩော်"

စိုင်းက သူ့အကြောင်းပြောတာမဟုတ်သလို ထမင်းကိုပဲ ငုံ့စားနေသည်။ အိမ့်မှူးက ခုံဆွဲပြီး စိုင်းဘေးမှာဝင်ထိုင်လေ၏။

"စိုင်း"

ပါးစပ်ကမထူးဘဲ မေးဆတ်လေလျှင် ...

"ပြင်ဦးလွင်ပြန် ငါ့အတွက် ဘာလက်ဆောင်ပါခဲ့လဲ"

"နင့်အတွက်မပြောနဲ့ မေမေ့အတွက်တောင် ဘာမှဝယ်မလာဖြစ်ဘူး"

"ဟင်"





"ဟုတ်တယ် သမီးရေ မြန်မြန်စားကြီးထပြန်လာရလို့ ဘာမှဝယ်ဖြစ်ခဲ့ဘူးတဲ့။ အန်တီ့အတွက် ဆွယ်တာနှစ်ထည်တောင် ကြိုဝယ်ထားလို့ပါလာတာ။ လူကြီးဝတ်ဆိုတော့ သမီးနဲ့ ဘယ်တော်မှာလဲကွယ်။ အဲဒါကြောင့် မပေးတော့ဘူးနော်"

ဒေါ်ဝတ်လွှာဖြူ ကောင်းအောင်ပြောလိုက်တာဖြစ်၏။

"ဒါနဲ့စိုင်း ပြင်ဦးလွင်ကို လေညှင်းနဲ့အတူ လိုက်သွားတာလား"

"ဟုတ်တယ်"

"စိုင်းနဲ့ သိလည်းမသိဘဲနဲ့"

"သိတာပေါ့။ သိလို့ စိတ်မချဖြစ်ပြီး လိုက်သွားတာ"

အိမ့်မှူးမျက်နှာပျက်သွား၏။ သူတို့နှစ်ယောက် ဘယ်အချိန်သိသွားကြတာလဲ။ ဘယ်သူမိတ်ဆက်ပေးလို့လဲ။ အိမ့်မှူးနဲ့ လေညှင်းကသာ သိကြတာ။ ဖေဖေဆို စိုင်းကိုလုံးဝမသိပေ။ စိုင်းကတော့ ဖေ့ကိုသိနေပြန်၏။ ဘာတွေလဲ။

"ဘယ်လို စိုင်း"

နားမလည်သလိုမေးတော့ စိုင်းကပြုံးလိုက်ပြီး

"ငါက လေညှင်းကို နင့်မွေးနေ့မှာစတွေ့ကတည်းက ချစ်မိသွားတာလေ။ အဲဒါကြောင့် သူ့ကျောင်းကိုသွားပြီး ငါကပိုးပန်းခဲ့ရတာ။ အခု အဆင်ပြေလို့ မေမေ့ကိုလိုက်တောင်းခိုင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



စိုင်း တမင်ရှဲ့ပြီး သိအောင်ပြောလိုက်တာဖြစ်၏။ အဲဒါမှ သူ မိန်းမကနေတစ်ဆင့် သူ့ယောကျ်ားဆီပေါက်ကြားချင် ပေါက်ကြားသွား ပေ့။ ဟိုကောင် ခုတစ်ခါ လေညှင်းကိုကြည့်တဲ့အကြည့်တွေက ရိုးသား မှ မရှိတာ။

တစ်ခုလပ်ဘဝကို လူပျို အပျိုပြန်ဖြစ်တယ်လို့ ထင်နေကြ သလားမသိ။ ဒီတစ်ယောက်ကလည်း ကိုယ့်ကိုလာချွဲနေသေးတယ်။ သူ တို့ မျှော်လင့်ချက်ကိုယ်စီနဲ့ ကွဲကြတာဆိုရင် ပြန်ပေါင်းကြပါစေ။ စိုင်း အရာရာကိုကြိုတွေးတတ်ပြီး တွေးတိုင်းလည်း လွဲခဲ့တာမို့ သူတို့လင်မယား ကွဲတဲ့ကိစ္စကို မသက်ာ။

အိမ့်မှူးကထရပ်လိုက်တော့ ဒေါ်ဝတ်လွှာဖြူ မော့ကြည့်လိုက် ကာ. . .

"ပြန်တော့မလို့လား သမီး"

"ဟုတ်ကဲ့"

ပြောပြီး အိမ့်မှူးထွက်သွားလေလျှင် သားအမိနှစ်ယောက် လိုက်မိကြ၏။

"တုတ်နဲ့ ရိုက်လွှတ်လိုက်တဲ့အတိုင်းပဲ"

✧✧✧



## အခန်း (၂၆)

ရေမှုန်ရေမွှားတွေအောက်မှာ ရပ်နေတဲ့ ဇ။ ရေချိုးနေရင်းတောင် သူ့အတွက် ရေဟူသည် မအေးမြနိုင်တော့ပါလား။ ရင်ထဲကအပူကို ဘယ်သူငြိမ်းသတ်ပေးနိုင်ပါ့မလဲ။ လိုတာမရ ရတာမလိုဖြစ်နေတဲ့ဘဝမှာ အရေးရေး မတရားရေး သူလေညှင်းကိုချစ်သည်။

စည်းတွေ ဘောင်တွေခြားသွားခြင်းအတွက် အဲဒီစည်းကိုပြုလုပ် သူ ကိုယ့်ကိုယ်ကိုယ်ပဲ မုန်းတီးနာကြည်းမိ၏။

"သား"

"ဒေါက်. . . ဒေါက်"

ခေါ်သံနှင့် တံခါးခေါက်သံက အတူတူထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားရေ"

"ဒေါက်. . . ဒေါက်"

"ဗျာ မေမေ"

"ဒီမှာ သားဖုန်းကိုကိုင်လိုက်ဦး"

"သား ရေချိုးနေတယ်လေ မေမေရဲ့"

"ရေချိုးနေတာကို မေမေသိတယ်လေ။ ဒီမှာက သားနဲ့ပြော ချင်လို့တဲ့"

"ဘယ်သူလဲ မေမေ"

"မင်းမိန်းမ"

မင်းမိန်းမဆိုတာနဲ့ ဇ အသံတိတ်သွား၏။ အဲဒီမိန်းမဆိုတဲ့ စကားကိုတစ်ခွန်းကြားရတိုင်း သူ့ရင်ဘတ်ကို အဆိပ်လူးမြားတစ်ချောင်း စိုက်ဝင်သလိုပါပဲ။

"သား"

"ဗျာ"

"ကိုင်လိုက်ဦး"

"ရေချိုးပြီးမှ ပြန်ဆက်မယ်လို့ပြောလိုက်မေမေရာ"

"အေး . . . အေး"

"တော်တော်ရှုပ်တဲ့ မိန်းမပဲ"





"ဟဲ့ သား"

"အိမ့်မှူးဟာနဲ့ကို ပြောတာမေမေရဲ့"

"အစကတည်းက နာမည်ထည့်ပြောပါလား"

မေမေ့အသံပျောက်သွားတော့ ဖေက်ပြင်းချလိုက်မိသည်။ ဖုန်း ဆက်ပြီး ဘာပြောဦးမလို့ပါလိမ့်။ အိမ့်မှူးပါးစပ်က တောင်းပန်တဲ့စကား ထွက်လာမယ်လို့တော့ မထင်ပါဘူး။ ဇ ရေချိုးခြင်းကို အဆုံးသတ်လိုက်ပြီး ရေချိုးခန်းထဲမှ ထွက်လာခဲ့သည်။ ကိုယ့်အခန်းထဲပြန်ရောက်တော့. . .

အဝတ်အစားမြန်မြန်လဲပြီး ပြန်ထွက်လာခဲ့၏။ ဖုန်းက မေမေ့ လက်ထဲမှာပဲရှိနေမှာပေါ့။

"မေမေ"

"ရော့"

သူ့ကိုမြင်တာနှင့် မေမေက ဖုန်းကိုသာကမ်းပေးခဲ့ပြီး ထွက်သွား သတော့သည်။ ဇ ဖုန်းပြန်ခေါ်လိုက်ပြီး . . .

"မင်း ငါ့ကိုပြောစရာရှိလို့ဆို"

"ဟုတ်တယ်"

"ဘာပြောမှာလဲ ပြော"

"ရှင် ခုထိဘာမှမသိသေးဘူးလား"

"ဘာကိုသိရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်မျှော်လင့်စောင့်စားနေတဲ့ ပန်းလေညှင်းစံက အခုစိုင်းနဲ့
သာနဲ့ ချစ်သူတွေဖြစ်နေကြပြီတဲ့"

"မင်းက ဘယ်လိုသိတာလဲ"

"စိုင်းပြောပြတာလေ။ လေညှင်းက ရှင့်ကိုပြောမပြဘူးလား"

လှောင်သံနှင့် ရယ်သံက နားထဲမှာခါးလွန်းလှ၏။ အစကတည်းက သူနဲ့ကိုယ်ပြန်ပေါင်းဖို့ ပြောမှာမဟုတ်ဘူးဆိုတာ သိပြီးသားပဲ။ အိမ့်မှူး ဘာကြောင့် ဒီအကြောင်းကိုဖုန်းဆက်ပြောတာလဲဆိုတာကို နားမလည်နိုင်။

ကိုယ်ထင်တာပြောရရင်

ကိုယ့်ကိုပဲ အရွဲ့တိုက်ချင်တာလား။ ပြန်ပေါင်းချင်တယ်လို့ ကို ပြောစေချင်တာဆိုရင်တော့ လုံးဝပါပဲ။ ကိုယ်ကလည်း သူ့လိုပြော ဆိုရင်

"ပြောပြတယ်။ မင်းရော ရင်ကွဲနေပြီထင်တယ်"

"ဘာ"

"မင်းနဲ့ စိုင်းကရော ရိုးသားကြမယ်လို့ ကိုယ်မထင်ဘူး"

"မရိုးသားလည်း သူကလက်ထပ်တော့မှာလေ"

"အဲဒါကို မင်းက ဒီအတိုင်းကြည့်နေတော့မယ်ပေါ့"

"ရှင်က ကျွန်မကို ရှူးတိုက်ပေးချင်တာလား ဖေ"





ဖေ အသံထွက်အောင် ရယ်လိုက်မိ၏။ အိမ့်မှူးပြောတာမှန်နေတာကိုး။ အိမ့်မှူးသာ စိုင်းကိုရအောင်ယူနိုင်ရင် အကောင်းဆုံးပေါ့။ ဒါမှ သူလည်း လေညှင်းကိုသိမ်းပိုက်လို့ရမှာ။ အခု အိမ့်မှူးက ဒီအတိုင်းကြီး ရှိနေသေးတော့ ထင်သလောက်မလွယ်။

"ရှင်ရော လေညှင်းကိုရအောင်ယူနိုင်လို့လား"

"မင်းငါ့ကိုစိန်ခေါ်တာလား အိမ့်မှူး"

"အထင်သေးတာ"

"တောက်"

တစ်ဖက်ကရယ်သံကို မုန်းတီးစွာ ဖုန်းကိုပိတ်ပစ်လိုက်တော့ နောင်တဆိုတဲ့အရာကို သက်ရှိထင်ရှားသာရှိရင် လည်ပင်းသာညှစ်ကိုက်ချင်တော့သည်။

အချစ် ...

အဲဒီအချစ်ကလည်း ကိုယ့်ကိုလှည့်စားပြီး ကောင်းကျိုးမပေးခဲ့။ အချစ်ကိုသတ်တဲ့ အဆိပ်ကဘာလဲ။ ဖြစ်နိုင်ရင် သတ်လိုက်ချင်သည်။ ကိုယ့်အတွေးနှင့်ကိုယ်မို့ မေမေ သူ့အနားကိုပြန်ရောက်လာတာမသိလိုက်။

"သား"

"ဗျ"



www.burmeseclassic.com

www.burmeseclassic.com



လန့်ထူးထူးလိုက်တာမို့ 'ဗျာ' ထူးသံကမပီပြင်ဘဲ 'ဗျ' ဖြစ်သွား

"အိမ့်မှူးက ဘာပြောတာလဲသား။ သားနဲ့ ပြန်ပေါင်းဖို့လာ

ခိုင်းတာလား"

မျှော်လင့်ချက်တွေနဲ့ တောက်ပလာတဲ့ မေမေ့မျက်လုံးတွေ

အရောင်မမှိန်စေချင်ပေမယ့်

"မဟုတ်ဘူး မေမေ"

"ဟင်"

"သူနဲ့ပြန်ပေါင်းဖို့ကိစ္စက ဘယ်လိုမှကိုမဖြစ်နိုင်ဘူး မေမေ"

"ဘာဖြစ်လို့လဲ သားရယ်"

"သူနဲ့ သားရဲ့အိမ်ထောင်ရေးမှာ အချစ်မှမပါဘဲ"

"ဘယ်လို"

ဒေါ်မင်းမင်းသွယ် သားကိုဘယ်လိုမှ နားမလည်နိုင်တော့

လေညှင်းနဲ့ စေ့စပ်ပေးခါနီးဆဲဆဲကျမှ အိမ့်မှူးကို နိုးပြေးခဲ့တာသ

ချစ်လို့ အစေးမခံနိုင်လို့ နိုးပြေးခဲ့တာမဟုတ်ဘူးလား။ အိမ့်မှူးက

သားကိုမချစ်ဘူးလား။ သူတို့နှစ်ယောက်မှာ ဘယ်သူက ဘယ်သူ့ကို

ပါလိမ့်။

သူမကတော့ . . .

မိဘအနေနှင့် သားတို့အိမ်ထောင်ရေးကို တည်မြဲစေချင်သ





ချစ်ခဲ့ကြဘဲ အိမ်ထောင်တစ်ခုကို တည်ဆောက်ခဲ့ကြခြင်းဟာ အန္တရာယ်

တစ်ခုပါပဲ။

"သား"

"ဗျာ"

"သားတို့နှစ်ယောက် ဘယ်သူက ဘယ်သူ့ကိုမချစ်တာလဲ သား

ရယ်"

"နှစ်ယောက်စလုံးပဲ မေမေ"

"ဟင်"

"သားတို့နှစ်ယောက်စလုံးပဲ မှားခဲ့ကြတာပါ။ တဒင်္ဂသာယာမှုကို

အချစ်လို့ထင်ခဲ့ကြတာ။ တကယ်တမ်းကျတော့ သူကသားကိုမချစ်သလို

သားကလည်း သူ့ကိုမချစ်ဘဲ အခြားတစ်ယောက်ကိုချစ်နေခဲ့တာ"

ပြောရင်း မျက်ရည်ကဝေ့ချင်လာသည်။ အချစ်လို့ အမည်တပ်

ပြီး ရည်းစားထားခြင်းအလုပ်ကို ဒိုးလိုမွှေ ရေလိုနှောက်ခဲ့တဲ့ကောင် အခု

အပြီဆိုတော့ . . .

"ကိုယ့်ရင်ထဲက အမှန်တရားကို သိလိုက်တဲ့အချိန်ဟာ အရမ်း

နောက်ကျသွားခဲ့တယ် မေမေ။ အမှားတွေက ပြင်လို့မရတော့ဘူး။ အဲဒါ

ကြောင့် သားကိုယ့်ကိုယ်ကိုယ် သတ်ပစ်ချင်လောက်အောင် မုန်းတီးနာ

ကြည်းနေမိတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မင်းမင်းသွယ် သားအဖြစ်ကိုသိလိုက်ရတော့. . .

"ဖြစ်မှ ဖြစ်ရလေသားရယ်"

✧✧✧



## အခန်း (၂၇)

အိမ်မှာ စိုင်းရဲ့မေမေရောက်နေသည်။ သူ့မိတ်ဆွေတစ်ယောက်
ည်း ခေါ်လာသည်တဲ့။ လေညှင်းညှော့သည်ဆိုလို့ ထွက်ကြိုစဉ်က
င်းနားနားကပ်ပြောသွားတာ. . .

"ကိုယ့်မေမေ့ကိုဖွင့်ပြောပြီး တစ်ခါတည်းလာတောင်းခိုင်းတာ"

တဲ့။

တောင်းရမ်းခြင်း အရာမမြောက်သေးပေမယ့် သားရေး သမီး
း ဆွေးနွေးကြမှာပဲလေ။ စိုင်းကသိပ်လောတာပဲလို့လည်း အပြစ်မတင်
း အခု လူကြီးတွေစုံညီရှေ့မှာ လေညှင်း ရှက်မျက်နှာလေးကိုငုံ့ထား
း ငြိမ်သက်စွာထိုင်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်နဲ့ အန်တီ"

စိုင်းမေမေ့ကိုကြည့်လိုက်ပြီး

"ဒါ ကျွန်တော့်ရဲ့မေမေလေ။ ဒေါ်ဝတ်လွှာဖြူတဲ့"

အပြန်အလှန်ခေါင်းညိတ်ပြပြီးနောက် ...

"မေမေ။ ဒါလေညှင်းရဲ့ ဘွားဘွား ဒေါ်မေရီတဲ့။ ဒီဘက်က တော့ လေညှင်းရဲ့ဖေဖေ ဦးရွှေသာပါ။ ဟိုဘက်ကတော့ လေညှင်းရဲ့ မေမေ ဒေါ်ဖူးဖူးစံပေါ့"

"တွေ့ရတာဝမ်းသာပါတယ်ရှင်။ ခုလို တစ်ယောက်နဲ့ တစ်ယောက်တွေ့ဆုံခင်မင်ခွင့်ရတာ ရေစက်ရှိလို့ပေါ့နော်"

"ဒါပေါ့ကွယ်။ ဟိုဘဝကရေစက်ရှိလို့သာ ခုလို စုစုဝေးဝေး ဒီအိမ်မှာလာဆုံကြတာပေါ့"

"ဒါနဲ့ သား"

"ဗျာ"

"လေညှင်းဆိုတာ သူလေးလား"

"ဟုတ်တယ် မေမေ"

"ဩော် သားကလည်း အမိကလူကိုမှ မိတ်ဆက်ပေးဖို့မေ့နေ သလားကွယ်။ သမီးလေးက ချစ်စရာလေးပဲ"

"အဲဒါ ကျွန်တော့်ကိုတူတာလေ"





ဦးရွှေသာ ဝင်နောက်လိုက်တော့ ဒေါ်ဖူးဖူးစံက မျက်စောင်းထိုးလေသည်။ စိုင်းက ဒေါ်မေရီကိုအားကိုး၍ သူ့မိခင်ကိုခေါ်လာခဲ့မယ့်အကြောင်း ဒေါ်မေရီကိုပဲ ဖုန်းဆက်ထားသဖြင့် ဒေါ်မေရီပြောပြလို့ ဦးရွှေသာတို့ လင်မယား ဒေါ်ဝတ်လွှာဖြူ၏လာရင်းအကြောင်းရင်းကို သိထားပြီးဖြစ်၏။

မသိသေးတာက လေညှင်းပဲလေ။

သူလည်း စောစောက စိုင်းပြောပြလို့ သိပြီးဖြစ်ကာ မိဘနှစ်ပါး မသိသေးဘူးအထင်နှင့် မျက်နှာပူမိသည်။ သဘောမတူမှာကိုတော့ မစိုးရိမ်ပါဘူး။ လေညှင်းတို့ဘက်က ရပ်တည်ပေးမယ့် ဘွားဘွားရှိနေတာပဲလေ။

"ကဲ... အားလုံး သားမိတ်ဆက်ပေးလို့ တစ်ယောက်နဲ့တစ်ယောက်သိကြပြီဆိုတော့ ကျွန်မ လာရင်းကိစ္စကိုပြောပါရစေရှင်"

"ပြောပါ မဝတ်လွှာ"

"အကြောင်းကတော့ သားရေးသမီးရေးကိစ္စဆွေးနွေးချင်တာပါ။ ဟောဒီက ကျွန်မရဲ့သား စိုင်းခွန်သာက ကိုရွှေသာရဲ့သမီးလေး ပန်းလေညှင်းစံကို မေတ္တာရှိနေလို့ လာပြီးမိသားဖသားပီပီ ကမ်းလှမ်းတာပါ"

ဦးရွှေသာ ခါးကိုမတ်မတ်ပြင်ထိုင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သိပ်ပြီးစကားကို ဝေ့ဝိုက်မပြောတတ်ဘူးဗျ"

"ဟုတ်ကဲ့ လိုရင်းကိုပဲပြောပါ"

"မောင်စိုင်းခွန်သာကို ဟောဒီက ကျွန်တော်တို့အမေက သမီးလေးနဲ့ မေတ္တာမျှနေကြတာကို သဘောတူ ကြည်ဖြူပြီးသားပါ။ အဲဒီတော့ ကျွန်တော်တို့ဘက်က ငြင်းစရာမရှိပါဘူး"

"ခုလိုကြားရတာ ဝမ်းသာလိုက်တာရှင်"

"ဒါဆို ကိုရွှေသာတို့နဲ့ မဝတ်လွှာတို့တိုင်ပင်ပြီး စေ့စပ်ကြောင်းလမ်းဖို့ နေ့ကောင်းရက်သာရွေးလိုက်ကြပေါ့ဗျာ"

ဒေါ်ဝတ်လွှာ၏ မိတ်ဆွေက ဝင်ပြောလေ၏။ လေညှင်း စိုင်းမျက်နှာကြီး ဘယ်လိုနေမလဲခိုးကြည့်လိုက်တော့ စိုင်းကလည်း လှမ်းကြည့်တာနှင့်တိုးပြီး မျက်လွှာလေးပြန်ချကာ ပြုံးလိုက်မိသည်။

"ကျွန်မဘက်ကတော့ ဘယ်နေ့ပဲဖြစ်ဖြစ် အဆင်ပြေပါတယ်။ ကိုရွှေသာတို့ဘက်ကပဲ အဆင်ပြေမယ့်ရက်ကိုရွေးလေ"

"အမေ"

ယောက္ခမကို ဦးစားပေးသောအနေနှင့် ဦးရွှေသာခေါ်လိုက်တော့ . . .

"ပြက္ခဒိန်ကြည့်ပြီး ရက်ရွေးလိုက်ဦးမယ်လေ။ ပြီးမှ ဖုန်းဆက်လိုက်မယ် ဖြစ်တယ်မို့လား"





"ဖြစ်ပါတယ် ကြီးမေ။ ဝတ်လွှာက ကြီးမေတို့သဘောပါ"

"ကဲ . . . နှစ်ဦးနှစ်ဖက် အဆင်ပြေသွားကြပြီဆိုတော့ အေးအေးဆေးဆေးပေါ့။ ညနေမှပြန်ကြနော်"

"ဟာ . . . ကျွန်တော်ကနေရမှို့ မဖြစ်ဘူးဗျ"

ဒေါ်ဝတ်လွှာခေါ်လာတဲ့ မိတ်ဆွေက နာရီကိုကြည့်ရင်း ပြောလေသည်။ ပြီးတစ်ဆက်တည်း ထရပ်လိုက်ကာ

"မဝတ်လွှာက အားကိုးတကြီးနဲ့ခေါ်လို့သာ လိုက်လာရတာ။ ကျွန်တော်သွားစရာရှိသေးတယ်ဗျ။ အားလုံးပဲခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ ကောင်းပါပြီဗျာ"

ပြန်တဲ့လူက ပြန်သွားပြီး ဒေါ်ဝတ်လွှာတို့သားအမိက အေးအေးဆေးဆေးနေပြီး ညနေမှပြန်ဖို့ သဘောတူလိုက်ကြသည်။ ချစ်သူနှစ်ဦးအနေပတ်သက်ပြီး မိသားစုနှစ်ခုကြားမှာ မေတ္တာပေါင်းကူးတံတားလေး ထိုးလိုက်ပြီပဲလေ။ နှစ်ဖက်မိဘတွေရဲ့စကားရေစီးကြောင်းထဲမှာ ကိုယ့်သားသမီး တော်ကြောင်းကောင်းကြောင်းတွေသာ။

လေညှင်း

ပျော်လည်းပျော် ရင်တွေလည်းခုန်။ စိုင်းလည်း ဒီလိုပဲရှိနေမှာပေါ့။ မျက်နှာကိုကြည့်ပါလား။ သကာရည်အိုးထဲမှောက်ကျထားတဲ့အကောင်းပဲ။ လေညှင်း ရှက်တာနှင့်ပျော်တာရောပြီး ဘယ်လိုနေရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်

ထရပ်လိုက်စဉ် ...

"သမီး"

"ရှင် မေမေ"

"ဒါက ဘယ်ကိုလဲ"

"ဟို မစန္ဒာကိုသွားကူမလို့ပါ မေမေ"

"ဪ... အေး အေး"

"မေမေ"

"ဘာလဲ သား"

"သားလည်း လိုက်ကူလိုက်ဦးမယ်"

"မောင်ခွန်သာ"

ဒေါ်မေရီ လှမ်းခေါ်တာပင်မရလိုက်ဘဲ စိုင်းက လေညှင်းနောက်သို့ ထလိုက်သွားလေသည်။ ဒါကိုပဲ လူကြီးတွေက ရယ်စရာတစ်ခုလို ပြောပြီး ကျန်ရစ်ခဲ့ကြ၏။

"သားက တော်ရုံမိန်းကလေးကို အထင်ကြီးတာမဟုတ်ဘူး ကြီးမေရေ။ လေညှင်းလေးနဲ့တွေ့မှ..."

"ကြီးမေကလည်း မြေးကို တော်ရုံယောကျ်ားလေးနဲ့ သဘောတူချင်တာမဟုတ်ဘူးကွဲ့။ မောင်ခွန်သာကတော့ ပြင်ဦးလွင်ကိုစရောက်





သာကတည်းက မြေးလေးကိုကရုစိုက်လိုက်တာကွယ်... မောင်ရွှေသာတို့ကို မြင်စေချင်စမ်းလိုက်တာ"

"ဟုတ်လား အမေ"

"ဟုတ်မှာ ဟုတ်မှာ။ ကြီးမေမပြောတာကို ဝတ်လွှာယုံတယ်သိလား။ ဝတ်လွှာလည်း မျက်မြင်ကိုယ်တွေ့ကိုရှိခဲ့တာ"

"ပြောပြပါဦး မဝတ်လွှာရယ်။ ဘယ်လိုလဲ စံစံသိချင်လိုက်တာ"

ဒေါ်ဖူးဖူးစံ ပီတိတွေဖြစ်နေ၏။ ကိုယ့်သမီးလေးကို တကယ်ချစ်တဲ့လူနဲ့တွေ့တာ ကံကောင်းတာပေါ့။ ဒါ ဘုရားမတာပဲ။ ဖနဲ့တုန်းက ဖူးစာမပါလို့ လွဲခဲ့ကြတာလို့ပဲ သတ်မှတ်ရမည်။ ငယ်သူငယ်ချင်းတွေ အရမ်းချစ်ကြတော့...

လူကြီးချင်းက တစ်နေ့ဖြစ်မှာပဲလို့တွေးပြီး သဘောတူခဲ့ကြတာ။ က သမီးအပေါ်နိုင်လို့ သိပ်သဘောမကျပေမယ့် စကားလွှန်ထားတော့ စေ့စပ်ပေးဖို့ စီစဉ်ကြတဲ့အချိန်မှာပဲ ကမောက်ကမတွေဖြစ်ကုန်ကြတာ။

အခု ...

စိုင်းခွန်သာက သမီးလေးကို သိပ်ချစ်တဲ့သူဆိုတော့ သမီးလေး စိတ်ချမ်းသာရမှာပါ။

"လေညှင်းလေးဆီက ဘယ်လိုရလာတဲ့ ပိုက်ဆံနှစ်ထောင်လဲတော့ မသိပါဘူးရှင်။ အဲဒီတစ်ထောင်တန်လေးနှစ်ရွက်ကို သားကထုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက် ပြန်သိမ်းလိုက်နဲ့ အခုထိ တကယ့်ကိုမြတ်မြတ်နိုးနိုးနဲ့သိမ်းထားရှာတာ''

''ဪ''

ဒေါ်ဝတ်လှာ ရှင်းပြလို့ အတွေးစတွေပြတ်သွားတဲ့ ဒေါ်ရှုရှုန်း ဗီတိမျက်ဝန်းတွေနှင့် ခင်ပွန်းကိုလှမ်းကြည့်လိုက်တော့ ဦးရွှေသာမှာလည်း ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေသည်။

မီးဖိုခန်းထဲမှာတော့ . .

''လေညှင်း''

''ဟင် . . ဘာလို့ ဒီအထဲဝင်လိုက်လာတာလဲ စိုင်းရဲ့''

''လေညှင်းကို ကူမလို့လေ''

''မကူပါနဲ့''

''ကူမှာပဲ''

''လုပ်တတ်လို့လား''

''ပြောပြလေ သင်ပေးပေါ့။ အခုတတ်မှနောက်လည်း ကူညီရမှာပေါ့''

''အမယ် . . ဒါလေညှင်းကို မီးဖိုချောင်ထဲထိုးထားမယ်ဆိုတဲ့ ပြယုဂ်ကို နိဒါန်းပျိုးတာပေါ့လေ ဟုတ်လား''

''မဟုတ်ပါဘူး လေညှင်းရယ်။ တကယ်လို့ လေညှင်း မီးဖိုချောင်ထဲဝင်ရသည်ရှိသော် ကူဖို့ပြောတာကွ''

မစန္ဒာက ငရုတ်သီးထောင်းရင်း သူတို့ကိုလှမ်းကြည့်ကာရယ်နေသည်။

''ကိုယ်ဘာကူရမလဲ ပြော''

''တော်တော်ကူချင်နေလား''

''အင်း''

''ဒါဆို ငရုတ်သီးထောင်း''

အမြင်ကတ်ကတ်နှင့်စိုင်းဖို့ မစန္ဒာဘက်သို့လှည့်လိုက်ကာ

''မစန္ဒာ''

''ငရုတ်သီးတော့ မထောင်းခိုင်းပါနဲ့ လေညှင်းရယ်။ လူကမင်းသားကို ငရုတ်သီးထောင်းခိုင်းလို့ မျက်စိထဲဝင်မှာဖြင့်''

''ရပါတယ် မစန္ဒာရဲ့။ ကျွန်တော်လည်း လူတစ်ယောက်ပဲဟာ လုပ်နိုင်ရမှာပေါ့''

''ကဲ မစန္ဒာ''

''ဟော''

''ဒီလောက်လုပ်ချင်နေတာ ပေးထောင်းခိုင်းလိုက်''

စိုင်းသွားတော့ မစန္ဒာကဖယ်ပေးလေသည်။ လေညှင်း လုပ်လက်စအလုပ်ကို မစန္ဒာကလာလုပ်လေတော့ လေညှင်း ငရုတ်သီး







www.burmeseclassic.com

www.burmeseclassic.com



ထောင်းတာကို လက်ပိုက်ကာ ရပ်ကြည့်နေလိုက်၏။

"အား"

"ဟင်"

"အား ... ဝင်သွားပြီ စပ်တယ်"

"စိုင်း ... မစန္ဒာလုပ်ပါဦး။ စိုင်းမျက်လုံးထဲကို ငရုတ်သီးဝင်သွားပြီ"

"ဟယ် ဒုက္ခပါပဲ"

လေညှင်းနဲ့ မစန္ဒာ ပျာယာခတ်သွားကြပြီး ရေပြေးခပ်သွား ခပ်။ လေညှင်းက သူ့လက်ကိုဆွဲဖယ်လေလျှင်

"အဟဲ"

"ဟင် ... ဟုတ်လည်းမဟုတ်ဘဲနဲ့"

"လေညှင်း ကိုယ့်ကိုဘယ်လောက်ဂရုစိုက်မလဲ သိချင်လို့ အစမ်းစမ်းတာကို"

"သွား"

လေညှင်း ရယ်ချစ်စိတ်ကိုမျိုသိပ်ပြီး သူ့ကိုတွန်းထွက်ပစ်လိုက်တော့သည်။

✧✧✧



# အခန်း (၂၈)

တစ်ဖက်ခြံထဲကို မှန်ပြောင်းနဲ့ကြည့်နေတဲ့ ဖ၊ အပန်းဖြေဆောင်ထဲမှာ ရယ်မောနေကြတဲ့ မိသားစုနှစ်စုကို မြင်လိုက်ရတော့ ခွေးဝမ်းထဲ ဆန့်မကျေဘိုတာမျိုးပါ။

ဘာကယ်ဆို ...

ဒီလိုမျိုးပျော်ရွှင်ရယ်မောနေရမှာ လေညှင်းတို့မိသားစုနဲ့ ကိုယ်တို့မိသားစုပဲလေ။ ဖ စိုင်းတို့သားအမိနေရာမှာ ကိုယ်တို့မိသားစုကို အစားထိုးကြည့်ပြီး ရင်ထဲမှာခွေးခနဲဖြစ်သွား၏။ ဒါပေမယ့် ခဏပါပဲ။ စိတ်က နေရာမှန်ကိုပြန်ရောက်ပြီး ကိုယ့်နေရာမှာ သူများအစားထိုးဝင်ရောက်ခြင်းအတွက် ခံစားရတဲ့ဝေဒနာတို့သည် ဘယ်ခံစားမှုနဲ့မှ မတူ။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ဇ စိတ်တိုစွာ တက်ခေါက်လိုက်မိလေလျှင်

"အခုမှ တက်ခေါက်နေလို့ လျှာအလုပ်များရုံပဲရှိတယ် သူ... မင်းက ကိုယ်ပိုင်ပြီးသားရွှေထုပ်ကို သူများရင်ခွင်ထဲပစ်ထည့်ပေး..."

"ဟင် ဖေဖေ"

ဦးသူရ သားဖြစ်သူဆီသို့ ဦးတည်ကာ တစ်လုံးချင်းလေ... လာရင်း ပြောလိုက်တာဖြစ်၏။

"မင်းမိုက်ခဲ့တာပဲလေ ခံပေါ့ကွာ။ အဲဒါပဲကွ. . . ကိုယ်က... တွေ့နေကြမှ တန်ဖိုးမရှိဘူးထင်ပြီး လွှင့်ပစ်လိုက်တဲ့အရာက သူ... အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာဖြစ်နေတာ"

"တော်ပါတော့ ဖေဖေရာ"

"အခု မင်းအိမ်မြှောင်အမြီးပြတ်သလိုဖြစ်နေပြီမို့လား သူ..."

"ရှင်ကလေ ကိုယ့်သားခံစားနေရတာကို နှစ်သိမ့်အားပေး... တော့ မရှိဘူး။ အပြစ်တင်ဖို့ပဲပြောနေတယ်"

ဒေါ်မင်းမင်းသွယ်က သားခံစားနေရတာကို မကြည့်ရက်နိုင်... နှင့်ပြောလေသည်။ ကိုယ့်သားလုပ်ရပ်ဟာ မှားသည်ဖြစ်စေ မှန်သ... ဖြစ်စေ ကိုယ့်ဥမှ ဥမှန်းသိကြတာလူတိုင်းပဲလေ။

"မှားနေမှန်းသိသိနဲ့ ငါကအမှန်ခြစ်ပေးပြီး ထပ်မှားဖို့ မြှော..."





ထိုးပင့်ကော်လုပ်ပေးစရာလားကွ။ မင်းသားအသုံးမကျလို့ ခုတော့မြွေပါ လည်းဆုံး သားလည်းဆုံးဖြစ်ရတာပဲလေ"

"လူတိုင်းအမှားကင်းတဲ့သူမှမရှိဘဲရှင်"

"အေး မှားပြီးရင် အဲဒီအမှားက ကိုယ့်ဘဝရဲ့ဆရာတစ်ဆူပဲ။ ထပ်မမှားဖို့ ကြိုးစားရမယ်။ ထပ်မှားဖို့ပဲ အာရုံစိုက်နေရင်"

"တော်တော့. . . ကို"

မိခင်ကတော့ နူးညံ့သောနှလုံးသားပိုင်ရှင်ပီပီ ကိုယ့်သားခံစားနေ ရခြင်းအတွက် မိခင်အတ္တနှင့် သားတစ်မျက်နှာကိုပဲကြည့်ချင်သည်။ အား ပေးနှစ်သိမ့်လိုသော မျက်ဝန်းများနှင့် သားလက်မောင်းလေးကို ဆုပ်ကိုင် လိုက်ပြီး

"သားတို့ညီအစ်ကိုနှစ်ယောက်စလုံးပဲ အိမ်ထောင်ရေးမှာ ကံ ဆိုးလိုက်ကြတာကွယ်"

"ကိုယ့်သားတွေ အသုံးမကျတာကို ကံချည်းပဲ ပုံမချနဲ့လေကွာ။ နာခေါင်းပါတာတောင် မစင်တွင်းလား ရေတွင်းလား မခွဲခြားတတ်တဲ့ ကောင်တွေ"

"ကိုသူရ"

"အေး မပြောစေချင်ရင် မပြောတော့ဘူး။ ဒါပေမယ့် ငါ...ခု တော့ သတိပေးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"မှားမှန်းသိနေရဲ့နဲ့ မထူးစိတ်ပိုက်ပြီး သူများမိသားစုပျော်ရွှင်နေတာကို မဖျက်ဆီးဖို့"

သားဖြစ်သူကို စူးခနဲတစ်ချက်ကြည့်ပြီး ဦးသူရထွက်သွားတော့သည်။

"ဖေ"

"ဖရေ"

"ဟင်"

"ဖေ"

အသံဖြုကြီးတွေနဲ့ ခေါ်လာတဲ့အသံတွေကို ကောင်းကောင်းမှတ်မိပါသည်။ ဒါ အေးမင်းနဲ့ ချမ်းဝင်းအသံပါပဲ။

"ဖေ"

"ဟော့ကောင်တွေ ငါဒီမှာ"

"ဟိုမှာကွ"

နှစ်ယောက်သား ဖေဆီသို့လျှောက်လာကြလေလျှင်

"ပြော ... ဘာကိစ္စလဲ"

"သူသူဟန်က သူ့မွေးနေ့မှာ မင်းကိုလာခဲ့ဖို့ တို့ကိုဖိတ်ခိုင်းလိုက်ကွ"





"သူသူဟန်"

"ဟုတ်တယ်"

ဖမျက်လုံးနှစ်ဖက်ကိုကျဉ်း၍ စဉ်းစားသလိုလုပ်နေသည်။ သူသူ [illegible]ဒန်မွေးနေ့ဆိုတော့ လေညှင်းကိုလည်းဖိတ်မှာပေါ့။ လေညှင်းကလည်း ဖြစ်မနေသွားမှာပဲ။

"ဒါဆို လေညှင်းကိုလည်း ဖိတ်မှာပေါ့"

"နေမလားကွ"

"မင်းကိုတောင် ဖိတ်သေးတာ လေညှင်းကိုထားခဲ့မတဲ့လား။

"မင်းက ဘာကိုစဉ်းစားနေတာလဲ"

"ဘာမှမဟုတ်ပါဘူး"

ဒါ အအတွက် အခွင့်အရေးတစ်ရပ်ပါပဲ။ လေညှင်းကို သူပိုင်ဆိုင်ချင်သည်။ အခွင့်အရေးရရင် လုပ်ရှားရမှာပဲလေ။

"စိတ်ပြေလက်ပျောက်သွားလိုက်ပေါ့ သားရယ်"

"ဟုတ်ကဲ့ မေမေ"

"ဖေ"

"ဘာလဲကွ"

"အဲဒီနေ့ကျ အပိုကဲရမှာနော်"

"ဟုတ်တယ်ကွ။ သူသူက အရင်းနှီးဆုံး သူငယ်ချင်းတွေကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်တာ။ မင်းလာခဲ့နော် ဟော့ကောင်''

''အေးပါကွာ။ ငါလာခဲ့မယ် စိတ်ချ''

''သွား''

''ဗျာ''

''သားသူငယ်ချင်းတွေအတွက် မေမေတစ်ခုခုသွားစီစဉ်လိုက်ဦးမယ်နော်''

''ဟုတ်ကဲ့''

ဒေါ်မင်းမင်းသွယ် ထွက်သွားလေတော့ ဇော်လည်းဝရန်တာကိုကျောခိုင်းကာ အောက်ထပ်သို့ဆင်းပြီး ဧည့်ခန်းထဲမှာထိုင်လိုက်ကြသည်။

''ဇ''

''ဟင်''

''မင်းကို ငါမေးစရာရှိသေးတယ်''

''ဘာလဲ''

''လေညှင်းမှာ ချစ်သူရသွားပြီဆို''

ဇ အေးမင်းကို ရှုတည်တည်နဲ့ကြည့်လိုက်ပြီး

''ဟုတ်တယ်''

''ဘယ်သူနဲ့ပါလိမ့်''

''အိမ့်မှူးရဲ့သူငယ်ချင်း စိုင်းခွန်သာဆိုတဲ့ကောင်နဲ့''





''ဟေ''

''ကောင်းပါတယ်''

''ဘာ''

အေးမင်းက အံ့ဩသလိုဖြစ်ပြီး ချမ်းဝင်းကကောင်းပါတယ်ဆိုတော့ ဇစိတ်ထဲမှာ ဖျင်းခနဲဖြစ်သွား၏။ အေးမင်းကပဲဆက်၍

''မင်းကို အရွဲ့တိုက်တာများလားကွာ''

''ရမ်းမပြောနဲ့အေးမင်း။ လေညှင်းက ဇကိုအရွဲ့တိုက်ချင်တာ ...ကသက်နဲ့ ယောကျ်ားတစ်ယောက်ကို ရမ်းသမ်းလက်ခံမယ့်မိန်းကလေး ...မဟုတ်ဘူး''

ချမ်းဝင်းက အမှန်တရားကိုသာ လက်ခံချင်သူမို့ လေညှင်းဘက် ... လိုက်ပြောလို့ ဇနဲ့တစ်ခါက ပြဿနာတက်မလို့ ကံသီလို့ပဲလေ။

သူက လေညှင်းခံစားချက်ကိုသိလို့ သနားခဲ့တာပါ။ ဖြူစင်တဲ့ ...မှာ ချစ်ကြိုးမသွယ်ဘဲ တစ်ခုလပ်ဘဝရောက်မှ ရင်ထုမနာဖြစ်တာ ...ားစရာလား။

''အဲဒီအကြောင်းတွေပြောရင် ချမ်းဝင်းနဲ့ငါ မလွယ်ဘူး။ ထပ် ...ပြောနဲ့တော့''

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၉)

"ဟယ် ဟိုမှာ ဇ"

"ဇ လာတယ်"

မွေးနေ့ရှင် သူသူဟန်က ဇဆီသို့ပြေးသွားလိုက်သည်။ မွေးနေ့က ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားလုပ်တာမဟုတ်။ အရင်းနှီးဆုံး သူငယ်ချင်း အယောက်နှစ်ဆယ်လောက်ပဲဖိတ်ပြီး မြက်ခင်းပြင်ပေါ်မှာ ဒီအတိုင်းပဲ စားကြသောက်ကြရင်း ဆိုချင်ဆို ကချင်က ပျော်ပျော်ပါးပါး ရှိကြဖို့ပါ။

"ဖိတ်သာဖိတ်ရတယ် လာမှလာပါ့မလားလို့ ဇရယ်"

"လာရမှာပေါ့"





ဇ မျက်လုံးက ဟိုရှာဒီရှာ လေညှင်းကိုရှာရင်း

"လေညှင်း ရောက်နေပြီလား"

"အင်း ရောက်နေပြီလေ"

"ဘယ်မှာလဲ"

"မုန့်ပွဲတွေပြင်တဲ့နေရာရောက်နေမှာပေါ့ လာ ဇ"

သူသူဟန်ခေါ်တဲ့နောက်ကို လိုက်သွားပြီး တစ်နေရာမှာထိုင် လိုက်ရပေမယ့် ဇစိတ်တွေက မတည်ငြိမ်ဘဲ လေညှင်းအလာကိုသာမျှော် နေမိသည်။ သူဒီကိုလာခဲ့တာ အကြံနဲ့လေ။ လေညှင်းကိုသူများနောက် အပါမခံနိုင်သော အတ္တဇောတို့သည် ...

ထိုင်မဖြောင့် နေမဖြောင့် ...

တစ်ခါတလေ ဒီလောက်အတ္တတွေများပြီး ငါရူးနေပြီလားလို့ တွေးမိ၏။ ကိုယ်က တစ်ခုလပ်ဆိုတဲ့ အမည်းစက်ကြီးရှိနေတော့ လေညှင်း အပေါ်မတရားမှန်းတော့ သိပါသည်။ ဒါပေမယ့် ဝေးမှချစ်မှန်းသိခဲ့ရတဲ့ အချစ်တွေက ပွင့်ထွက်လာတော့ အံမခန်းပါပဲ။ ချစ်တဲ့စိတ်တစ်ခုကိုသာ ရှေ့တန်းတင်ပြီး မတရားမိခြင်းအတွက် ခွင့်လွှတ်ပါတော့ လေညှင်းရယ်။

"ဗိုက်ကဆာနေပြီ အခုထိမုန့်က မလာသေးပါလား"

"အေးဟာ"

"ဟော... ဟိုမှာလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"လေညှင်းရေ ကျေးဇူးပြုပြီး တို့ဘက်ကိုအရင်ချပေးပါဟ"

လေညှင်းနာမည်ကိုခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ လေညှင်းတစ်ယောက်တည်းမဟုတ်။ လေညှင်းနောက်ကနေ လိုက်လာတာ စိုင်းခွန်သာပဲမို့ ဒေါသက ထောင်းခနဲထွက်သွားခြင်းကို မနည်းမျိုသိပ်လိုက်ရ၏။

နောက်ထပ် ...

အေးမင်းနဲ့ ချမ်းဝင်းကိုပါ ဆက်တိုက်မြင်လိုက်ရသည်။ ဒီကောင်တွေက ကြိုရောက်နေတာကိုး။ ဟိုကောင်ကရော ဘာလို့ လေညှင်းနဲ့ လိုက်လာရတာလဲ။ ကိုယ့်အကြံအစည်ပျက်သွားခြင်းအတွက် လက်သီးကို ကျစ်နေအောင် ဆုပ်လိုက်မိ၏။

"ဟ... ဟော့ ဇ"

"ဇ ရောက်နေပြီကိုး"

အေးမင်းနဲ့ ချမ်းဝင်းတို့ ဇအနားကိုရောက်လာကြသည်။ ဟန်ဆောင်မှုတွေနဲ့ပဲ ဇ ပြုံးပြုံးရွှင်ရွှင်နေလိုက်ရခြင်းက မသက်သာ။

"အလှကျွေးတာမဟုတ်ဘူးနော်။ အဝကျွေးတာ။ ဝအောင်သာစားကြ"

"အိမ်မှာကျန်ခဲ့တဲ့ သားသားမီးမီးတွေဖို့ ယူသွားလို့မရဘူးလားဟင်"





"ဗိုက်ကားသရွေ့ထည့်သွားပေါ့။ အိမ်ကျမှ ယိုကျွေးလိုက်"

"ထွီ"

"ကြည့်စမ်း ညစ်ပတ်ကြတာ"

တစ်ဖက်ကစားကြ သောက်ကြရင်း ရယ်မောသံ စနောက်သံတွေက ဆူညံနေတော့သည်။

"ဇ ယူဦးမလား"

မော့ကြည့်လိုက်တော့ ချစ်ရပါသော လေညှင်းလေ။ ပြုံးနေတဲ့ မျက်နှာလေးက အရင်ထက်ပိုလှနေသည်ထင်၏။

"လေညှင်း"

"နင်လာမယ်မထင်လို့ပါ။ လာမယ်မှန်းသိရင် နင့်ကိုဝင်ခေါ်ပြီး အတူတူလာကြတာပေါ့"

"ကျေးဇူးတင်ပါတယ်"

"ဟင် ဘာကိုလဲ"

"ခုလိုပြောဖော်ရတဲ့အတွက်ပါ"

"သြော်... သူငယ်ချင်းတွေပဲဥစ္စာ"

သူငယ်ချင်းတဲ့လား လေညှင်းရယ်။

"ထိုင်လေ"

"နေဦး ... ငါ စိုင်းကိုသွားခေါ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



လေညှင်းက စိုင်းကိုသွားခေါ်ပြီးမှ သူတို့ဝိုင်းမှာပြန်လာထိုင်သည်။ ဇ စိတ်ကူးနှင့် စိုင်းကိုနှိပ်စက်ချင်တိုင်း နှိပ်စက်ပစ်လိုက်၏။ ပထမတော့ လက်သီးနှင့်ထိုးသည်။ ဒါကိုစိတ်က အားမရနိုင်စွာဘဲ ဓားနဲ့ အချက်ပေါင်းများစွာထိုး။ ပြီးတော့ မီးနဲ့ရှို့။

"သူရဲ့"

"ဟင်"

"မင်း အိမ်မှူးကိုပြန်ပေါင်းဖို့ မကြိုးစားတော့ဘူးလား"

ဇ မျက်မှောင်ကြုတ်ပြီး စိုင်းကိုကြည့်လိုက်၏။

"ဘာကိစ္စနဲ့ မင်းကသိချင်တာလဲ"

"လက်ထပ်တာမကြာသေးဘဲ ကွဲကြကွာကြဖြစ်တာ မကောင်းဘူးလေ။ အဲဒါကြောင့်ပါ"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ"

"ဇ"

အေးမင်း ဇကိုပြေပြေလည်လည်ဆက်ဆံဖို့ မျက်လုံးနှင့်ပဲ စကားပြောလိုက်သည်။ စိုင်းက စေတနာနဲ့ပြောတာကို ဇကရန်သူလိုသတ်မှတ်နေတာ ကောင်းပါ့မလား။

"သူများအကြောင်းဘာလို့စပ်စုနေတာလဲ စိုင်း"

"ကိုယ်က စေတနာနဲ့ပါ လေညှင်းရဲ့"





"မင်း ငါ့အပေါ်စေတနာထားစရာမလိုပါဘူး"

"လေညှင်းရေ"

ခေါ်သံကြောင့် စကားစတွေပြတ်ပြီး လှည့်ကြည့်ကြလေလျှင် အိမ်နီးနိုင်က ဂစ်တာတစ်လက်ကိုကိုင်ပြီး သူတို့ဆီသို့ လျှောက်လာသည်။ အနားကိုရောက်တော့

"နင် သူသူကို မွေးနေ့လက်ဆောင် သီချင်းဆိုပြမယ်လို့ ပြောထားတာလေ။ အခု အားလုံးစားသောက်ပြီးကုန်ကြပြီ။ သီချင်းဆိုပါတော့တဲ့"

"အေးပါ ငါကတိမဖျက်ပါဘူး"

"စိုင်းနဲ့ စုံတွဲဆိုရမှာနော်"

လေညှင်းက စိုင်းကိုကြည့်လိုက်တော့ စိုင်းဂစ်တာကို ယူလိုက်လေလျှင်

"သီချင်းဆိုတော့မယ် လက်ခုပ်တီးပေးကြပါ"

"ဖြောင်း ဖြောင်း ဖြောင်း"

အားလုံးလက်ခုပ်တီးကြတဲ့အထဲမှာ ဇ မပါ။ စိုင်းက ဂစ်တာကို ပိုက်ပြီး လက်ချောင်းလေးတွေကို စတင်လှုပ်ရှားလေတော့သည်။

ဒါ ဒါ ဒါ နွေညလည်းမရှိ ရက်အချိန်တွေမသိပါ xxxxx အချစ်ဆိုတာ စိမ့်စီးသော စမ်းရေလိုပဲ‥ အေးချမ်းမှုလည်းပေးတယ် xxxxx



www.burmeseclassic.com

မင်းတစ်ယောက်ကိုလေ သေသည်အထိ တို့ချစ်နေမယ် xxxx ဂရုစိုက်
ပါ့မယ် ကျိန်ဆိုကျိန်မယ် အချစ်ယုံကြည်ပေးနော်. . .

နှောင်ကြိုးလေးပတ်ရစ်ငြိတွယ် သံယောဇဉ် မခွဲနိုင်တော့ဘူး. .
အစွဲအလမ်းကြီးတဲ့အချစ်လား မင်းတစ်ယောက်တည်း ကိုယ့်ဘဝပါ xxxx
နှုတ်ခမ်းဖျားလေးနဲ့ သူမချစ်မှန်း တို့သိပါတယ် xxxx တို့လက်ခံတယ်
ဘဝတစ်ခုလုံးကို မင်းကိုပုံပေးမယ် . . . .

အချစ် အချစ် ကိုယ့်အနားရှိရင် ပင်လယ်ပြင်လည်း ကူးဖြတ်ရဲ
တယ် xxxx လမ်း လမ်းကြမ်းများရှိပါစေ ကြင်နာသူ လက်ကလေးတွဲ
ထားရင်းလေ နေ့စွဲအတူ ဖြတ်ကျော်သွားမယ်. . .

ဆံဖြူလို့ သွားကျိုးသည်အထိ ရာဇဝင်တွင်မယ့် ချစ်ဇာတ်လမ်း
တွေအတိုင်း xxxx ဘဝ ဘဝဆက်တိုင်းချစ်မယ် သေသည်အထိ ကုန္ဓေ
ကုဋ္ဌာမကသော အနမ်းများနှင့်အတူ မိုး မိုးထက်ကမြင့်တယ် လေပေါ်
တိမ်တွေစီးရင်း ချစ်ကြမယ် xxxx တစ်ပွင့်တည်းသော ရင်ထဲဆင်မြန်း
ဆံဖြူလို့ သွားကျိုးသည်အထိ ရာဇဝင်တွင်မယ့် ချစ်ဇာတ်လမ်းတွေ
အတိုင်း ချစ်မယ် xxxx

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ဆိုနေလိုက်ကြတာ
သူများတွေအမြင်မှာ သိပ်လိုက်ဖက်ညီတဲ့ စုံတွဲလေးပေမယ့် ဖြင်ကွင်း
မှာတော့ အကျည်းတန် အရုပ်ဆိုးလွန်းလှ၏။ ဖြစ်နိုင်ရင် လေညှင်းလက်





ကိုဆွဲပြီး ဒီနေရာကနေထွက်သွားလိုက်ချင်သည်။

ကြည့်စမ်းပါဦး. . .

နှစ်ယောက်သားရဲ့မျက်လုံးတွေက အချစ်ရည်တို့နှင့် ရွှန်းလဲ့နေ
သည်။ ခေါင်းလေးငဲ့လိုက်ရင် လေညှင်းက ဟိုကောင့်ပခုံးကိုပဲ မှီတော့
မလိုလို။ ရင်ထဲမှာ လက်နက်ပေါင်းစုံနဲ့ တိုက်ခိုက်ခံနေရသလိုပါပဲ။
ဓားခနဲ့ အောင့်ခနဲ့။ ဆစ်ခနဲ ကျင်ခနဲနှင့် အခံရခက်လှ၏။ ဇ ဘာလုပ်
သင့်သလဲ။ ဘာလုပ်ရမလဲဆိုတာ စဉ်းစားရတာ ဦးနှောက်တွေလည်းပူ
နေပြီ။

နှောင်ကြိုးလေးပတ်ရစ်ငြိတွယ် သံယောဇဉ်မခွဲနိုင်တော့ဘူး. .
အစွဲအလမ်းကြီးတဲ့ အချစ်လား မင်းတစ်ယောက်တည်းကိုယ့်ဘဝပါ xxxx
နှုတ်ခမ်းဖျားလေးနဲ့ သူမချစ်မှန်း တို့သိပါတယ် xxxx တို့လက်ခံတယ်
ဘဝတစ်ခုလုံးကို မင်းကိုပုံပေးမယ်. . .

အချစ် အချစ် ကိုယ့်အနားရှိရင် ပင်လယ်ပြင်လည်း ကူးဖြတ်ရဲ
တယ် xxxx လမ်း လမ်းကြမ်းများရှိပါစေ. . ကြင်နာသူလက်ကလေးတွဲ
ထားရင်လေ နေ့စွဲအတူ ဖြတ်ကျော်သွားမယ်. . .

ဆံဖြူလို့ သွားကျိုးသည်အထိ ရာဇဝင်တွင်မယ့်ချစ်ဇာတ်လမ်း
တွေအတိုင်း xxxx ဘဝ ဘဝဆက်တိုင်းချစ်မယ် သေသည်အထိ ကုန္ဓေ
ကုဋ္ဌာမကသော အနမ်းများနဲ့အတူ. . မိုး မိုးထက်ကမြင့်တယ် လေပေါ်

www.burmeseclassic.com



တိမ်တွေစီးရင်း ချစ်ကြမယ် ။။။။ တစ်ပွင့်တည်းသော ရင်ထဲဆင်မြန်း ဆံဖြူလို့ သွားကျိုးသည်အထိ ရာဇဝင်တွင်မယ့် ချစ်ဇာတ်လမ်း အတိုင်းချစ်မယ် ။။။။

"ဝေး ... ဟေး ဟေး"

"ဖြောင်း ဖြောင်း ဖြောင်း"

"ကောင်းတယ်ဟေ့"

အားလုံးရဲ့လက်ခုပ်သံကြားမှာ ချီးမွမ်းထောပနာပြုခံရခြင်း အတူ ပြုံးပျော်ကြည်နူးနေကြတဲ့ နှစ်ယောက်ကိုကြည့်ပြီး ဇရင်ထဲမှာ ဒေါသတွေ တလိပ်လိပ်တက်လာသည်။ ဇ အချိုရည်အပြည့်ထည့်ထား သော ဖန်ခွက်ကို တင်းတင်ဆုပ်ထားမိ၏။ ပြီး စိုင်းဆီကိုလှမ်းပက်လိုက် လေလျှင်

"ဇ"

"ဟာ"

"အို"

"ဟယ်.. ဘယ်လိုလုပ်လိုက်တာလဲ"

အသံဗလံတွေမျိုးစုံထွက်သွား၏။ ဇကို အကဲခတ်နေတဲ့ ချမ်းဝင် သူဘာလုပ်တော့မယ်ဆိုတာ သိလိုက်ပြီး ဆွဲလိုက်ပေမယ့်မမီ။ စိုင်း သူ့ကိုယ်မှာ အချိုရည်တွေရွှဲသွားတာကို ဂရုမစိုက်နိုင်ဘဲ ပါးစပ်အဟောင်း





သားနဲ့ ဇကိုအံ့သြစွာကြည့်နေ၏။

"စိုင်း အင်္ကျီစိုကုန်ပြီ ဒုက္ခပါပဲ"

လေညှင်းက စိုင်းအင်္ကျီကို ဟိုခါဒီခါလုပ်ပေးလေလျှင်

"ရတယ် လေညှင်း ... ရတယ်"

"မဟုတ်တာ စိုင်းအင်္ကျီလဲမလားဟင်။ သူသူ့ဖေဖေရဲ့အင်္ကျီ တစ်ထည်သွားယူပေးမယ်လေ"

"ပြန်ဟော့မှာပဲလေညှင်းရယ် နေပါစေ"

ဆတ်ခနဲ ဇကိုကြည့်လိုက်တဲ့ လေညှင်းအကြည့်တွေက မီး တောက်တော့မည့်ပမာ။ နှုတ်ခမ်းကိုဖိကိုက်ပြီး ဇရှေ့မှာရပ်လိုက်လေလျှင် ချမ်းဝင်းက ပျာပျာသလဲနှင့်

"ဆောရီး လေညှင်း ... ငါ့လက်နဲ့ခိုက်မိ"

"ဖြန်း"

"ဟာ"

"လေညှင်း"

ချမ်းဝင်းစကားမဆုံးမီ လေညှင်း ဇပါးကိုရိုက်ချပစ်လိုက်၏။ ဇ တမင်လုပ်တာ အသိအသာကြီးလေ။ စိုင်းက လေညှင်းလက်ကိုဆွဲချိန်မှာ ဇကပါးပြင်ကို လက်နှင့်ဖိအုပ်ထားဆဲ။

"နင် တမင်လုပ်တာ ငါမြင်တယ်ဇ။ ဒါစိုင်းကိုသက်သက်အရှက်



www.burmeseclassic.com

www.burmeseclassic.com



ခွဲတာ''

''လေညှင်းကကွာ ⋯ ကိုယ်ဘာဖြစ်သွားတာမှတ်လို့''

''စိုင်း''

''ကိုယ်တို့သွားရအောင်''

''တောက်''

လေညှင်းတက်ခေါက်၍ ချာခနဲလှည့်ထွက်သွားသည်။ ဂစ်တာကိုကိုင်လျက် စိုင်းလည်း ခပ်သုတ်သုတ်လျှောက်လိုက်သွားရင်း သူ့သူငယ်ချင်း ဂစ်တာပေးကာ ထွက်သွားလေတော့၏။ သူ့သူက ဇေသီသို့လျှောက်လာပြီး

''နင် ဘယ်လိုလုပ်လိုက်တာလဲ ဇ''

''မြင်တဲ့အတိုင်းပဲ''

''နင်ဟယ်''

''ဘာလဲ နင်ကမကျေနပ်ဘူးလား''

ဇေက မိုက်ကြည့်ကြည့်ပြီးမေးလိုက်တော့ သူ့သူက သက်ပြင်းချလိုက်သည်။ ပြီး ဘာမှဆက်မပြောတော့ဘဲ လှည့်ထွက်သွားလေတော့၏။

စိုင်းနဲ့ လေညှင်းတို့မှာတော့ ⋯

လေညှင်းဒေါသဖြစ်နေတာကို စိုင်းက ဖြေသိမ့်ပေးနေရသည်။ ကိုယ့်မှာလည်း ဒေါသနဲ့ပေမယ့် နေရာတကာ ဒေါသရှေ့တန်းမတင်ချင်လို့ပါ။





''ဘာလို့ ဒီလောက်ဒေါသကြီးနေရတာလဲ လေညှင်းရယ်၊ ကိုယ့်အသားပွန်းပဲ့သွားတာမှ မဟုတ်ဘဲ''

''စိုင်း''

''ဟင်''

''ရှင် ကတုံးတုံးပြီး ဘုန်းကြီးသာဝတ်လိုက်တော့''

''ဘုန်းကြီးဝတ်လို့ ဘယ်ဖြစ်မှာလဲ။ ကိုယ်ကလေညှင်းကိုမှ မခွဲနိုင်တာ''

လေညှင်းက မျက်စောင်းထိုးပြီး ပါးစပ်က လှုပ်စိလှုပ်စိ။ ဟိုတုန်းက ကိုယ်ပေးခဲ့တာတွေမယူဘဲ ခုမှသူများကို မနာလိုတာ။ လေညှင်းက စိုင်းကိုချစ်သူအဖြစ်ရွေးချယ်ခဲ့တာ နှလုံးသားနဲ့ရော ဦးနှောက်နဲ့ရောပါ။ ဇေကိုချစ်ခဲ့မှုတွေ့ နှလုံးသားကသေဆုံးသွားခဲ့ပြီပဲ။

''လေညှင်း''

''ပြော''

''သူရဲ့ သနားပါတယ်ကွာ။ သူတော်တော်ခံစားနေရရှာမှာ''

''မသနားဘူး သေပစေ''

✧✧✧



www.burmeseclassic.com

# အခန်း (၃၀)

ရင်မှာခံစားရတဲ့အဖြစ်ကို မင်းကနားမလည်ဘူး xxxx ငါ့ရဲ့ ဒဏ်ရာတွေ ခုထိတိုင် ရင်ထဲမှာမကျက်သေးဘူး xxxx

"ဟင်"

လေညှင်းဖုန်းမြည်လာသံကြောင့် စာအုပ်ကိုဘေးချပြီး ဖုန်း ကောက်ကိုင်လိုက်၏။

"ဟယ်လို"

"လေညှင်း"

"ဟင် ဇ"

"ဟုတ်တယ် နင်ဖုန်းမချလိုက်နဲ့နော် လေညှင်း။ နင့်ကိုငါပြော





ရာရှိလို့ဟ"

"ဘာပြောမှာလဲ"

အသံက ညင်သာခြင်းမရှိ။ မှန်းလို့တော့ မဟုတ်ပါဘူးလေ။

"နင်နဲ့ စိုင်းခွန်သာ စေ့စပ်ကြတော့မယ်နော်"

"ဟုတ်တယ်"

"ငါ့ကို အခွင့်အရေးတစ်ခုလောက်ပေးပါ လေညှင်းရယ်"

"ဇ နင်ဘာတွေလာကြောင်နေတာလဲ"

"ငါကြောင်တာမဟုတ်ပါဘူးဟာ။ နင်တို့နှစ်ယောက်လက်မထပ် င်အထိ နင်နဲ့ငါတို့ သူငယ်ချင်းတွေ ဟိုအရင်တုန်းကလို ရင်းရင်းနှီးနှီး င်ခင်မင်မင်ပြန်နေကြရအောင်ဟာ နော်"

"ဘာ"

စတင် ရက်စက်တာကသူ။ အခု သူကပဲလေညှင်းကိုပြောနေရ သေးတယ်။ သူ့ဘက်က အကျင့်မပုပ်ရင် လေညှင်းဘက်ကတင်းစရာ အကြောင်းမှမရှိတာ။

"လေညှင်း"

"နားထောင်နေတယ်"

"နင်ခြံထဲကိုဆင်းလာခဲ့ပါလား။ တို့ငယ်ငယ်တုန်းကလို စကား တွေပြောကြမယ်လေ။ စကားနိုင်လုကြတာပေါ့"

www.burmeseclassic.com



“ဒီမှာ ငါဝတ္ထုဖတ်နေတာ”

“မနက်ဖြန်မှဖတ်လည်းရတာကို။ နင်လက်မထပ်ခင် ငါ့ကို ဒီ အခွင့်အရေးလေးတော့ပေးပါဟာ။ နောက်ဆိုမလွယ်ဘူးဟ၊ နင့်ယောကျ်ား က သဝန်တိုချင်တိုမှာ”

နင့်ယောကျ်ားဆိုသောအသုံးအနှုန်းကြောင့် တစ်ယောက်တည်း ပေမယ့် လေညှင်းမျက်နှာလေး ရှက်ဝဲဝဲဖြစ်သွားသည်။ လက်မထပ်ရ သေးဘဲနဲ့ ဒီလိုသုံးတော့ နားရိုင်းနေသလို။ ဖ ပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်။

အိမ်ထောင်ကျသွားရင်

ဖနဲ့ စကားအတူပြောဖြစ်ကြဖို့မလွယ်။ သူတောင်းတဲ့အခွင့်အရေး ကို ပေးသင့်ပါတယ်လေ။ တစ်ယောက်နဲ့တစ်ယောက် မုန်းကြတာမဟုတ် ဘဲ ခပ်ကင်းကင်းနေကြတာ ကလေးတွေနှင့်တူနေပြီပဲ။

“ဆင်းလာခဲ့နော် လေညှင်း”

“အင်း”

“ဒါဆို ငါစောင့်နေမယ်”

“ငါ စားစရာတစ်ခုခုယူလာခဲ့ရဦးမလား”

“စေတနာရှိရင်ယူခဲ့လေ”

“ဒါပဲနော်”





ငယ်ငယ်တုန်းကဆိုရင် ခြံထဲမှာ အတူတူကစားကြတိုင်း လေ ညှင်းက စားစရာတစ်ခုခုယူသွားပြီး ဖကိုကျွေးတတ်ခဲ့သည်။

ခြေသံ . . ရယ်။

နင်နဲ့ငါ ပေါင်းခွင့်မရတာ ဖူးစာမပါလို့ဘဲ သတ်မှတ်လိုက်ပါတော့ သူငယ်ချင်းရယ်။

လေညှင်း စာဖတ်ရင်းစားဖို့ ဝယ်ထားတဲ့ နေကြာစေ့နှင့် အခြား စားစရာတွေ အချို့ပါယူပြီး ခြံထဲသို့ဆင်းလာခဲ့သည်။

“လေညှင်း”

“အမယ် ဒီတစ်ခါ နင်ကကြိုရောက်နေတယ်ပေါ့”

“ငါ့ကို အရင်ဖလို့မသတ်မှတ်ပါနဲ့။ အခု အားလုံးကို ပြောင်းပြန် လှန်ပစ်လိုက်ပြီ”

“တကယ်”

“အင်း”

နှစ်ယောက်သား ခုံပိုင်းလေးပေါ်မှာထိုင်လိုက်ကြ၏။ ခုံပိုင်းဆို တာ မလေးရှားပိတောက်ပင်ကိုပတ်ပြီး သစ်သားတွေနဲ့ လုပ်ထားတာကို ပြောတာပါ။

“ရော့ . . ဒီမှာ နင်ကြိုက်တဲ့ ရွှေငှက်ပျောသီးတွေ ငါယူလာ တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ငါတောင်နေကြာစေ့နဲ့ အချဉ်ထုပ်တွေ ယူလာတာကို"

"ဒီတစ်ခါ ငါကျွေးတာကိုပဲ နင်စားပါ။ နင်ကျွေးတာကို ငါမစားချင်တော့ဘူး ... ရော့"

ဇကာ လေညှင်းလက်ကိုဆွဲယူပြီး ရွှေဂုက်ပျောသီးတွေ ထည့်ပေးလေတော့ လေညှင်းလက်ထဲက အထုပ်တွေ ပြုတ်ကျတာကို ဇကာပဲပြန်ကောက်ပြီး ဘေးမှာချထားပေး၏။ အရင်ကသာ ဒီလိုကြင်နာတတ် ဂရုစိုက်တတ်ခဲ့ရင် ရင်နာစရာတွေ ကြုံခဲ့ရမှာမဟုတ်။

အခုတော့ ...

ဘဝတွေက စည်းခြားသွားခဲ့ပါပြီ။ သူက အိမ်ထောင်သည်ဖြစ်သလို ကိုယ်ကချစ်ရသူနဲ့ လက်ထပ်ရတော့မည်။

"နင် တော်တော်ပြောင်းလဲသွားတယ်နော် ဇ"

"နင်ရော အတူတူပဲလေ"

ကိုယ်ပြောင်းလဲရတာ သူ့ကြောင့်ဆိုတာ မသိဘူးလား။ ခုလို အေးအေးဆေးဆေး စကားပြောနေချိန်မှာ ပါးရိုက်ခဲ့ဖူးတာကို သတိရမိတော့ အားနာသလိုလို သနားသလိုလို။

"ဇ"

"ဟင်"





"နင် အိမ့်မှူးကို တကယ်ပြန်မပေါင်းတော့ဘူးလားဟင်"

ဇ ကောင်းကင်ကိုမော့ကြည့်ရင်း သက်ပြင်းချလိုက်ကာ

"သူနဲ့ ငါ ဘယ်လိုမှမဖြစ်နိုင်တော့ဘူးလေ"

"ဟင်... ဘာဖြစ်လို့လဲ"

"တကယ်တော့ နောက်မှငါသိလိုက်ရတာ သူ့ကိုငါလုံးဝမချစ်ဘူး။ ပြီးတော့ သူ့စရိုက်တွေကိုလည်း ငါမကြိုက်ဘူး လေညှင်း"

"အဲဒီလိုတော့ အပြတ်မပြောနဲ့လေ ဇရဲ့။ ဟိုဝတ္ထုတွေ ဇီဒီယိုတွေထဲကလို အိမ့်မှူးမှာ ဟိုဒင်း ဟိုဟာရှိနေရင် ဘယ်လိုလုပ်မလဲ"

"သူလား ထားမှာ... ဟား ဟား ဟား"

ဇကာ ခြောက်ကပ်ကပ်နှင့်ရယ်လေသည်။

"အိမ့်မှူးက ဒီလောက်အပျော်အပါးကြိုက်တာကိုဟာ။ ကျန်တာ အမေ့ချင်မေ့မယ် ဟိုဒင်း နင့်ကိုပြောရမှာ အားတော့နာပါတယ်။ အဲဒါမရှိအောင် ဆေးသောက်ဖို့ကျတော့ လုံးဝမမေ့တာမဟုတ်ဘူး"

"ဇရယ်"

ဇကို သနားသလိုရှိပြီး လေညှင်းစိတ်မကောင်းဖြစ်သွားရသည်။ ပေးမယ့် ဘာတတ်နိုင်မှာလဲ။ ပြုပြင်လို့မှမရတော့ဘဲလေ။ အိမ်ထောင် ရေးပျက်ပြားခြင်းကို စိုးပွားပျက်သလို ရော့... အရင်းအနှီး။ စီးပွားကောင်း အောင် ပြန်ကြိုးစားလို့ ငွေထုပ်ကြီးပေးပြီး ကူညီလို့မှမရတာ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေထားလိုက်ပါတော့"

"ဘာတွေ ဆုံးမဦးမလဲ။ ဒီတစ်ခါတော့ အမေ့စကားကို သား နာခံပါ့မယ်"

"ဖေနော်. . . ငါက အကောင်းပြောမလို့ဟာကို"

လေညှင်း နှုတ်ခမ်းစူပြီးပြောတော့ ဖေက ရယ်လေသည်။

"ကဲပြော. . . အကောင်းဖြစ်ဖြစ် အဆိုးဖြစ်ဖြစ်"

"ငါ နှင့်ပါးကိုရိုက်ခဲ့တာအတွက် တောင်းပန်မလို့ပါ။ နှင်တော် တော်နာသွားလား"

"နှင့် ကိုယ်နှင် ဖြည်းဖြည်းပြန်ရိုက်ကြည့်ပါလား"

"ပြောသလိုလုပ်ရင် နှင်ကျေနပ်မယ်ပေါ့"

ဘာမှပြန်မပြောတော့ဘဲ ဖအေသံလေးတိတ်သွားသည်။ အတန် ကြာမှ . . .

"ငါ နှင့်ကိုမနာကျင်စေချင်ပါဘူး လေညှင်းရယ်"

✧✧✧



# အခန်း (၃၁)

စိုင်းနဲ့ လေညှင်းတို့ရဲ့ စေ့စပ်ပွဲက အောင်မြင်စွာပြီးဆုံးသွားခဲ့ သည်။ လက်ထပ်ရက်ကတော့ ဟိုတယ်မှာဘွတ်ကင်လုပ်ပြီးမှ ရွေးရမှာ ပါ။ သားအမိတွေ အိမ်ပြန်ရောက်လို့ ကားပေါ်ကဆင်းလိုက်ကြစဉ် . .

"စိုင်း"

နောက်ကခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အိမ့်မှူးဟန်။

"ဘာလဲ အိမ့်မှူး"

"စိုင်းနဲ့ လေညှင်း တကယ်လက်ထပ်ကြတော့မှာပေါ့နော်"

"ကျွတ်"

ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား ဆေးတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ စိုင်းက ဖြေချင်ပုံမရသဖြင့် ဒေါ်ဝတ်လွှာကပဲ. .

“ဩော် အိမ့်မှူးရယ်။ လက်ထပ်ကြမယ်ဆိုမှတော့ တကယ်ပေါ့။ အိမ်ထောင်ပြုတာကို ကလေးကစားသလို ပြင်လိုက်ဖျက်လိုက် လုပ်လို့မှမရတာကွဲ့”

“ကဲပါ မေမေရာ. . လာပါ”

စိုင်းက မိခင်ကိုဆွဲခေါ်သွားတာ အိမ့်မှူးမေးပုံကို မကြိုက်လို့ပါ။ တကယ် လက်ထပ်ကြမှာလားဆိုတော့ လက်ထပ်ခြင်းကို ဆော့ကစားတဲ့ သူရှိလို့လား။ အိမ်ထောင်ရေး၏ အနှစ်သာရကို သူတို့ကတော့ တန်ဖိုး မထားတတ်ကြသူတွေပဲလေ။ ကိုယ့်စိတ်နဲ့နှိုင်းပြီး မေးစရာလား။

စိုင်းတို့က. . .

တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်လို့ တကယ်လက်ထပ် ကြမှာပဲဥစ္စာ။

“ကိုစိုင်း”

“ဟင်. . ဩော် ထူးထူး၊ ဘာလဲ”

“ကိုစိုင်းအတွက် ပါဆယ်တစ်ထုပ်ရောက်နေတယ်”

“ဟင်”

သားအမိတွေ အကြည့်ချင်းဆုံသွားကြသည်။

“ဟုတ်လား. . ဘယ်မှာလဲ”





“ဒီမှာလေ”

ထူးထူး လှမ်းပေးသော ပါဆယ်ထုပ်က သုံးလက်မပတ်လည် လောက်ရှိသော လေးထောင့်ဘူးလေးပါ။

“ဘယ်သူပို့တာပါလိမ့်”

“သားရဲ့သူငယ်ချင်းတစ်ယောက်ယောက်ဖြစ်မှာပေါ့ သားရဲ့။ လက်ဖွဲ့ကြိုပို့တာဖြစ်မှာပေါ့။ ဖောက်ကြည့်ပါဦး”

“ဟုတ်ကဲ့”

ပါဆယ်ထုပ်ကို စားပွဲပေါ်တင်ပြီး စိုင်းရေသွားသောက်လိုက် သေးသည်။ ပြီးမှပြန်လာပြီး ထိုင်ချလိုက်ကာ ဖွင့်ကြည့်လိုက်တော့. .

“ဟင်”

စိုင်းမျက်နှာပျက်သွားလေရှင်

“ဘာလဲ သား”

မျက်နှာပျက်ပျက်နှင့်ပဲ စိုင်း ပါဆယ်ကို မေမေ့ရှေ့သို့တိုးပေး လိုက်၏။ ဒေါ်ဝတ်လွှာလည်း ငုံ့ကြည့်ပြီး နားမလည်နိုင်။ အထဲမှာတွေ့ လိုက်ရတာက အရုပ်ကလေးကို ခေါင်းဖြတ်ပြီးထည့်ထားခြင်းပါပဲ။ ဒီ အရုပ်ကလေးက လေညှင်းမှာပဲရှိတာလေ။ သူ လေညှင်းကို မွေးနေ့တုန်း က ပို့ပေးတဲ့ ရှမ်းစုံတွဲပုံလေးပါပဲ။

ကောင်မလေးပုံက ဒီအတိုင်းရှိနေပြီး ကောင်လေးကိုခေါင်းဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာဖြစ်၏။ ဒါ ဘာသဘောလဲ။

"ကြဲကြဲဖန်ဖန်သားရယ်။ ဘယ်သူကများ လက်ကမြင်းလိုက်ပါလိမ့်"

"ဒါ စတာနောက်တာမဟုတ်ဘူး မေမေ။ တစ်ခုခုကို ရည်ရွယ်ပြီး တမင်ပို့လိုက်တာ"

"ဘယ်လို"

"ကဲပါ မေမေရယ် စိတ်ထဲမထားနဲ့။ သား လေညှင်းဆီ ဖုန်းဆက်လိုက်ဦးမယ်"

"အမလေးဟယ်. . . ခုမှ လေညှင်းတို့အိမ်က ပြန်လာတာ အဖြစ်သည်းနေလိုက်တာ"

"ချစ်တာကိုး မေမေရဲ့"

"အဲဒီလောက်ဆို အမြင်ကတ်လာပြီ တကယ်"

ဒေါ်ဝတ်လွှာ သားဖြစ်သူကို မျက်စောင်းထိုးပြီး ပြောလေတော့ စိုင်းကရယ်နေသည်။ ရင်ထဲမှာ မတင်မကျဖြစ်နေပေမယ့် မိခင်ကို အသိ ပေးလို့မဖြစ်။ အမေဆိုတာ သားသမီးအတွက် အမြဲတမ်းစိုးရိမ်ပူပန်ကြသူတွေ။ မေမေ့ကို သောကဖြစ်အောင်မလုပ်ချင်ပါဘူး။

"ဒါပဲနော် သား။ မိန်းမရလို့ မေမေ့အပေါ် အချစ်မပေါ့ရဘူး"

"စိတ်ချပါ မေမေရာ. . . သား သမုဒ္ဒရာထဲဆင်းပြီးအချိန်ပို





နှစ်ဆယ်လောက်ထပ်ပြီး မေမေ့ကိုလေးလေးနက်နက်ချစ်ပါ့မယ်"

"အပြောနဲ့အလုပ် ညီပါစေနော်"

"စိတ်ချ"

"အေး . . . ခုလို မေမေပြောနေရတာ နောက်မှမယားအတွက် စိန်နားကပ်။ အမေ့အတွက် ပဲကြီးလှော်ဖြစ်မှာစိုးလို့ သိလား"

"မေမေကလည်း"

စိုင်းရယ်ရင်းပဲ အပေါ်ထပ်သို့ တက်လာခဲ့တော့သည်။ မေမေ့ ကွယ်ရာရောက်တာနှင့် ရယ်မောခြင်းက အသက်မရှည်နိုင်။ သူ့ဆီရောက်လာတဲ့ အရုပ်သည် ပုံတူနောက်တစ်ခုလား။ ဒါမှမဟုတ် လေညှင်းကို သူပေးထားတဲ့ အရုပ်လား။ သူ့ဝေခွဲရခက်အောင် ဘယ်သူလုပ်တာလဲ။

သတိတော့ထားနေမှဖြစ်မည်။

လေညှင်းကတော့ ဘာကိစ္စပို့မှာလဲ။ လေညှင်း ဒီအရုပ်လေးကို သေသေချာချာသိမ်းမထားဘဲ ဘယ်သူ့ကိုများ ပေးလိုက်ပါလိမ့်။ ထင်ကြေးနဲ့ရမ်းသမ်းပြီး အပြစ်တင်လို့လည်း မဖြစ်ပေ။ ဒါကြောင့် လေညှင်းဆီသို့ ဖုန်းဆက်လိုက်၏။

"စိုင်း . . . ပြော"

"လေညှင်းကို ကိုယ်ပြောစရာရှိတယ်"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"လေညှင်းကို ကိုယ်မွေးနေ့လက်ဆောင်ပေးထားတဲ့ဗုံတွဲအရုပ်ကလေး လေညှင်းမှာရှိလား"

"ဟင်"

"ကိုယ်မေးတာဖြေပါလေညှင်းရယ်။ အဲဒီအရုပ်လေး လေညှင်းမှာရှိလား"

"မရှိတော့ဘူး စိုင်း"

"ဘာ"

"မနေ့ကအထိရှိသေးတယ် စိုင်းရဲ့။ စိုင်းပေးတာမို့လို့ စိုင်းသတိရတိုင်း အဲဒီအရုပ်ကလေးကိုပဲ လေညှင်းကြည့်နေတာ။ အဲဒီအရုပ်ကလေးရှိရင် လေညှင်းအနားမှာ စိုင်းရှိနေသလိုပဲ။ အခုပျောက်လို့ ယိုရှာနေတာ"

လေညှင်းအသံက ငိုသံပါနေသည်။ စိုင်း သက်ပြင်းချလိုက်၏။ လေညှင်းက မာယာများတတ်တဲ့မိန်းမ မဟုတ်တော့ ယုံပါသည်။ ဒီလိုဆို ဒီအရုပ်ကို ဘယ်သူခိုးတာလဲ။

"လေညှင်း"

"ဟင်"

"ကိုယ်ပြောပြမယ် သေသေချာချာနားထောင်"

"အင်းပါ"





"အဲဒီအရုပ် ကိုယ့်ဆီကို ပါဆယ်နဲ့ရောက်လာတယ်"

"ဘယ်လို"

"ကောင်လေးပုံကို ခေါင်းဖြတ်ထားတယ် လေညှင်း"

"ဘုရား ... ဘုရား"

လေညှင်း ရင်ဘတ်ဖိနေမယ့်အဖြစ်ကို မြင်ယောင်ကြည့်ပြီး စိတ်တော့မကောင်းပေ။ မပြောလို့ မမေးလို့ကလည်း မဖြစ်။

"သိပ်လည်း စိုးရိမ်ကြီးမနေပါနဲ့ လေညှင်းရယ်။ တစ်ယောက်ယောက်နောက်တာပဲဖြစ်မှာပါ။ ဒါပဲနော်..ကိုယ်ဖုန်းချလိုက်တော့မယ်"

စိုင်း ဖုန်းချသွားတော့ လေညှင်းစိတ်ပျက် လက်ပျက်ထိုင်ချလိုက်တော့၏။ လေညှင်းရဲ့ အရုပ်ကို ဘယ်သူယူသွားတာလဲ။ မစန္ဒာကို မေးကြည့်ဦးမှ..

"မစန္ဒာ ... မစန္ဒာ"

"မစန္ဒာ"

"လာပြီ"

မစန္ဒာ အပြေးရောက်လာလေလျှင်

"ဘာခိုင်းမလို့လဲ လေညှင်း"

"မခိုင်းပါဘူး မေးစရာရှိလို့"

"မေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"လေညှင်း စာကြည့်စားပွဲပေါ်မှာ တင်ထားတဲ့ ရှမ်းစုံတဲ့ချင်ကလေးပျောက်နေလို့ မစန္ဒာရဲ့"

"ဟင်"

"အဲဒါ ဘယ်သူယူတယ်လို့ မစန္ဒာထင်လဲဟင်"

မစန္ဒာတွေတွေကြီးရပ်၍စဉ်းစားဟန်ပြုနေ၏။ မစန္ဒာယူမိသလားလို့မေးရင် နိုင်းရာကျသလို မစန္ဒာက ဒီအရုပ်ကို ဘာကိစ္စနဲ့ယူမှာလဲပြီးတော့ စိုင်းဆီကိုရောက်သွားတယ်ဆိုတော့ . . .

"လေညှင်း မရှိတုန်း ဖအိမ်ကိုလာသေးလား"

"မနေ့က ညနေပိုင်းမှာလာတယ်လေ"

"သူ့အပေါ်ထပ်ကို တက်သေးလား"

"အင်း အန်တီစံနဲ့တွေ့ချင်လို့ဆိုပြီး တက်သွားတယ်"

"တောက်"

တက်ခေါက်လိုက်တော့ မစန္ဒာမျက်လုံးလေး ကလယ်ကလယ်ဖြစ်သွားသည်။

"ရှပြီ . . . သွားတော့"

လေညှင်းကိုယ်တိုင်လည်း ဖတို့အိမ်ကိုသွားဖို့ ထွက်လာခဲ့တော့သည်။ ဒီလိုလုပ်တာ ဖပဲဖြစ်မှာပေါ့။ ဘာပဲဖြစ်ဖြစ် တိတိကျကျသိရအောင်မေးရမည်လေ။ ဟုတ်ခဲ့ရင် ဘာအချိုးချိုးတာလဲ။ မရတဲ့အမဲ သဲနဲ့ပက်





ချင်တာဆိုရင်တော့ . . .

လေညှင်း . . . စိုင်းဆာက်ကပဲ ရပ်တည်ရလိမ့်မည်။ ပေးတုန်းကမယူဘဲ သူများ လက်ထဲရောက်မှ ပြန်လုယူချင်လို့ရမလား။

"ဖ"

". . . ."

"သူရှိ"

"ဟယ် . . သမီးလေညှင်းပါလား"

တွေ့ချင်တာက ဖ။ တွေ့နေရတာက ဖမေမေ။

"ဖရှိလား အန်တီ"

"အပြင်ထွက်သွားတယ် သမီးရဲ့။ ကိစ္စရှိလို့လား"

"ရှိတယ် အန်တီ"

"အန်တီ ပြန်လာရင်ပြောလိုက်မယ်လေ။ ဒါမှမဟုတ် သူ့ကိုသမီး ဖုန်းဆက်ပြီးပြန်ခေါ်လိုက်ပါလား"

"ရတယ် အန်တီ။ သမီးနောက်တစ်ခေါက်ပြန်လာခဲ့မယ်"

"အေး အေး"

လေညှင်း မကျေနပ်မှုတွေကို သယ်ဆောင်၍ ပြန်လာခဲ့တော့သည်။ နှင်နှင့်ငါ တွေ့ကြသေးတာပေါ့ ဖရယ်။

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

လေညှင်း ပြန်အလာကိုစောင့်နေပေမယ့် ဇကာ ပြန်မလာ[illegible]

ထို့ကြောင့် လေညှင်း ဇကိုဖုန်းခေါ်လိုက်၏။

"လေညှင်း . . . ဘာလဲပြော"

"ငါ နင့်ကိုမေးစရာရှိလို့"

"ဘာလဲ မေးလေ"

"ငါနင်နဲ့ မျက်နှာချင်းဆိုင်ပြီး မေးချင်တာ။ နင်အခုဘယ်ရောက်နေလဲ ပြန်လာခဲ့"

"ဟာ. . အမိန့်ပေးတာလား"

"ဟုတ်တယ်"





တစ်ဖက်မှ ရယ်သံကိုကြားရသဖြင့် လေညှင်းနှုတ်ခမ်းကို ဖိကိုက်မိလိုက်၏။

"နင် ပြန်လာမှာမို့လား"

"ငါပြန်မလာဘူး လေညှင်း။ ဒီမှာ တိုက်ခန်းအရောင်းအဝယ်တိစ္စရှိလို့။ နင်သိပ်တွေ့ချင်နေရင် လာခဲ့လေ"

"ဘယ်ကိုလာရမှာလဲ"

ဇပြောပြတဲ့လိပ်စာကို လေညှင်း မှတ်ထားလိုက်ပြီး . . .

"ကောင်းပြီ ငါလာခဲ့မယ်ဇ"

ဖုန်းချလိုက်ပြီး လေညှင်း ပိုက်ဆံအိတ်နှင့် ကားသော့ကိုယူကာ ထွက်လာခဲ့တော့၏။ သံယောဇဉ်ကိုသံယောဇဉ်အတိုင်းမထားဘဲ လေညှင်းကို အမုန်းဆေးတိုက်ရင်တော့ သူ့အတွက် တုံ့ပြန်မှုတိုင်းက အမုန်းတွေ ခြေရာထပ်သွားမယ်ဆိုတာ သူမသိဘူးလား။ သူများချစ်သူတွေကြားမှာ အထင်လွဲမှုတွေဖြစ်စေချင်လို့လုပ်တာ။ သူဆိုတာ သေချာခဲ့ရင်ဖြင့်

သူမတူအောင်ချစ်ခဲ့ဖူးပြီး

သူမတူအောင် နာကြည်းမုန်းတီးဖို့ ဝန်မလေးပေ။ ဇပြောတဲ့ တိုက်ခန်းကိုရောက်တော့. .

"တီးတောင်. . တီး . . . တောင်"

"ချပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဇ"

"လာ. . . အထဲဝင်"

လေညှင်းအထဲဝင်ကာ ဇနှင့် ဘေးချင်းယှဉ်ထိုင်လိုက်၏။ ဒါ လေညှင်းကလိုက်ပြီး ပူးကပ်ထိုင်တာမဟုတ်။ လေညှင်းထိုင်ပြီးမှ သူက လိုက်ကပ်ထိုင်တာပါ။

"နင်လာမယ်ဆိုလို့ ငါအချိုရည်အဆင်သင့်ချပေးထားတာ အမောပြေ သောက်လိုက်ပါဦး"

"ငါ အချိုရည်သောက်ဖို့လာတာမဟုတ်ဘူးဇ"

"သိပါတယ်. . . ငါ့စေတနာ ဒါနမြောက်အောင်တော့ သောက်လိုက်ပါဦး"

"မသောက်ဘူး"

"လေညှင်း"

"နင်သောက်လေ နင်အရင်သောက်ပြ"

"ဘာ"

"နင့်ကို ငါမယုံတော့ဘူးဇ"

"လေညှင်း"

ဇအသံက မာဆတ်ဆတ်ရယ်ပါ။

"နင် ငါ့စေတနာကိုမစော်ကားနဲ့။ မသောက်ချင်ရင်နေ။ နင်





ဘာပြောမှာလဲ ပြော"

တည့်တည့်ကြည့်တာမဟုတ်ဘဲ မျက်လုံးထောင့်ကပ်ကြည့်လိုက်တဲ့ လေညှင်းအကြည့်က စိမ်းစိမ်းကားကားကြီးမို့ ဇရင်ထဲမှာ ရူးမျက်သွား၏။ ဟိုတုန်းက နူးညံ့ရှုန်းလဲ့ခဲ့သော အကြည့်မျိုးတွေကို ဘယ်လိုပြန်လည်ရှာဖော်ရမလဲ။

"ငါ့အခန်းထဲက ရှမ်းစုံတွဲအရုပ်ကလေးကို နင်ဘာလို့ယူသွားတာလဲ"

"အတိအကျပါလား"

"စိုင်းဆီကို အရုပ်ခေါင်းဖြတ်ပြီးမှပို့တာရော ဘာသဘောလဲ"

"ရှင်းပါတယ်. . . အဲဒီအတိုင်းပဲပေါ့"

"ဇ"

လေညှင်း ဆတ်ခနဲထရပ်လိုက်တော့ ဇပါထရပ်လေသည်။ နှုတ်ခမ်းကလည်း မဲ့ပြုံးပြုံးလျက်

"နင်. . ."

"ဆက်ပြော"

"တောက်"

"ငါဘာလို့ အဲဒီလိုလုပ်တာလဲဆိုရင် နင့်ကိုချစ်လို့ပဲ လေညှင်း"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ့်မှူးကိုခိုးပြေးပြီးမှ ငါသိလိုက်ရတာ ငါနင့်ကိုချစ်နေတယ်ဆိုတာပဲ။ ငါ့အနားမှာ နင်မရှိတော့လွမ်းတယ်။ နင့်အသံကို မကြားရတော့ ငါမနေတတ်ဘူး။ ဆုံးရှုံးရတော့မယ်ဆိုတာသိတော့ ငါ့ရင်ထဲမှာ မီးတွေလောင်နေတယ်"

"သေပေါ့ . . နင်ကသေဖို့ကောင်းတာ"

"လေညှင်း"

"ဟိုတုန်းကတော့ ငါ့ရင်ကိုခွဲပြီး နင်ပဲဆားသိပ်ပေးသွားခဲ့တာ အရင်ရက်စက်ခဲ့တာ ဘယ်သူလဲ။ အခု နင်က တစ်ခုလပ်ဘဝရောက်မှ ငါ့ကိုချစ်တယ် အဆုံးရှုံးမခံနိုင်ဘူး ဟုတ်လား"

"ငါ . . ."

"နင် အခုမုဆိုးဖိုဖြစ်နေတယ်ဆိုရင်တောင် ကရုဏာသက်ပြီး ငါစဉ်းစားမိချင် စဉ်းစားမိဦးမယ်။ အခုနင်က တစ်ခုလပ်လေ။ ပြီးတော့ ငါကစိုင်းကို နင့်ကိုချစ်မိခဲ့တဲ့အချစ်ထက်ကို ပိုပြီးချစ်ခဲ့တာ နားလည်လား။ ငါထပ်ပြောလိုက်မယ်။ နောက်ထပ် စိုင်းကိုစိတ်အနှောင့်အယှက်ပြုအောင်ထပ်လုပ်ရင် နင်နဲ့ငါအတွေ့ပဲ"

လေညှင်းပြောချင်တာတွေ ပြောပြီးပြီမို့ လှည့်ထွက်လိုက်၏။

"လေညှင်း"

"အင့်"





ဇော် လေညှင်းလက်ကိုဆွဲပြီး တစ်ကိုယ်လုံးကို သိမ်းဖက်ထားလိုက်၏။ လေညှင်းကို အဆုံးရှုံးမခံနိုင်လို့ခြင်းတွေကသာ ရင်ထဲမှာပြည့်သိပ်နေတော့ အတွေ့ခေါ်ရာ လူကပါပြီး စိတ်ရိုင်းတွေဝင်လာခဲ့တာနှင့်အမျှ လေညှင်းကိုပိုင်ဆိုင်ခွင့်ရဖို့ တစ်ခုစာည်းသာ။

"ဇော . . . လွှတ်စမ်း"

"နင်ကို ငါပြန်ခွင့်မပြုနိုင်ဘူး လေညှင်း။ စိုင်းခွန်သာကို နင်လက်မထပ်ရဘူး"

"လူယုတ်မာ"

လေညှင်း ရုန်းလို့မရဖြစ်နေသည်။ သူ့လက်တွေက ပို၍တင်းကျပ်လာပြီး လေညှင်းမျက်နှာအနှံ့ မွှတ်သိပ်စွာ နမ်းနေသည်ကို ရှောင်ခွင့်လည်းမရ။ ပိုက်ကွန်ကိုတိုးမိတဲ့ သားကောင်လိုဖြစ်နေပြီလားလို့ မျက်ရည်တွေက တားမရ ဆီးမရစွာကျနေ၏။ လေညှင်း သူ့လက်ကနေမလွှတ်နိုင်တော့ဘူး ထင်ပါရဲ့။

ခါတိုင်းဆို . . . လေညှင်း ဒုက္ခများတိုင်းရောက်လာတဲ့ ကယ်တင်ရှင်စိုင်း။ အခုတော့ စိုင်းရေလို့ အော်ခေါ်လို့လည်းမရ။ လေညှင်းဘဝ ရေတိမ်နစ်ရတော့မှာလား။

တင့်အင်း . . .

အဲဒီလိုမဖြစ်မခံနိုင်ပါဘူး။ ကိုယ့်မှာအင်အားရှိသရွေ့တော့ တုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ။

"အား"

လေညှင်း သူ့လက်မောင်းကို ကိုက်ဆွဲပစ်လိုက်တော့ လွတ်သွားပြီး နောက်ဆုတ်သွားလေလျှင် လေညှင်းတစ်ဆက်တည်း လက်တစ်ဖက်က မြောက်တက်သွားသည်။

"ဖြန်း"

ဇ အရိုက်ခံရတဲ့ ပါးတစ်ဖက်ကိုစမ်းရင်း ချက်ချင်းပြန်လှည့်ကြည့်လေတော့ မီးဝင်းဝင်းတောက်မျက်လုံးများနှင့်ကြည့်ပြီး လေညှင်းက သူ့ကိုလက်ညှိုးထိုးလျက် ...

"နင့်ကိုငါ အရမ်းမုန်းတယ် သူရဲ့"

ပြောပြီး လေညှင်းက ပြေးထွက်သွားလေတော့သည်။

"လေညှင်း"

ခေါ်ပေမယ့် လှည့်မကြည့်မှန်းသိ၏။ ကိုက်ဆွဲခံရတဲ့ လက်မောင်းက ဒဏ်ရာကို ကျန်လက်တစ်ဖက်နှင့် ဖိအုပ်ထားရင်း မျက်ဝန်းမှ မျက်ရည်များကျလာသည်။

"နင့်ကို ငါအရမ်းမုန်းတယ် သူရဲ့"

ဆိုတဲ့ အသံက နားထဲမှာ မြည်ဟီးပဲ့တင်ထပ်လို့သာ...။

◇◇◇



## အခန်း (၃၃)

"လေညှင်း"

"စိုင်း"

လေညှင်း စိုင်းကိုမြင်တာနှင့် လျှောက်သွားပြီး ကြိုလိုက်သည်။ အနားရောက်တာနှင့် စိုင်းက လေညှင်းနဖူးပြင်ကိုလက်ခုံနှင့် လှမ်းကပ်ကြည့်လိုက်ကာ..

"ကိုယ်လည်း မပူပါဘူး"

"လေညှင်းက ဘာဖြစ်လို့လဲ စိုင်းရဲ့"

"လေညှင်း နေမကောင်းလို့ဆို"

"ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ယောက္ခမကြီးလေ"

"စိုင်းနော် သွား"

သူ့လက်မောင်းကို လေညှင်းထုလိုက်တော့ စိုင်းကရယ်လေသည်။ လေညှင်းပခုံးလေးကို ပြန်ဖက်လိုက်ရင်း ...

"တော်ရမယ့်ဆဲဆဲကို"

"မတော်ရသေးဘူးလေ.. မခေါ်နဲ့"

"ဩော် ... ခုကတည်းက လေ့ကျင့်ထားတာပါ"

အိမ်မှာလူကြီးတွေမရှိကြတော့ နှစ်ယောက်သား ပူးပူးကပ်ကပ်ထိုင်ဖြစ်ကြသည်။

"အန်တီကပြောတယ်။ လေညှင်း ငိုင်တိငိုင်တိုင်ဖြစ်နေလို့ နေမကောင်းဘူးထင်တယ်။ မေးကြည့်ပါဦးဆိုလို့ ကိုယ်မေးကြည့်တာပါ"

"လေညှင်း ဘာမှမဖြစ်ပါဘူး စိုင်းရဲ့။ စိတ်မကောင်းတာတစ်ခုပဲ"

"ဟင်.. လေညှင်းက ဘာကိုစိတ်မကောင်းဖြစ်ရပြန်ပြီလဲ"

"အရုပ်ကိစ္စကြောင့်ပါ"

စိုင်းဆီမှ ဘာသံမှထပ်ထွက်မလာဘဲ ငြိမ်သက်သွားလေသည်။ ပြီးတော့ သက်ပြင်းချသံထွက်လာ၏။ ဒီလိုငြိမ်သက်သွားခြင်းဟာ မသိလို့ စဉ်းစားနေတာမဟုတ်ဘဲ သိလို့စိတ်မကောင်းဖြစ်သွားတာပါ။ မနေ့





ပြောပြလို့ စိုင်းသိပြီးပြီလေ။ အရုပ်ကိုယူသွားတာ ဖေဖြစ်မယ်ထင်တယ်တဲ့။ ချစ်တတ်သူချင်း ကိုယ်ချင်းစာသောအားဖြင့် ဖေအတွက်စိတ်မကောင်းပေ။

လေညှင်းကလည်း

စိုင်းအတွက် စိုးရိမ်နေရသည်။ စိုင်းဖေ့စ်ခုခုဖြစ်ရင် သူမရင်ကျိုးမှာလေ။ ဖေ စိုင်းကို တစ်ခုခုလုပ်လိုက်ရင်လို့ တွေးမိတိုင်း ရင်ထဲမှာနေသယ်စင်းပါပဲ။ ဖေရဲ့အကျင့်ကို လေညှင်းအသိဆုံးပါပဲ။ သူလိုချင်တာကိုရရင်ရ။ မရလို့ကတော့ ဖျက်ဆီးပစ်တတ်တာ။

အခု ...

သူ့မယားလိုချင် သူ့လင်လုံးနဲ့ထိုးဆိုတာမျိုး စိုင်းကိုရန်ရှာမှာစိုးတာနှင့် သူမ ပူပန်စိတ်နဲ့ ငိုင်နေခဲ့ရတာပါပဲ။

"အဲဒီကိစ္စ ခေါင်းထဲထည့်မနေပါနဲ့တော့ လေညှင်းရယ်"

"မထည့်လို့မရဘူး စိုင်း"

"မေ့ထားလိုက်ပါဆိုကွာ"

"ဟင့်အင်း"

စိုင်းက စိုက်ကြည့်လေလျှင် လေညှင်း သူ့ပခုံးကိုမှီပြီး ခါးလေးကိုဖက်ထားလိုက်မိ၏။ သူကလည်း လေညှင်းကိုပြန်ဖက်ကာ..

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိုင်းတစ်ခုခုဖြစ်မှာကို လေညှင်း အရမ်းစိုးရိမ်လို့ပါ စိုင်းရယ်"

"ကိုယ်က ကျောက်ရုပ်မှမဟုတ်ဘဲ လေညှင်းရဲ့"

"စိုင်း"

လေညှင်း သူ့မျက်နှာကိုမော့ကြည့်ပြီးခေါ်တော့ သူကမေးလေး ဆတ်၍ ထူးသည်။ သူ့မျက်နှာချောချောက အနီးကပ်ကြည့်လေ မြတ်နိုး ချင်စရာကောင်းလေပါပဲ။

"စိုင်း သွားတာလာတာ သတိရှိပါနော်"

"အင်း"

"လေညှင်း စိတ်တွေလေးနေလို့ ပြောတာပါ"

"လေညှင်း ကိုယ့်ကိုအဲလောက်ချစ်လား"

"ပိုပါသေးတယ်"

"ဝမ်းသာလိုက်တာကွာ။ ဒီစကားကြားရတာ ကိုယ်သေမယ်ဆို ရင်တောင် ..."

"စိုင်း"

သူ့ပါးစပ်ကို လက်နှင့်လှမ်းပိတ်ရင်း မျက်ရည်တွေကကျလာ သည်။ အဲဒီလောက်ချစ်တယ်ဆိုတာ ...

"အဲဒီသေစကားကြီးမပြောနဲ့ စိုင်းရဲ့ ... ဟီး"

"ဟာ လေညှင်း"





"အီး ... ဟီး"

"ဘာလို့ငိုတာလဲ လေညှင်းရဲ့။ ကလေးကျနေတာပဲကွာ။ တိတ် မငိုနဲ့နော်။ လေညှင်းမကြိုက်ရင် နောက်ကိုယ်လုံးဝမပြောဘူး"

မျက်ရည်တွေကို သူကိုယ်တိုင်ပဲသုတ်ပေး၏။ အဲဒီလို ယုယမှု တွေကြောင့် ရင်နှင့်အောင်ချစ်ခဲ့မိသည်ထင်ပါရဲ့။ လေညှင်း သူ့လက်ကို ဆုပ်ကိုင်ထားလိုက်သည်။ အချစ်ဆိုတာ လိုတိုင်းတလို့မရနိုင်ဘဲ မမြင်ရ သော ရုပ်ဝန်းဒေသကနေ ထဲထဲဝင်ဝင်ရောက်လာတတ်တာမျိုးပါ။

မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးရာလမ်းမရှိတဲ့။ စိုင်းနဲ့ လေ ညှင်းကြားမှာ အရာအားလုံးဖြောင့်ဖြူးသာယာသည်လို့ထင်ခဲ့တာ။ အခု ဓက ဖျက်လိုဖျက်ဆီးလုပ်ချင်နေတာ။

"လေညှင်း"

"ဟင်"

"အရမ်းချစ်တယ်"

"နောက်တစ်ယောက်ကို ထပ်ပြောဖို့ ကျင့်တာလား"

"မနက်ဖြန်ပဲ ဗိတ်စာတွေရတော့မှာကို"

ချစ်သူနှစ်ဦးက ချစ်ရည်လူးကာ စကားတွေဖောင်ဖွဲ့နေကြသည့် အချိန်မှာ စိတ်မရှည်တဲ့ကြားကပဲ စိတ်ရှည်စွာ စောင့်နေသူက ဖုံးမိုင်း ခွန်သာ ပြန်လာမယ့်လမ်းကြောင်းကနေ ဖြတ်စောင့်နေတာလေ။ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



တွေက စိုင်းခွန်သာ၏ကားလာမယ့်နေရာကိုသာ စူးစိုက်နေလျက်

သူရှေ့ဆိုတာ ..

ဆုံးဖြတ်ပြီးရင် သိကြားမင်းဆင်းဖျက်တောင် ပျက်မယ့်ကောင် မဟုတ်တော့ အတ္တ၏အစွန်းတစ်ဖက်မှာ ကိုယ်တိုင်ကို သေလူအဖြစ် သတ်မှတ်ပြီး မိုက်မဲဖို့ ဆုံးဖြတ်ပြီးပြီ။ သူသေရင်သေ မသေရင် ကိုယ်သေပေါ့။ နှစ်ယောက်စလုံးလည်း သေသွားနိုင်သည်ပဲလေ။

ဒီနေ့ ...

မင်းရဲ့နောက်ဆုံးနေ့ပဲ စိုင်းခွန်သာ။ မင်းသိပ်ချစ်ပါတယ်ဆိုတဲ့ လေညှင်းကိုပြောစရာရှိတာပြော။ မှာစရာရှိတာ ဝအောင်မှာခဲ့ပေတော့။ ငါမရတဲ့အရာကို မင်းလည်း လုံးဝမရစေရဘူးဆိုတာ မှတ်ထားလိုက်။

အဟွန်း ...

နောက်ဘဝဆိုတဲ့ဆုကိုလည်း မင်းတောင်းလို့မပြည့်အောင် မင်းအရင် ငါတောင်းခဲ့ပြီးပြီ စိုင်းခွန်သာ။ ဘဝဆက်တိုင်း ငါပဲလေညှင်းနဲ့ ပေါင်းခွင့်ကြုံပါရစေလို့လေ။ မင်းဘယ်ဘဝကိုမှ မမျှော်လင့်နဲ့ ...။

"ဟော"

စိုင်းရဲ့ကားက အရှိန်နဲ့မောင်းနှင်လာသည်။ ဇ အံကိုတစ်ချက် ကြိတ်လိုက်သေး၏။

ဘာမှမသိရှာတဲ့ စိုင်းကတော့ ကားမောင်းနေရင်း လေညှင်း





တမြမြ။ ထိုစဉ် တရကြမ်းမောင်းလာတဲ့ ကားတစ်စီးက သူ့ကားဆီသို့ တည့်တည့်ပြေးလာသဖြင့် လွတ်အောင်ရှောင်ဖို့ ကြိုးစားလိုက်ပေမယ့် ...

"ဟာ"

"ဒုန်း"

"အား"

စိတ်ရှည် လက်ရှည်စောင့်ပြီးမှ အကွက်ကျကျလုပ်ကြတဲ့ ဇ အကြံတွေ အောင်မြင်ပြီးနောက် ...။

✧✧✧



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ရင်မှာခံစားရတဲ့အဖြစ်ကို မင်းကနားမလည်ဘူး xxxxxx ငို...
ဒဏ်ရာတွေ ခုထိတိုင်... ရင်ထဲမှာမကျက်သေးဘူး xxxxxx

လေညှင်း ဖုန်းကိုကောက်ကိုင်လိုက်၏။ ဖုန်းထဲက ဒီသီချင်း... ဖျက်ပစ်မှဖြစ်တော့မည်။ တော်ကြာ ဖန်ရှဲပတ်သက်ဖူးတော့ စိုင်း... အနှောင့်အယှက်ဖြစ်မှာ မလိုချင်လို့ပါ။

"ဟယ်လို"

"........"

"ပြော် ... အိမ့်မှူး ပြောလေ"

တစ်ဖက်မှ အိမ့်မှူးပြောပြတာကို ကြားလိုက်ရတော့...





"ဘာ"

မယုံလိုခြင်းနှင့်အတူ စိုးရိမ်မှုပန်းစိတ်က ရင်ဝကို တက်ဆောင့်ပြီး လက်ထဲကဖုန်းကိုတောင် မြဲအောင်မကိုင်နိုင်ဘဲ လွတ်ကျသွားသည်။

"ဒုတ်"

"သမီး"

သမီးအဖြစ်ကိုမြင်လိုက်ရတဲ့ ဒေါ်ဖူးဖူးစံ။

"သမီး ဘာဖြစ်တာလဲ"

မိခင်ကို ပြန်မဖြေရင်ဘဲ အချိန်တွေပိုကြာမှာစိုးသလို လေညှင်း ပြေးထွက်လာခဲ့မိ၏။ ဖေဖေကလည်း ကားအနားမှာရပ်ပြီး ဖုန်းပြောနေရင်း လှည့်ကြည့်ကာ

"သမီး ... ဖေဖေမောင်းမယ် ဒီကားပေါ်တက်"

ဦးရွှေသာ အကြောင်းစုံခုပဲသိပြီးဖြစ်တာမို့ သမီးကားပေါ်ရောက်တာနှင့် မောင်းထွက်ခဲ့တော့၏။

ဓ နဲ့ စိုင်း

ကားချင်းတိုက်မိလို့ နှစ်ယောက်စလုံး ဆေးရုံမှာတဲ့။ တိုက်တိုက်ဆိုင်ဆိုင် ဒီနှစ်ယောက်မောင်းလာတဲ့ ကားချင်းတိုက်မိတယ်ဆိုတော့ သွေးရိုးသားရိုးမှဟုတ်ရဲ့လား။ ရင်ထဲမှာ မီးတွေတောက်၍ မျက်ရည်တွေကြောင့် ဘာကိုပဲကြည့်ကြည့် ပီပီပြင်ပြင် မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



အမြင်တွေက ဝေ့ဝါးပြီး မျက်ရည်တွေက ကျပြီးရင်းကျနေတာ သုတ်လို့မနိုင်။ ဆေးရုံကိုရောက်တော့ ဦးရွှေသာကပဲ. .

"ဆရာမ ကားချင်းတိုက်မိတဲ့ လူနာနှစ်ယောက်ရဲ့ အခြေအနေ ဘယ်လိုရှိလဲ ခင်ဗျာ"

"တစ်ယောက်က ဆုံးသွားပါပြီရှင်"

"ဗျာ"

"ရှင်"

"တစ်ယောက်ကတော့ ဘာမှစိုးရိမ်စရာမရှိပါဘူး။ သတိတော့ မရသေးဘူးရှင့်"

"စိုင်း"

လေညှင်း စိုင်းနာမည်ကိုသာ ခေါ်လိုက်မိတာသည် အကျိုး အကြောင်းကို ဆက်စပ်မိလို့ပါ။ ဒါ . . . ဖလုပ်ကြံတာပဲဖြစ်မှာပေါ့။ လုပ်ကြံ သူနဲ့ လုပ်ကြံခံရသူ။ လုပ်ကြံသူက သူ့အသက်အန္တရာယ်ကို ကြိုတင် ကာကွယ်မှုတော့ရှိမှာပေါ့။ မကာကွယ်နိုင်သူကသာ. .

"ဟော . . . ဟိုမှာလာပြီ"

တွန်းလာတဲ့ ထရော်လီပေါ်ကလူကို မျက်နှာပါအုပ်ထားသည် ဆိုတော့ ဒါသေသွားတဲ့လူပေါ့။

"ခဏ. . ခဏလေးနေပါဦးရှင်"





ထရော်လီက ရပ်သွားလေတော့ အနားကပ်ပြီး မျက်နှာကိုဖွင့် ကြည့်ဖို့ ကြိုးစားတဲ့လက်တွေက တဆတ်ဆတ်တုန်နေသည်။ လေညှင်း ရင်ကွဲပက်လက်ဖြစ်ရတော့မှာလား။

ဦးရွှေသာ. .

သမီးလက်တွေ တဆတ်ဆတ်တုန်နေတာကိုကြည့်ပြီး သူပဲ လူသေအလောင်း၏မျက်နှာပေါ်က အုပ်ထားသည့်အဝတ်စကို ဆွဲဖွင့် လိုက်လေလျှင် . . .

"ဟင်"

ပါးစပ်ကို လက်ဝါးနှင့် ပိတ်လိုက်မိရင်း နောက်သို့ဆုတ်ကာ လေညှင်းအကြည့်က နောက်ထရော်လီပေါ်က လူဆီသို့ရောက်သွား၏။

"စိုင်း"

သဲကြီးမဲကြီးငိုကြွေးနေသော ဒေါ်မင်းမင်းသွယ်တို့ လင်မယား ရှေ့ကဖြတ်ပြီး လေညှင်းပြေးသွားသည်က စိုင်းဆီကို။ စိုင်းလက်ကို ခပ် တင်းတင်းဆုပ်လိုက်ပြီး

"စိုင်းရယ်"

"သမီး"

"ဖေဖေ. . စိုင်း စိုင်းမသေဘူး ဖေဖေရဲ့"

ဦးရွှေသာ စိတ်မကောင်းစွာနှင့် ကိုသူရတို့လင်မယားကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်ပါ။

ဘယ်ကြိုးကပဲ ဘယ်နေရာကိုရွှေ့ချည်ချည်ရပေမယ့် သံယောဇဉ်နှင့်လွန်းတင်ထားတဲ့ ကြိုးတစ်ချောင်းက အချည်မှားခဲ့ရင်ဖြင့် ...

ပေးဆပ်ရသည်က ဘဝတစ်ခု။

အချစ်ကိုသော့ကစားရင်း အချစ်ကပြန်ပြီး လှည့်စားခြင်းခံလိုက်ရတဲ့ ဇာတ်ဘဝအဆုံးသတ်ခြင်းသည် မလှမပ။

ဇာအဖြစ်ကိုကြည့်၍..

အချစ်စစ် အချစ်မှန်ကို သိရှိနားလည်နိုင်ကြပါစေ။

◆◆◆

ရွှေပဒေသာ စာပေ

BURMESE CLASSIC
www.burmeseclassic.com